
www.burmeseclassic.com
ရွှေပုဒေသာစာပေ
BURMESE CLASSIC
မိုးစက်ပွင့်
အသည်းခွဲနက္ခတ်
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | – ပထမအကြိမ်၊ ၂၀၁၇၊ မေလ။ |
| ထုတ်ဝေသူ | – ဦးအေးလွင် (၀၀၄၀၅) ရွှေပဒေသာစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – ဦးအေးလွင် (၀၀၂၄၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် ၃၃၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | – ၁၆၀၀ ကျပ် |
| အုပ်ရေ | – ၅၀၀ အုပ် |

၈၉၅.၈၃

မိုးစက်ပွင့်

အသည်းခွဲနက္ခတ်/ မိုးစက်ပွင့် – ရန်ကုန်၊

ရွှေပဒေသာစာပေ၊ ၂၀၁၇။

၂၉၆ – စာ ၊ ၁၂.၃ × ၁၈ စင်တီ။

အသည်းခွဲနက္ခတ်


# မိုးစက်ပွင့်

# အသည်းခွဲနက္ခတ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ကိုယ် ကတိကို လွယ်လွယ်နဲ့မပေးတတ်ဘူး နွေရိပ်။ လူတစ်ယောက်ရဲ့အကျင့်စရိုက်တွေကို ပြုပြင်ပြောင်းလဲဖို့ဆိုတာ အတော်ခက်ခဲပါတယ်။ အချိန်တော့ ယူရမှာပေါ့။ ဒါပေမဲ့ ကိုယ်ပြုပြင်ပြောင်းလဲမှာပါ။ အတိတ်က အရိပ်ဆိုးတွေကို တတ်နိုင်သလောက် ခေးကြောရဦးမှာပေါ့။

လနကျွတ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဘယ်အရာမဆို လက်တွေ့ကျချင်တဲ့ နွေရိပ်ကို ချစ်လားလို့ မမေးပါနဲ့ နကွာတ်။ တစ်နေ့နေ့ နကွာတ် သိလာပါလိမ့်မယ်။

**နွေရိပ်ထင်**

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# အခန်း (၁)

နကွတ် ကန်ရေပြင်ဘက်ကို မျက်နှာမူပြီး ကေရီကို ကျော နိုင်းကာ ရပ်နေလေသည်။ အင်းလျားကန်၊ ကန်တော်ကြီး၊ ပြည်သူ့ ရင်ပြင်နှင့် အခြားချစ်သူရည်းစားတွေ ကျင်လည်ကျက်စားရာ နေရာ မှန်သမျှ သူ မရောက်ဖူးတာ မရှိသလောက်ပါ။ မိန်းကလေးဘက်က ချိန်းတဲ့နေရာကို ကိုယ်က သွားတွေ့ရတာပဲလေ။

ဒါ သူ့အလုပ်ပါပဲ။

အခုရောက်နေတဲ့နေရာက ကန်တော်ကြီး။ မျှော်စင်ကျွန်း ဘက်မှာပါ။

"ကို"



www.burmeseclassic.com

www.burmeseclassic.com



"－－－－－"

"ကို ကေရီကို ပြောစရာရှိတယ်ဆို။ ဘာပြောမှာလဲ ဟင်။ အခုထိ ဘာမှလည်း မပြောသေးဘူး။ ကို ဘာဖြစ်နေတာလဲ"

ကေရီက သူ့နောက်ကျောဘက်မှာ ရပ်နေရင်းမှ မေးလေသည်။

"ကိုယ်တို့ လမ်းခွဲလိုက်ကြရအောင် ကေရီ"

"ဟင်"

ပြောပြီး သောက်လက်စ စီးကရက်ကို ရှေ့တည့်တည့်သို့ တောက်ထုတ်ပစ်လိုက်သည်။ လမ်းခွဲမယ်ဆိုတဲ့စကားက သူ့လျှာဖျား မှာတော့ သကာလူးထားသလိုပါ။ တစ်ဖက်လူမှာတော့ တုန်လှုပ် ချောက်ချားစွာနေ့င့်သာ။

"ကို ကို ဘာပြောလိုက်တယ်။ ကေရီနဲ့ လမ်းခွဲမယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ကိုယ် မြန်မာလို ပြောနေတာ နားမလည် ဘူးလား။ နားမလည်ရင် ထပ်ပြောမယ်။ မင်းနဲ့ကိုယ့်ရဲ့ ရည်းစား သက်တမ်း ဒီနေ့ပဲ ကုန်ဆုံးသွားပြီ"

ကေရီ ခေါင်းတခါခါ ဖြစ်သွားလေတော့သည်။ ဒီစကားကို ပြောတာ 'ကို' မှ ဟုတ်ရဲ့လား။ သူမ နားကြားများမှားသလား။





အိပ်မက်များ မက်နေသလားပေါ့။ ကေရီကို အရမ်းချစ်တယ်ဆိုတဲ့ ကိုက အခု လမ်းခွဲဖို့ပြောလာတာ ဆိုင်းမဆင့် ဘုံမဆင့်ပါ။

ကေရီ –

သူ့ မကြိုက်တာ ဘာများလုပ်မိလို့လဲ။ တစ်ယောက်နဲ့တစ် ယောက် စိတ်စနောင့်စနင်းဖြစ်စရာလည်း မရှိဘဲနဲ့ ခုလိုပြောတာ။

"မနောက်ပါနဲ့ ကိုရယ်။ ကေရီကို အခြားနည်းနဲ့ နောက်ချင် နောက်ပါ။ ဒီနောက်နည်းမျိုးနဲ့တော့ မနောက်ပါနဲ့။ ကေရီ မခံစားနိုင် လို့ပါ"

"ကိုယ်နောက်နေတာ မဟုတ်ဘူး ကေရီ။ အတည်ပြောနေ တာ။ နောက်ရအောင် မင်းနဲ့ငါက သူငယ်ချင်းမှမဟုတ်တာ"

"ကို"

"－－－－－"

"ကို တကယ်ပြောနေတာလားဟင်"

သူ လျှင်မြန်စွာပဲ ခေါင်းညိတ်လိုက်လေလျှင် –

"ဘာဖြစ်လို့လဲ ကို။ ကေရီ ကိုယ်မကြိုက်တာ ဘာလုပ်မိလို့ လဲဟင်။ ကို မကြိုက်တာရှိရင်ပြောပါ။ ကေရီ ပြုပြင်ပါ့မယ် ကို"

"မလိုဘူး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ လမ်းခွဲဖို့ ကြားမှာ ဘာအကြောင်းပြချက်မှ မရှိဘူး ကေရီ၊ ငါ့အတွက် အလုပ်ကိစ္စတစ်ခု အောင်မြင်ပြီးဆုံးသွားခြင်းပဲ"

သူ့စကားတွေကပဲ မြင့်လွန်းတာလား၊ ကိုယ်ကပဲ ဉာဏ်ရည်မမီတာလား။ ကို ပြောတဲ့စကားတွေကို ကေရီ နားမလည်ပေ။ အလုပ်ကိစ္စဆိုတာ ဘာလဲ။ သူ့အလုပ်ကိစ္စနဲ့ နှလုံးသားရေး ဘာမှ မသက်ဆိုင်ပေ။

"ကိုပြောတာကို ကေရီ နားမလည်ဘူး ကို၊ ကေရီ နားလည်အောင် ရှင်းရှင်းပဲပြောပါ။ ကို ကေရီနဲ့ ဘာလို့ လမ်းခွဲမှာလဲ။ ကိုပဲ ကေရီကို ချစ်တယ်ဆို"

သူ လွန်ခနဲ ပြုံးလိုက်မိပြီး –

"မင်း တော်တော် အ,သေးတာပဲ ကေရီ၊ ချစ်တယ်ဆိုတဲ့ စကားလုံးက တစ်လုံးပြောရင် ဘယ်လောက်လို့ တန်ဖိုးသတ်မှတ်ပြီး ဝယ်ယူ သုံးစွဲနေရတာမှ မဟုတ်တာ လေပဲ"

"ဟင်"

"ငါ့နာမည် အပြည့်အစုံက အသည်းခွဲနကွတ်၊ ငါ့အလုပ်က အသည်းခွဲတယ်၊ ဝင်ငွေကတော့ မိန်းကလေးဘက်က ငါ့အပေါ် အကြွေးမြန်တာ မမြန်တာနဲ့ ဆိုင်တယ်။ ဈေးကတော့ အစားစားပဲ။





မင်းက ဈေးအနိမ့်ထဲကပါ။ ဒါကြောင့် မြန်မြန်ဖာတ်သိမ်းလိုက်တာ။ ဈေးမြင့်တဲ့လူကို ငါ လက်ခံရဦးမှာ"

"ဒါဆို ရှင်က"

ကေရီ စကားမဆက်နိုင်အောင်ပဲ ရင်ထဲမှာ နစ်ကျုပ်ခဲ့သွားလေသည်။ ကေရီ သိထားတဲ့ သူ့နာမည်က လနကွတ်။ အခုတော့ အသည်းခွဲနကွတ်ဆိုပါလား။ သူပြောတာတွေက တကယ်လား။ မယုံချင်ပေမယ့် အခုပဲ ကိုယ်က လက်တွေ့အသည်းကွဲရတော့မှာလား မသိပါဘူး။

"မင်း ငါ့အကြောင်း စုံစမ်းကြည့်လိုက်ပါ၊ နှုတ်ဆက်ပါတယ်"

"ကိုနကွတ်"

သူ ထွက်သွားမယ်လုပ်တော့ ကေရီ သူ့လက်မောင်းကို ဆွဲထားလိုက်သည်။

"ရှင်က တကယ်ပဲ အဲဒီလိုလူစားလား"

"အတိအကျပေါ့"

ကေရီ ဘယ်လိုမှ ထင်မှတ်မထားခဲ့တာမို့ ရှက်လည်းရှက်၊ ရင်လည်းနာပါ။ ကေရီဆိုတာ ယောကျ်ားတိုင်းကို အရေးစိုက်တတ်တဲ့ သူမှ မဟုတ်တာ။ ဖျားပိတုန်းတွေ ဝိုင်းနေပေမယ့် ဘယ်သူ့ကိုမှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဝင်စားပေ။ ကိုယ့်အထာ ကိုယ့်မာနနဲ့ကိုယ်နေတာ။

သူနဲ့ကျမှ –

နူးညံ့ပျော့ပျောင်းပြီး ချစ်မိသွားတဲ့ နှလုံးသား။ ကေရီ သူ့ကို အရှုံးချစ်ခဲ့တာပါ။ ဒါကြောင့် သူ့သဘော သူ့ဆန္ဒအတိုင်းလည်း နေပေးခဲ့ပါတယ်။

ခုတော့ –

"ကောင်းပြီလေ၊ ရှင်က အဲဒီလိုလူစားဆိုတော့လည်း ကျွန်မ စောစောစီးစီး သိခွင့်ရတာ ကံကောင်းတယ်လို့ မှတ်ပါတယ်။ ဒါပေမဲ့ ရှင်မှတ်ထားလိုက် ကိုနက္ခတ် . . . ကျွန်မမှာ မာနရှိတယ်။ ရှင် အသည်းခွဲလို့ ကျွန်မက အသည်းကွဲပြီး မအိပ်နိုင် မစားနိုင်နဲ့ လွမ်းဆွေးသောက ရောက်နေမယ့် မိန်းမမျိုးမဟုတ်ဘူး"

ပြောတာပါပဲ။ မခံချင်စိတ်နဲ့ စကားကို အနိုင်ပြောပေမယ့် သူမ ရင်ထဲမှာ ကိုယ် ဘယ်လောက်နေရာယူနိုင်ခဲ့လဲဆိုတာ သူမရဲ့ ဂရုစိုက်မှုတွေက သက်သေပဲပေါ့။ နက္ခတ်လိုချင်သမျှ ဖြည့်ဆည်းပေးပြီး နက္ခတ်ဖြစ်ချင်သမျှ ဖြစ်စေခဲ့တာ။ တော်ရုံ ဟေးလား ဝါးလား အချစ်မျိုးနဲ့ လုပ်ပေးမှာတဲ့လား။

အတိမ်အနက်ကို –

နက္ခတ်သိနေတာမို့ လုံလောက်ပြီဆိုပြီး ဖြတ်လိုက်တာပဲလေ။





အဲဒီအတွက် ကိုယ်က တန်ရာတန်ကြေးရပြီးသားပါ။ သူ့အလုပ်ကိုက မိန်းကလေးတစ်ယောက်ရဲ့မာနကို ချိုးနိုင်မှ အသည်းခွဲနိုင်မှ ပိုက်ဆံရမည့်အလုပ်။ အသည်းခွဲသည်လို့ ဆိုင်းဘုတ်ချိတ်စရာမလိုတဲ့ အလုပ် အပ်သူက ကိုယ့်ဆီကို အလိုလိုရောက်လာကြတာပဲ မဟုတ်လား။

"ဒီမှာ ကိုနက္ခတ်"

"– – – – –"

"အသည်းခွဲရတာ ရှင့်အလုပ်ဆိုရင် ရှင်လည်း ဆုတောင်းပေါ့။ ဝဋ်မလည်ပါစေနဲ့လို့"

"အဟွန်း"

"ရှင် ဒီလိုအသည်းခွဲခဲ့တာ ဘယ်နှစ်ယောက်ရှိပြီလဲ"

"ငါ့ခေါင်းထဲမှာ ဘယ်သူ့ကိုမှ မထည့်တဲ့အတွက် မှတ်မထားမိဘူး"

ကေရီ နှုတ်ခမ်းကိုမဲ့ပစ်လိုက်ပြီး နက္ခတ်နဲ့ မျက်နှာချင်းဆိုင်မှာ ရပ်လိုက်သည်။ ပြီးတော့ နက္ခတ်မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး

"ကေရီကတော့ ရှင် ကေရီကို မှတ်မိနေအောင် လက်ဆောင်တစ်ခု ပေးခဲ့ပါရစေ"

နက္ခတ် မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေသည်။

"အဲဒီလက်ဆောင်က ဘာလဲဆိုရင်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

နကွတ် ပါးတစ်ဖက် ပူသွားလေတော့၏။

"ဖြန်း"

နောက်ထပ်ပါးတစ်ဖက် ပူသွားပြီး ပြန်ကြည့်လိုက်တော့ ကေရီက သူ့ရှေ့မှ ပြေးထွက်သွားလေပြီ။

ကေရီ –

သူ မမြင်နိုင်တဲ့အရပ်ကိုရောက်မှ ချုံးပွဲချ၍ ငိုကြွေးမိတော့သည်။ သူ့အချစ်ကို ယုံပြီး ဘဝကို ပုံမပေးမိတာ ကေရီကံကောင်းသွားတာပေါ့။

နကွတ်

အသည်းခွဲနကွတ်တဲ့လား။ ကေရီ သူ့ကို တကယ်ချစ်ခဲ့မိတာပါ။ ကိုယ့်အသက်နဲ့ထပ်တူ ချစ်တယ်လို့တောင် ပြောလို့ရသည့်အထိ ချစ်ခဲ့တာလေ။ အခု ကိုယ်အလှည့်စားခံလိုက်ရတာ သိလိုက်ရတော့ မာနက အညှိမခံ။ စကားနဲ့အနိုင်ယူခဲ့မိပေမယ့် ရင်ထဲမှာတော့ တဆစ်ဆစ် နာကျင်ခြင်းများနှင့်ပေါ့။

နကွတ်ကတော့ –

ပါးကိုပွတ်ဖို့ထက် ဖုန်းစခရင်နိုကိုသာ ပွတ်၍ နံပါတ်တစ်ခုကို ခေါ်လိုက်ကာ –





"ကိုမောင်မောင်"

"––––––"

"ကျွန်တော့်တာဝန် ပြီးဆုံးသွားပြီ။ အခုပဲ ဖြတ်လိုက်တယ်။ ဘယ်လောက်အထိနာတယ် မနာဘူးဆိုတာတော့ ခင်ဗျား စုံစမ်းကြည့်ပေါ့ဗျာ"

"––––"

"အဟား ... အပိုဆုချရင် ကောင်းတာပေါ့ဗျာ။ ဘယ်လောက်ဆုချမှာလဲ"

"––––––"

"ခင်ဗျား သဒ္ဓါသလောက်ပေါ့ဗျာ။ တန်ရာတန်ကြေးက ယူပြီးပြီပဲဟာ။ အလုပ်အပ်တဲ့ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

"–––––––"

"ဗျာ ... နောက်တစ်ယောက် ဟုတ်လား။ ဟာ လက်ခံမှာပေါ့ဗျာ။ ကျွန်တော့်နာမည် အသည်းခွဲနကွတ်"

နာမည်ကိုကျတော့ ခပ်ပေါ့ပေါ့ မရွတ်ချင်ဘဲ နကွတ် လေးနက်အောင် တစ်ခွန်းချင်း ခေါ်ပြလိုက်သည်။

"––––––"

"Ok Ok ဒါဆို မနက်ဖြန် ကျွန်တော် ဘယ်ကိုလာရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"------"

"Ok ဒါပဲနော်"

ဖုန်းချပြီး နက္ခတ် ကျေနပ်စွာနှင့် ပြုံးလိုက်မိသည်။ နာမည်က အသည်းခွဲနက္ခတ်။ အလုပ်က အသည်းခွဲသည်။ ဒီအလုပ်က သူ့အတွက် အသက်မွေးဝမ်းကြောင်းအလုပ်လို့ ပြောလို့ရသည်သာ။

❑❑❑



## အခန်း (၂)

"ရော့ သုံးသိန်း။ ဒါ မင်းအတွက် အပိုဆု။ မင်း သိပ်တော်တယ် အသည်းခွဲနက္ခတ်။ မင်းနာမည်ရဲ့ဂုဏ်ပုဒ်ကို မင်း အခုထိ ထိန်းနိုင်တာ မချီးကျူးဘဲ မနေနိုင်တော့ဘူးကွာ"

နက္ခတ် အပိုဆုဆိုတဲ့ ငွေသုံးသိန်းကို ခပ်စူးစူးကြည့်ပြီး ပြုံးလိုက်မိသည်။ ဒီအလုပ်က ငွေရေးကြေးရေး အရင်းအနှီးမရှိဘဲ အမြတ်အစွန်းတွေ အသားတင်ကျန်ခဲ့တဲ့အလုပ်လေ။ ကောင်မလေးတွေနဲ့တွေ့တော့လည်း ကိုယ်က သိပ်ပြီးငွေကုန်ခံသူမဟုတ်ပေ။

အစပိုင်းမှာ ကိုယ်ကအကုန်ခံရရင်တောင် ရည်းစားဖြစ်သွားပြီဆိုတာနဲ့ သူတို့ပဲ အကုန်ခံ၊ သူတို့ပဲ လက်ဆောင်တွေ ဝယ်ပေးတာက



www.burmeseclassic.com

www.burmeseclassic.com



များပါသည်။'

"အပိုဆုဆိုတော့ ဆောင်ဦးလှိုင်ဆိုတဲ့ သီချင်းပေါ့"

နက္ခတ် နောက်တောက်တောက် ပြောပြီး ရယ်လိုက်မိသည်။

"ကေရီကိုလိုက်တဲ့အချိန်မှာ မင်းအတွက် အခက်အခဲတော့ ရှိခဲ့မှာပေါ့။ အဲဒါတော့ မင်းဝန်ခံရမယ်။ အဲဒီမိန်းမ သိပ်မာနကြီးတာကွ။ သူကိုစွဲလန်းမိတဲ့ ငါလည်း ဘဝမပျက်ရုံတမယ်နဲ့ အခုထိ ခံစားနေရတုန်းပဲ"

"ဝန်ခံပါတယ်။ အစပိုင်းမှာတော့ သူ့ကို ချဉ်းကပ်ရတာ မလွယ်ဘူးဗျ။ ကျွန်တော်လည်း ဒီလိုပဲ ဉာဏ်နီဉာဏ်နက်၊ ဉာဏ်ပြာဉာဏ်ဝါ အကုန်ထုတ်သုံးရတာပေါ့ဗျာ"

နက္ခတ်က အောင်ပွဲခံသူမို့ ဂုဏ်ယူဝံ့ကြွားဟန်နဲ့ ပြောလေသည်။ တစ်ဖက်သား ဘယ်လိုခံစားရမလဲ သူမသိ။ ဘယ်လောက်လောင်ကျွမ်းသွားလည်း သူနားမလည်။ သူ့အလုပ်အောင်မြင်သွားရင် ပြေရတာပဲ၊ သူ့ သဘောကျ နှစ်သက်သည်လေ။

"ကဲ . . . ပြီးခဲ့တာကို ထားလိုက်ပါတော့"

ပြောပြီး ကိုမောင်မောင်က သူနှင့်အတူပါလာသူကို လှည့်ကြည့်ကာ –

"ကိုဇေလတ်"





"ဗျာ"

"ခင်ဗျားတွေ့ချင်တဲ့ အသည်းခွဲနက္ခတ်က သူပဲ။ ခင်ဗျား အလုပ်အပ်မယ်ဆိုတာ သူနဲ့ပြောပေတော့ဗျာ"

ကိုဇေလတ်ဆိုသူက ခေါင်းညိတ်လိုက်ကာ –

"အစ်ကိုအပ်မယ့်အလုပ်ကတော့ ကြေးများတယ် နက္ခတ်။ မိန်းကလေးရဲ့နာမည်က မြသဉ္ဇာနွယ်တဲ့။ သူက အရမ်းမာနကြီးတယ်။ မာနကြီးရလောက်အောင်လည်း ထက်မြက်တဲ့ မိန်းမပေါ့ကွာ။ ယောကျ်ားတွေကို အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ရင်းနှီးဆက်ဆံတာ ရှိတယ်။ အခြားအကြောင်းနဲ့ ပတ်သက်လာရင် ပက်ပက်စက်စက် ပြောတာ။ အခု ငါလည်း ပက်ပက်စက်စက်ကြီးကို အပြောခံလိုက်ရတာ"

"အဲဒီတော့"

"အဲဒီတော့ ငါ သူ့ကို နာကြည်းတာ၊ သူ့ဘဝပျက်သွားတာကို မြင်ချင်တယ်၊ သူ့ဘဝ အညွန့်ကျိုးသွားတာကို ငါမြင်ချင်တယ်ကွာ"

"Ok သူ့ပုံပန်းသဏ္ဍာန်နဲ့ သူ့စရိုက်ကိုသာ ပြောပြ၊ ရှင့်"

ကိုဇေလတ်က အတက်ချိုချိုကော့စ်ရဲ့ သေတ္တာခလုတ်ကို နှိပ်၍ ဆွဲဖွင့်ကာ ဓာတ်ပုံသုံးပုံကို ထုတ်ယူပြီး နက္ခတ်ဆီသို့ ကမ်းပေးကာ

"ဒါ မြသဉ္ဇာနွယ်ရဲ့ ဓာတ်ပုံတွေပဲ နက္ခတ်။ သူက သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် ထက်မြက်သလို သူများကိုလည်း သွက်လက်ဖျတ်လတ်နေမှ သဘောကျတာ။ သူ အကြိုက်ဆုံးအရောင်က အနက်ရောင်။ သူ့ကို ဘယ်တော့မှ ပန်းသွားမပေးမိစေနဲ့။ သူက ပန်းမပန်တတ်ဘူးကွ။ ဘယ်ပန်းကိုမှ မပန်တာ"

"ဪ"

"သူက မားကက်တစ်ခု ထောင်ထားတယ်။ မားကက်က"

ကိုဇေလတ်က မားကက်နာမည်ကိုပြောပြပြီး –

"ဘိုးဘွားပိုင်အမွေတွေနဲ့ သူက အရမ်းချမ်းသာတာကွ။ သူကိုယ်တိုင်လည်း ကြိုးစားတယ်။ အဲဒါကြောင့် တော်ရုံလူကို အထင်မကြီးတာပေါ့။ မားကက်က ရှယ်ယာဝင်တွေကလည်း သူ ဦးဆောင်ရာနောက်မှာ ပုတ်သင်ညိုလုပ်တဲ့သူတွေချည်းပဲ"

"ဟား . . . ခင်ဗျားကလည်း ပြောနေလိုက်တာ။ ကျွန်တော့်ကို အသံကြားရုံနဲ့ အရှိန်နဲ့ဖျားအောင် လုပ်နေသလိုပဲ။ မဖျားပါဘူးဗျာ။ သူ့ဘာသာသူ ဘာတွေ ဘယ်လောက်ထက်ထက် နှလုံးသားရေးနဲ့ ပတ်သက်လာရင်တော့ အသည်းခွဲနက္ခတ်လေ။ ကျွန်တော်နဲ့တွေ့ရင် ကျားကာနေ ကြောင်လို လက်သည်းဖုက်တတ်သွားစေရမယ် . . . ဟား ဟား ဟား"

မိန်းကလေးကိစ္စနဲ့ပတ်သက်လာရင် နက္ခတ်က အဲဒီလို ကိုယ့်





ကိုယ်ကိုယ် ယုံကြည်မှုရှိသူပါ။ အာမခံရသည်။ ရဲလောက်အောင်လည်း သူက ရုပ်ချောပြီး အပြောကြွယ်သူ။ အသားက ဖြူဖွေးဖွေးမဟုတ်ပါပဲ အဝါရောင်နှောသည့် ဝါညက်ညက်နှင့် ယောကျ်ားချင်း မနာလိုစရာကောင်းလောက်အောင် ချောမောသူပါ။

ဒါ သူ့ရဲ့ပါရမီကံပါပဲ။

အချို့က ကိုရီးယားမင်းသားလေးတဲ့။ တင်စားကြတာလေ။ အရပ်က ငါးပေနဲ့ခုနစ်လက်မ။ ဘော်ဒီကဖြောင့်၊ နှုတ်ခမ်းသားလေးတွေ နီထွေးထွေးနှင့် မိန်းကလေးတွေအကြိုက် မိန်းမချော ချောသူပါ။ အပြောကလည်း ကြွယ်သည်လေ။ ဖြတ်ထိုးဉာဏ်လည်း ကောင်းသူ။

ဒီလိုလူမျိုးရဲ့ မိသားစုဘဝ မလှပတာကျတော့ ဘယ်သူမှ မသိနိုင် မမြင်နိုင်ခဲ့ကြပါဘူး။

"မင်းကို ငါက အသံကြားရုံနဲ့ ဖျားအောင် တမင်ပြောနေတာ မဟုတ်ဘူး နက္ခတ်၊ ချဉ်းကပ်ရမှာမလွယ်လို့ သိအောင်ပြောပြတာပါ"

"ဟုတ်ပါပြီ ကြေးကတော့ ကိုမောင်မောင်ပြောထားပြီးရောပေါ့"

"သိပြီးပါပြီ၊ မြသဇာနွယ်ကို ချဉ်းကပ်ဖို့က ခက်ခဲတော့ သူများထက် ငါပိုပေးမယ်။ ဘာဖြစ်လို့လဲဆိုတော့ အချိန်တွေ ကြာနိုင်တယ်။ သူကလည်းတော့ မင်း နောက်တစ်ယောက် အလုပ်အပ်သူရှိရင်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလို့ရမှာ မဟုတ်ဘူး။ လေ့နှံနှစ်ဖက်နင်းလို့မရမှာ။ အဆင်ပြေရင် သူက မင်းနဲ့ပတ်သက်ပြီး အမြဲတမ်း မျက်စိကို ဖွင့် နားကိုစွင့်နေမယ့် မိန်းမမျိုးကွ"

"စိတ်ချပါ၊ ကျွန်တော်ဖြုံ အာမခံတယ်။ ခြောက်လထက် အချိန်မပိုစေရဘူး"

"ဟုတ်တယ် ကိုဇေလတ်။ အဲဒါကိုတော့ ယုံကြည်လိုက်။ အသည်းခွဲနက္ခတ်ကို ကျွန်တော်ကတော့ ယုံကြည်တယ်ဗျာ"

ကိုမောင်မောင်နဲ့ ကိုဇေလတ် ကျေနပ်သောအပြုံးတွေနှင့်ပါ။ သူတို့က အသည်းကွဲခဲ့ဖူးသူတွေဖြစ်ပြီး နက္ခတ်က အသည်းခွဲကြမ်းသူ။ ဒီတော့ အခြေအနေတစ်ခုကြောင့် အလုပ်အပ်သူနှင့် အလုပ်လက်ခံသူ ဖြစ်သွားကြသည်သာပေါ့။

နက္ခတ် –

ဓာတ်ပုံတွေကို ကြည့်လိုက်သည်။ မြသဇာနွယ်တဲ့။ မျက်လုံးတွေကိုက မာနရောင်တောက်နေတာ။ ဆံပင်ကို အပြောင်သိမ်းထားလို့ လူကြီးဆန်တယ်ထင်ရပေမယ့် ခေတ်မီတဲ့ ဝတ်စားဆင်ယင်မှုကြောင့် သူမအလှက ရဲရဲတောက်နေသည်သာ။ ဘယ်လောက်ပဲ သူမ ထက်မြက်ပါစေ။

နှလုံးသားရေးနဲ့ပတ်သက်ပြီး နက္ခတ်က မာယာကျွမ်းသူမို့





သူမက သားကောင်ဖြစ်ပေဦးတော့။

"နက္ခတ်"

"––––––"

"ရော့ ဒီမှာ၊ စရန်ငွေ သိန်းနှစ်ဆယ်။ ကျန်တာတော့ မင်းရဲ့ အဆင်ပြေမှု မပြေမှုအပေါ် မူတည်ပြီးမှ ထပ်ယူပေါ့"

"Ok ကျေးဇူးပါဗျာ"

"မင်း အမြန်ဆုံး အောင်မြင်ပါစေလို့ တို့ ဆုတောင်းပေးပါတယ် နက္ခတ်"

နက္ခတ် မျက်နှာကို ဖုံးနေတဲ့ ဆံပင်တွေကို ဖွဖွနဲ့ မှုတ်လိုက်ပြီး ရယ်လေသည်။ ပြီး ပိုက်ဆံတွေကိုယူပြီး ကျောပိုးအိတ်ထဲသို့ ထည့်လိုက်ရင်း –

"အချိန်ခြောက်လထက်ကျော်ရင် ခင်ဗျားပေးတာထက် ကျွန်တော် နှစ်ဆပြန်လျော်မယ်"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကျောပိုးအိတ်ထဲမှာ ပိုက်ဆံ နှစ်ဆယ့်သုံးသိန်းပါလာသည်မို့ နက္ခတ် အိမ်ကိုပြန်လာတာ လေချွန်တမြမြနှင့်ပါ။ သူ့အတွက် ငွေရှာရတာ မခက်တော့ပါဘူး။ အရင်တုန်းကတော့ ကိုယ့်ပညာရေးအတွက်၊ ညီလေးအတွက်ဆေးဖိုး။ ဖေဖေကလည်း အလုပ်မလုပ်၊ အရက်ပဲ သောက်နေတာမို့ ရှိတာတွေ တက်တက်ပြောင်ခဲ့ရသည့်ဘဝပါ။

မေမေဆိုတာ မရှိကတည်းက –

ဖေဖေလည်း အရက်သမားလုံးလုံးဖြစ်ပြီး ဘဝပျက်ခဲ့ရတာလေ။ ဒါပေမဲ့ သားတွေအပေါ်မှာတော့ဖခင်ပီသခဲ့သူပါ။ ဘယ်လောက်ပဲ မူးနေနေ သားတွေကိုတော့ သူများစေ့စေ့ကြည့်တာပင် မခံချင်သူ။





နောက်တော့ ဖေဖေလည်း လေဖြတ်ပြီး လေငန်းဖြစ်သွားလိုက်တာ အခုတော့ ဂီလာနတစ်ယောက်ပေါ့။

အဲဒီအချိန်မှာ –

နက္ခတ်တို့ ဘယ်လောက်ဒုက္ခရောက်ခဲ့ရသလဲ။ ဦးလေးရှိနေလို့သာ နက္ခတ်ပညာရေးဆုံးခန်းတိုင်ခဲ့တာပါ။ အခုတော့ နက္ခတ် ငွေရှာနိုင်ပြီလေ။ မတရားတာ တရားတာထား ငွေရဖို့က အဓိက။ ဖေဖေနဲ့ ညီလေးအတွက် ဆေးဖိုးဝါး၊ စားဝတ်နေရေး။ ဒါတွေ အဆင်ပြေဖို့က အဓိကပဲလေ။

"ကိုဝင်းလွင် . . . ကိုဝင်းလွင်"

"_____"

"ကိုဝင်းလွင်"

ဒေါ်မမဇော်ရဲ့အသံကျယ်ကျယ်ကြောင့် နက္ခတ် ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ ဒေါ်မမဇော်က နက္ခတ်ရဲ့ဦးလေးအငယ်ဆုံး ဦးမင်းထင်ရဲ့ဇနီးပေါ့။ ဒေါ်နဲ့မောနဲ့ ခေါ်ပုံထောက်တော့ ဘာပြဿနာ ရှာဦးမလဲလို့ နက္ခတ် ရပ်ကြည့်နေလိုက်သည်။

"ကိုဝင်းလွင်"

"ဟေ့ . . . အော်ကြီးဟစ်ကျယ်နဲ့ ဘယ်သူလဲ။ ဒါ ငါးစိမ်းတန်း မဟုတ်ဘူး။ ငါ့ကို တွေ့ချင်ဝင်လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးအသံက အာလေးလျှာလေးနှင့်ပါ။ မူးနေပြန်ပြီ ထင်ပါရဲ့။

"ရှင့်ကို တွေ့ချင်တာတော့အမှန်ပဲ။ ဒါပေမဲ့ ဒီလောက် ညစ်ပတ်၊ လူမမာစော်နံနေတဲ့ အိမ်ထဲတော့ မဝင်နိုင်ပါဘူး။ ကိုဝင်းလွင် အပြင်ခဏလောက် ထွက်ခဲ့ပါ"

"အံမယ် ... နင်က ငါ့ကို အမိန့်ပေးနေရအောင် ဘာလဲ။ တွေ့ချင်ရင် တွေ့ချင်တဲ့လူကလာ။ ငါကတော့ မလာနိုင်ဘူးဟေ့၊ မူးနေတယ်"

"ဒါဆိုလည်း ရတယ်လေ။ သားကြီးရေ သားကြီး"

ဒေါ်မမဖော် နောက်သို့လှည့်ပြီး သူ့သားကိုခေါ်ကာ –

"ငသွေးကို ဆွဲခေါ်လာခဲ့စမ်း"

"ဟုတ်ကဲ့"

"ဟင်"

ငသွေးဆိုသောကြောင့် နက္ခတ်အကြည့်က ထက်မြက်ဖော်ဆီသို့ ရောက်သွားလေသည်။ ထင်တဲ့အတိုင်းပဲ သွေး သူတို့အိမ်ဘက်ကို သွားပြန်ပြီ။ ဖော်ဖော်က သွေးကို ဆွဲခေါ်လာတာ တရွတ်သီထိုးပါ။ နက္ခတ်စိတ်ထဲမှာ တင်းခနဲဖြစ်သွားရ၏။ သွေးက ပိုလီရိုရောဂါသည်လေးပါ။ ဒါကို အတင်းဆွဲခေါ်နေတာ။





"ဟော့ကောင် လာစမ်း"

"အ အီး"

"လာလို့ ပြောနေတယ်နော်"

"အီး အီး"

ဖော်ဖော်ဆွဲခေါ်နေတော့ သွေးက အအ အီးအီးနှင့် တစ်ခုခု ပြန်ပြောနေချင်ပုံပါ။ ဒါပေမဲ့ သူမပြောနိုင်ရှာဘူးလေ။ သူ့လက်ကိုသာ တတ်အားသမျှနှင့် ရုန်းနေပုံပါပဲ။

"ဟော့ကောင် ... ငါ လုပ်လိုက်ရ သေတော့မှာပဲ"

"အ အီး"

"ဟာ"

ဖော်ဖော် သွေးကို ဆွဲခေါ်နေရာကနေ ရပ်သွားပြီး သူ့ခြေထောက်တွေကို သူ ငုံ့ကြည့်ပြီး ဘောင်းဘီကို ပေါင်ကနေ မတင်မသို လုပ်လေသည်။

"ခွေးကောင် ... ရှူးတွေပန်းချတာ ငါ့ကိုပေကုန်ပြီ။ လူကဖြင့် အသက်က ဖင်ဆောင့်ပြီးသေတော့မယ်။ အခုထိ စည်းကမ်းမရှိဘူး။ ကဲကွာ"

"အ"

"ကဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အ ဒီး"

"ဟော့ကောင် ဇော်ဇော်"

နက္ခတ် ရပ်ကြည့်မနေနိုင်တော့ပေ။ ကိုယ့်ညီလေးကို ရိုက်နေတာ ကိုယ့်အသားတွေပါ နာကျင်လာသလိုပါပဲ။

"မင်း . . . အဲဒါ ဘာလုပ်တာလဲ"

"ရိုက်နေတာလေ၊ မင်း မမြင်ဘူးလား"

"မြင်တယ်၊ ဒီလိုမသန်မစွမ်းကို မင်း ရိုက်ချင်တိုင်းရိုက်နေတာ မင်းမှာ လူစိတ် မရှိဘူးလား။ ဆွဲခေါ်လာတာကိုက ညှာတာစိတ်မရှိ၊ တိရစ္ဆာန်တစ်ကောင်ကို ဆွဲခေါ်နေသလိုပဲ"

"ဘာထူးလဲ၊ မင်းညီက တိရစ္ဆာန်နဲ့ ဘာထူးလဲကွ"

"ဟ . . . လူကလူ၊ တိရစ္ဆာန်က တိရစ္ဆာန်ဆိုတာ မင်း နားမလည်ဘူးလား။ လူနဲ့တိရစ္ဆာန်ကို မခွဲခြားတတ်ဘူးဆိုရင် မင်းလည်း တိရစ္ဆာန်ပဲ"

"ဘာကွ"

"သားကြီး"

သူတို့ဆီသို့ လျှောက်လာတဲ့ ဒေါ်မမဇော်ရဲ့ ခြေလှမ်းအကျဲကြောင့် ဝတ်ထားတဲ့ထမီသာ အသားမနိုင်ရင် ကွဲသွားလောက်တာ အသေအချာပါ။





"ဒီမှာနက္ခတ်"

"ပြော"

"နင့်ညီကို နင်တို့ထိန်းမလား။ တို့အိမ်ဘက်မလာအောင် ငါလုပ်ရမလား ပြော"

"ကို အ"

သွေး သူ့ကိုခေါ်တာ ကိုတစ်လုံးတော့ ပီပါသည်။ လိမ်ဖယ်လိမ်ဖယ်နှင့် သူ့ခါးကိုလာဖက်ပြီး မျက်ဝန်းမှာ မျက်ရည်တွေနှင့်ပါ။

"ထိန်းတော့ ထိန်းနေတာပဲဗျ။ လူကြီးတွေအလစ်မှာ ထွက်ထွက်သွားတာ၊ နေစမ်းပါဦး။ ကျွန်တော့်ညီလာတော့ အန်တီဇော်တို့အိမ်ဘက်ကမြေကြီးတွေ ပွဲထွက်သွားသလား။ ပြိုကျသွားသလား။ အိမ်ထဲကိုဝင်တာ မဟုတ်ဘဲနဲ့ အဲဒီလောက်ကြီးကျယ်မနေစမ်းပါနဲ့"

"ကြီးကျယ်ရမယ်ဟဲ့။ မြေကြီးပဲ့မပါပေမယ့် အခုပဲ သစ်ခွပန်းတွေ ခူးပြီး ခြွေလာခဲ့ပြီ။ အဲဒါကို နင် ဘယ်လိုလုပ်ပေးမလဲ ပြော"

သွေးက သူ့ခါးကို တင်းတင်းဖက်ထားပြီး ငိုပဲငိုနေတော့သည်။ သွေးအသက်က ၁၈–နှစ်။ လူပျိုဆိုပေမယ့် မသန်မစွမ်း၊ စကားက မပြောတတ်၊ ဉာဏ်မမီသူတစ်ယောက်လေ။ ကလေးလိုမို့ ဒီပန်းတွေ ဘယ်လောက်တန်ဖိုးရှိတယ် တန်ဖိုးထားရတယ်ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်နားလည်ပါ့မလဲ။

"အန်တီဇော်ပန်းက လူလောက်ပဲ တန်ကြေးရှိသလားဗျာ။ ဘယ်လောက်တန်လဲပြော။ ကျွန်တော် လျော်မယ်"

"အံမယ်"

ပြောရင်း နက္ခတ် ကျောပိုးအိတ်ဇစ်ကိုဆွဲဖွင့်လိုက်သည်။

"ဟဲ့ ... တန်ကြေးဆိုတာ တန်ဖိုးထားသူရဲ့အပေါ်မှာ မူတည်တာ။ ငါ့အတွက်က တန်ဖိုးဖြတ်လို့မရဘူး နားလည်လား"

"နားမလည်ဘူးဗျာ။ ရော့ ... လျော်ကြေး။ ခင်ဗျားပါးစပ်ကို ပိတ်တော့"

နက္ခတ် တစ်သိန်းအုပ်နှင့် ဒေါ်မမဇော်ရင်ဘတ်ကို ပစ်ပေါက်ပြီး သွေးလက်ကိုဆွဲကာ ထွက်လာခဲ့တော့ –

"ဟာ ... ဒီကောင် တောက်"

"ကြည့်စမ်း ... မိုက်ရိုင်းလိုက်တာ"

ဒေါ်မမဇော်နဲ့ ထက်မြက်ဇော် ဒေါသဖြစ်၍ ကျန်ခဲ့တော့သည်။ ဒေါသဖြစ်ပေမယ့် နက္ခတ်ကိုကျတော့ ကိုယ်ထိလက်ရောက်ဘာမှမလုပ်ရဲကြပေ။ မလုပ်ရဲဆို နက္ခတ်က မဟုတ်မခံ။ သူချရင် ကိုယ်ပြန်စော်တတ်တာလေ။ ဒါကြောင့် ... ရွံကြောက်ဖြစ်နေကြတာ။





ဖြသနာမရှာဘဲလည်း မနေနိုင်ကြတာ။

နက္ခတ်တို့မိသားစုကို ဒီခြံထဲကနေ အမြန်ဆုံးထွက်သွားစေချင်ကြတာပါ။ ဒေါ်မမဇော်ရဲ့ယောက်ျားက နက္ခတ်တို့ဦးလေးနဲ့ဆိုတော့ မကောင်းရာမကောင်းကြောင်းနဲ့ ကိုယ့်ခြံထဲမှာပဲ သူတို့ဦးလေးက အိမ်ဆောက်ပေးထားတာလေ။ ပျဉ်ထောင်အိမ်လေးပေါ့။

ဒါကို မကြည်ဖြူပေမယ့် –

ယောက်ျားကိုမပြတ်နိုင်တော့ မကြည့်ချင်မြင်လျက်သား ဖြစ်နေရတာပါ။

"လူကြီးကို လူကြီးမှန်းမသိ စော်ကားသွားလိုက်တာ။ မိမဆုံးမ ဖမဆုံးမသား။ ဒီလောက်မိုက်ရိုင်းတာ ဘယ်တော့ သူများသတ်ပစ်တယ်ကြားရမလဲ မသိဘူး"

"ကဲပါ မေမေရယ် ... ကျိန်မနေနဲ့တော့။ သူ့ကိုဆုံးမခွင့်ရှိတဲ့သူတွေက သူ့ထက်ဆိုးနေတာ ဘယ်လိုလုပ်မလဲ။ ဖက်ပြောနေရင် ကိုယ်တွေပါ သိက္ခာကျတယ်။ ပြောမနေနဲ့တော့"

ထိုစကားသံတွေကို ကြားနေရပေမယ့် နက္ခတ် လှည့်မကြည့်တော့ပေ။

ကိုယ်ကလည်း လေကုန်ခံပြီး သူတို့နဲ့ စကားကို မပြောချင်တာ။ တည့်တည့်တိုးနေလို့သာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး"

နက္ခတ် အိမ်ပေါ်ကိုတက်သွားတော့ ဖေဖေက အိပ်ရာထဲမှာ အိပ်ပျော်နေပြီး ဦးလေးက သစ်သားကုလားထိုင်ကို မှီ၍ ငုတ်တုတ် အိပ်ငိုက်နေသည့်ဟန်။

"ဦးလေး"

"အ အ အီ"

"ဟာ ဘာလဲကွာ၊ ဘယ်သူလဲ"

သွေးက စောင်မည်း နရွဲနဲ့ သွားပြီး ဦးလေးကိုယ်ကြီးကို ဆွဲလှုပ်လေမှ ဦးလေး မျက်လုံးဖွင့်ပြီး ပွတ်သပ်ကြည့်ကာ –

"အင် ... ဟင် နက္ခတ် ပြန်လာပြီလား"

"ပြန်လာပြီ"

နက္ခတ် ဂျာကင်ကို ချွတ်ရင်း ခပ်ဆောင့်ဆောင့်အသံနှင့်ပဲ ပြောလိုက်သည်။ ဟိုဘက်က ဒေါ်သ ဒီဘက်ကို ကူးစက်ပြီး ပါလာ တယ်ပဲပြောပါတော့။

"ဦးလေးနော် တစ်ခါတလေ သောက်တာမို့လို့ ပြောတော့ မပြောချင်ဘူး။ ဒါပေမဲ့ သွေးကိုတော့ ကြည့်မှပေါ့ဗျ။ အခု ဟိုဘက် သွားလို့ အရိုက်ခံလိုက်ရပြီ"

"ဟေ ဟုတ်လား"





"အခုမှ ဟေ လုပ်မနေနဲ့။ ဟုတ်တယ်၊ ဒေါ်မမဇော်နဲ့ ကျွန်တော့် အခုပဲ ပြဿနာတက်လာတာ"

"ဟိုက်"

ဦးဝင်းလွင် သူနမှုးသူ ရိုက်လေတော့သည်။ ဟုတ်သားပဲ၊ သူ သွေးကို မေ့သွားတာ ရယ်လို့ပေါ့။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နက္ခတ် မားကက်ထဲမှာ တလည်လည်နှင့် ဟိုကြည့် ဒီကြည့်က အခုထိ ကြည့်တုန်းပါပဲ။ ဘာမှ မဝယ်ဖြစ်သေးပေ။ သူ လျှောက်ကြည့်နေတာက မိန်းကလေး အဝတ်အစားတွေ။ သူကိုယ်တိုင်က လည်း မိန်းကလေးလို ဝတ်စားထားတာမို့ ကိုယ့်ကိုယ်ကိုယ် ပြန်တွေးကြည့်ပြီး ရယ်တော့ ရယ်ချင်သား။

နောက်တော့ –

အင်္ကျီလေးနှစ်ထည်နဲ့ ထဘီနှစ်ထည်ဝယ်၊ ပြီးတော့ စားစရာမုန့်လေး နည်းနည်းပါးပါးဝယ်ပြီး ထွက်လာခဲ့တော့သည်။ ကောင်တာမှာ ပိုက်ဆံရှင်းဖို့ စောင့်နေရင်းမှ –





"ဟယ်"

'ဟယ်' ဆိုပြီး ပိုက်ဆံမရှင်းဘဲ အပြင်သို့ထွက်သွားလေလျှင်

"ဟော့"

လုံခြုံရေးဝန်ထမ်းနှစ်ယောက်က နက္ခတ် စလင်းဘတ်ခ်အိတ်ကြိုးကိုဆွဲထားကာ –

"မင်း ပိုက်ဆံမရှင်းဘဲနဲ့ ဘာလို့ထွက်သွားတာလဲ"

"အယ် . . . ဆောရီး ဆောရီးပါနော်။ နက္ခတ် သူငယ်ချင်းတစ်ယောက်ကိုမြင်လို့ မေ့သွားတာပါ။ အခုပဲ ရှင်းလိုက်ပါ့မယ်နော်"

"မရတော့ဘူး မင်း ဘော့စ်နဲ့ လိုက်တွေ့ရမယ် ဒါပဲ"

"ဟို အဲဒီလိုမလုပ်ပါနဲ့ အစ်ကိုရယ်။ နက္ခတ် တကယ်မေ့သွားလို့ပါရှင်"

အမလေး လျှာယားလိုက်တာ။ ဘုန်းကညာတစ်ပါး လုံးရောက ပြားနေရတာ မလွယ်ပါလား။ သူဆန်စားချင်လို့သာ ရဲရတယ် နက္ခတ်က ဒီလို ပျော့ရွရွ့ရတာ အရွံဆုံးပါပဲ။ တုံးဆိုတိုက် ကျားဆိုကိုက်မှ သဘောကျတဲ့သူလေ။ လူကသာ ဖြူနွဲ့နွဲ့ရယ် စိတ်ဓာတ်က မာပါ့။

"မရဘူး . . . လိုက်ခဲ့"

လိုက်ခဲ့ဆိုတော့လည်း လိုက်ရတာပေါ့။ အစကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြစ်ဖို့ ၀ွင်ဆင်ခဲ့တာပဲဟာ။ အခုတော့ ကွက်တိပါပဲ။

ဟူး။

မိန်းကလေးတွေများ မလွယ်ပါလားနော်။ ကိုယ့်မှာ မိန်းကလေးလို ၀တ်စားထားရတာ အသက်ရှူတောင်ကျပ်တယ်။ ဒါနဲ့များ တောင် ကျပ်ပြုံးနေအောင်ဝတ်ကြတာ အံ့ပါ့။ မိန်းကလေးနဲ့တူအောင် ကန့်ကလျ လုပ်ရတာလည်းမလွယ်။ ဒါတောင် အမြင့်ကနေ အနိမ့်ကို ခုန်ဆင်းပြီး ကြွပ်ရှနေအောင် ခြောက်ချင်တဲ့ကောင်တွေကရှိသေး။

"ဘော့စ်"

"လာ ထိုင်"

ထိုင်ဆိုလို့ ထိုင်ပြီးနောက် နက္ခတ် အတတ်နိုင်ဆုံး မျက်နှာလေးငယ်ပြကာ –

"မမရယ် နက္ခတ်ကလေ တကယ်မေ့သွားတာပါ။ သူငယ်ချင်းကိုမြင်လိုက်တော့ ၀မ်းသာအားရနဲ့ လိုက်သွားမိတာ။ တမင်လုပ်တာမဟုတ်ပါဘူး။ လျော်ဆိုလည်း နက္ခတ်လျော်ပါ့မယ်။ မမတို့ထုံးစံအတိုင်းလုပ်ပါ။ အခြား ထွေထွေထူးထူးတွေ မပြောပါနဲ့နော်။ နက္ခတ်ကြောက်လို့ပါ"

အသံက မပွင့်တစ်ပွင့်မို့ မြသဥ္ဇာနွယ် ပြုံးလိုက်မိသည်။ ဒါမျိုးကဖြစ်တတ်ပါတယ်။ ကောင်မလေးကြည့်ရတာ တကယ်





ကြောက်နေသည့်ပုံပါ။ ပြီးတော့ . . . ဒီလောက်လှတဲ့ ကောင်မလေးတစ်ယောက်က ဒီလိုလုပ်ပါ့မလား။ လုပ်သည်ပဲထားဦး သူကြောက်နေတဲ့ ပုံစံကိုကြည့်ပြီး မိန်းကလေးချင်း ကိုယ်ချင်းစာစွာ မပြောရက်ပေ။

"ဟုတ်ပါပြီ၊ မိန်းကလေးတွေဆိုရင် မမတို့ဘက်ကလည်း သက်သက်ညှာညှာ စဉ်းစားပေးပါတယ်။ ဒါပေမဲ့ စည်းကမ်းချက်အတိုင်းတော့ လုပ်ရမှာပဲပေါ့"

"ဟုတ်ကဲ့ပါ မမ၊ နက္ခတ်စည်းကမ်းကို လိုက်နာပါ့မယ်"

"နာမည်က နက္ခတ်လား"

မြသဥ္ဇာနွယ် ထူးဆန်းတဲ့ကောင်မလေးရဲ့နာမည်ကို စိတ်၀င်စားသွားလေသည်။ ရုပ်ကလေးချော၊ နာမည်လေးကဆန်းမို့လို့ပါ။ ပြီးတော့ မြသဥ္ဇာနွယ်က ယောက်ျားဆိုတဲ့ပုရိသတွေကိုသာ မာနမျက်နှာနဲ့ ခပ်ထန်ထန် ဆက်ဆံပေမယ့် မိန်းကလေးချင်း ဆက်ဆံရာမှာတော့ မာနမပါ မာန်မဖလာနဲ့ပါ။

"နက္ခတ် ဟုတ်လား"

"ဟုတ် . . . လနက္ခတ်ပါ မမ"

"နာမည်က အထူးအဆန်းပဲ"

ဒါပဲပြောပြီး မားကာက်ရဲ့စည်းကမ်းချက်အတိုင်း နက္ခတ်ဒိုက်ဆံပေးပြီးနောက် ထွက်လာခဲ့တော့သည်။ မရှေးမနှောင်းမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



မြသဉ္ဇာနွယ်လည်း အိမ်သို့ပြန်ရန် ထွက်လာခဲ့တော့၏။

"သဉ္ဇာ"

"ဟင်"

ကားတံခါးကို ဖွင့်လိုက်ချိန်မှာ အနားရောက်လာတဲ့ လူကို မော့ကြည့်လိုက်တော့ –

"ကိုယ် သဉ္ဇာနဲ့ ခဏလောက် စကားပြောချင်လို့"

"ရှင်နဲ့ကျွန်မကြားမှာ ထွေထွေထူးထူး ပြောစရာစကားမရှိဘူး ကိုဇေလတ်။ ကျွန်မရှေ့ကနေ ဖယ်ပါ"

"ကိုယ့်မှာ ပြောစရာစကားတွေ ရှိနေတယ် သဉ္ဇာ။ ပြောချင်တာမှ အများကြီးပဲ"

မြသဉ္ဇာနွယ် မျက်နှာတင်းသထက် တင်းသွားလေသည်။ ဒီလူ ပက်ပက်စက်စက် ပြောထားတာတောင် အမှတ်မရှိဘူး။ သူလိုလူနဲ့ ဘာစကားမှကို မပြောချင်တာပါ။ အလုပ်ကိစ္စကို ဗန်းပြပြီး ကိုယ့်အပေါ် နှာဘူးထနေတာ။ မြသဉ္ဇာနွယ်က ယောကျ်ားတွေကို အထင်မကြီးလို့မှ အားကိုးမရှာခဲ့တာလေ။

ရှာချင်ရင်

ကလေးအမေဖြစ်နေလောက်ပြီပေါ့။

"ရှင့်မှာ ပြောစရာရှိတာ ကျွန်မမှာမရှိဘူး၊ ဖယ်ပါ"





"မဖယ်ဘူးဆိုရင်ရော"

"ကျွန်မလက်ဝါးရဲ့အရသာကို ရှင်သိသွားမှာပေါ့"

"ရိုက်လေ၊ ကိုယ် ပြုံးပြုံးကြီးနဲ့ ပါးဖောင်းပေးလိုက်မယ်။ အဲဒါ သဉ္ဇာ့ကိုချစ်လွန်းလို့"

"တောက်"

"မမ"

နှကြွတ် မြသဉ္ဇာနွယ်အနားသို့ ရောက်လာလေပြီ။ ဒါ သူရွှေထားတဲ့အကွက်ပဲလေ။ ကိုဇေလတ်ကို ဒါလေးတစ်ခုတော့ ကူညီပါလို့ ပြောထားရတာ။

"မမ ဘာဖြစ်လို့လဲဟင်"

"ဒီမှာလေ လိုက်နှောင့်ယှက်နေတာ"

ကိုဇေလတ်နောက်မှာ အခြားသူနှစ်ယောက်လည်း ပါလာသည်။ နှကြွတ် မင်းသားလုပ်ရတော့မည်။ အဲ မှားလို့ မင်းသမီးလုပ်ရမှာ။ ဂျက်မပေါ့။

"ဟုတ်လား မမ၊ နှကြွတ် ဘာကူညီရမလဲဟင်"

မြသဉ္ဇာနွယ် တွေခနဲ ဖြစ်သွားစဉ် –

"ကောင်မလေး နင်နဲ့မဆိုင်ရင် ဝင်မရှုပ်နဲ့နော်။ နင်ပါ ခွဲခံချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သတ္တိရှိရင် ဆွဲစိကြည့်လိုက်လေ"

"ဟာကွာ ကျွတ်"

"ကဲပါ အာစရိုရယ် . . . ကောင်မလေးက ဒီလောက်လှတာ၊ ကျွန်တော်တို့ တာဝန်ထားလိုက်၊ သူက စိနိုင်းနေမှတော့ ဆွဲစိလိုက်ကြရအောင်"

နက္ခတ် ဘေးဘီကို ဝေ့ကြည့်လိုက်ကာ –

"ရှင်တို့ ဒီနေရာမှာ ဆွဲစိရင် ပတ်ဝန်းကျင်က ရောက်လာမယ့် လူတွေကြားမှာ အရိုးတခြား အသားတခြား ဖြစ်သွားမှာပေါ့။ တရားမျှတအောင် သတ္တိရှိရင် ကျွန်မတို့နောက်ကိုလိုက်ခဲ့"

"အံမယ် . . . သူလေးက အလာသားပါလား"

"လာ မမ သွားရအောင်"

နက္ခတ် မြသဉ္ဇာနွယ်လက်ကိုဆွဲပြီး ကားပေါ်သို့တက်ခဲ့တော့သည်။ နက္ခတ်က ကိုယ့်မှာသာ ကိုယ်ပိုင်မရှိတာ၊ ကားလည်းမောင်းတတ်သည်။ ဆက်ဆံရတဲ့လူတွေက ဆိုဒ်စုံ ဂိုက်စုံဆိုတော့ ပညာကလည်း စုံသလောက်ပါပဲ။

မြသဉ္ဇာနွယ်လည်း ဘာမှမပြောတော့ဘဲ နက္ခတ်ခေါ်ရာနောက်သို့ ပါလာခဲ့သည်သာ။

❑ ❑ ❑



## အခန်း (၅)

နက္ခတ် ကားကို ကန်တော်ကြီးဘက်သို့ မောင်းလာခဲ့သည်။ ပြီးတော့ ကားပေါ်ကဆင်းပြီး မမကိုခေါ်၍ တံတားအတိုင်း လျှောက်လာခဲ့သည်။ ကိုဖေလတ်တို့သုံးယောက်ကလည်း လိုက်လာသည်သာ။ လူရှင်းတဲ့နေရာကိုရောက်တော့ တလွှားလွှားလှုပ်နေတဲ့ ခြေလှမ်းတွေကို ရပ်လိုက်ပြီး –

"မမ"

"ဟင်"

"နက္ခတ် တစ်ယောက်လုံးရှိတယ်။ မမ ဘာမှမကြောက်နဲ့နော်"

www.burmeseclassic.com



"မမ မကြောက်တတ်ပါဘူး။ နက္ခတ် ဘယ်လိုဖြေရှင်းမလဲ ဆိုတာ ကြည့်ချင်သေးလို့၊ မဟုတ်ရင် ရဲစခန်းကို ဖုန်းဆက်လိုက်ပြီ"

နက္ခတ် ခေါင်းညိတ်ပြီး နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ကိုဇေလတ်တို့အဖွဲ့ အနားသို့ရောက်လာလေတော့ –

"ကဲ ပြော ... ရှင်တို့ ဘယ်လိုဖြစ်ချင်လဲ"

"ဘယ်လိုဖြစ်ချင်လဲဆိုတော့ ငါက သဥ္စာကို ခေါ်သွားချင်တာ။ မင်း အချောင် အသားမနာချင်ရင် ဝင်မရှုပ်နဲ့ ချာတိတ်"

"မမကို ထိရဲရင်ထိကြည့်လိုက်လေ"

"နက္ခတ်"

မြသဥ္စာနှယ် နက္ခတ့်လက်မောင်းကို ဆုပ်ကိုင်လိုက်လေလျှင်

"ရတယ် မမ၊ နက္ခတ်မကြောက်ဘူး"

"တော်တော်စွာတဲ့ ချာတိတ်၊ ဟေ့ကောင်တွေ"

"ဗျာ အာစရိ ... ဘာလုပ်ရမလဲ ပြော"

"ဒီလောက်စွာတာ ဆွဲစိလိုက်ကွာ"

"Ok"

ကိုဇေလတ် နောက်ကလူနှစ်ယောက်က နက္ခတ်ကို ဆွဲဖို့ ကြိုးစားလိုက်တာနှင့်။

"ခွပ်"





"အ"

"ခွပ်"

"------"

"ဘုန်း"

နက္ခတ် တံတောင်တွေရော ဒူးတွေရော သုံးလိုက်တာ ခဏအတွင်းမှာပဲ တစ်ဖက်လူတွေမှာ မရှုမလှပါ။

"ရှော"

"ခွပ်"

"အ"

"ဘုန်း"

ကိုဇေလတ်ပါ ဝင်လိုက်တော့ ဘေးလူအမြင်မှာ မိန်းကလေးတစ်ယောက်နှင့် ယောကျ်ားသုံးယောက်ရဲ့ ရန်ပွဲပေါ့လေ။ နက္ခတ် မိန်းကလေးမဟုတ်ဘူးဆိုတာ သိတဲ့လူကတော့ သိတာပေါ့။

"နက္ခတ် သတိထား"

"ခွပ်"

"အ"

နက္ခတ်တစ်ချက်တော့ ထိသွားလေသည်။ ဒါ သူ့အတွက် ရင်းနှီးမှုတစ်ခုပဲပေါ့။ သူထိုး ကိုယ်ထိုး သူချကိုယ်ချနှင့် သူတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



နာ၊ ကိုယ်လည်းနာကနေ။

"ဟာ ရန်ဖြစ်နေကြတယ်"

"ဟင်"

အသံကြားရာသို့ ကြည့်လိုက်တော့ ကောင်မလေး သုံးယောက်နှင့် ကောင်လေးတစ်ယောက်လာနေတာမို့။

"ဟော့ကောင်တွေ တော်တော့"

"ခွပ်"

"အ"

ဒီတစ်ခါတော့ နက္ခတ်မျက်နှာလည်ထွက်သွားလေသည်။

"ဟော့ကောင်တွေ ... လာကြ ပြေးမှဖြစ်မယ်"

"နက္ခတ်"

ကိုဇေလတ်တို့အဖွဲ့ ထွက်ပြေးကြလေတော့ မြသဉ္ဇာနွယ်က နက္ခတ်ကိုဖက်ထားမိကာ -

"နက္ခတ် တော်တော်နာသွားလားဟင်"

"ရတယ် မမ"

ကောင်လေး ကောင်မလေးအဖွဲ့ အနားရောက်လာကာ ကောင်မလေးတစ်ယောက်က အရင်စပြီး -

"တောက် ... မိန်းကလေးတစ်ယောက်ကို ယောကျ်ားကြီး





သုံးယောက်ဝိုင်းပြီး အနိုင်ကျင့်တာ။ တော်တော်လူမဆန်တဲ့လူတွေပဲ"

"ဟုတ်တယ်၊ တော်တော်ဆိုးတဲ့လူတွေပဲ"

"ဟို ... တော်တော်နာသွားသလားမသိဘူး"

"တို့ ဘာကူညီရမလဲ"

အရေးထဲ နာဘူးတွေကတစ်မျိုး။ နက္ခတ်ကိုလာမေးတဲ့ မျက်နှာတွေက ပြိတ်တိ စပ်ဖြဲဖြဲတွေပါ။

"ပြောလေ၊ တို့ ဘာကူညီရမလဲ"

"ရတယ် ... ဘာအကူအညီမှမလိုဘူး"

"ဟောဗျာ"

"မမ လာ သွားမယ်"

နက္ခတ် မမလက်ကိုဆွဲခေါ်ပြီး ထွက်လာခဲ့တော့သည်။ မြသဉ္ဇာနွယ်မှာတော့ ဘာစကားမှ မပြောနိုင်တော့လောက်အောင် အံ့ဩနေမိသည်သာ။

နာမည်က နက္ခတ်။ လူက ပျော့နွဲ့နွဲ့ယောကျ်ားတွေကိုတောင် ယှဉ်ပြိုင်တိုက်ခိုက်တဲ့အထိ သတ္တိကောင်းသူ။ တကယ့်ကို လေးစားမိသည်လေ။

"ဒီမှာ ... ဒီမှာ"

"------"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဟိုအစ်မ"

နောက်ခေါ်ရင်း ပြေးလိုက်လာသည်မို့ နကွတ်တို့ ရပ်စောင့်ပြီး နောက်သို့ ပြန်ကြည့်လိုက်သည်။

"ဟိုတစ်ယောက် ပိုက်ဆံအိတ်ကျန်ခဲ့လို့ လိုက်ပေးတာပါ"

သြော် . . . နကွတ်ရဲ့ပိုက်ဆံအိတ်ပြားပြားလေးပါလား။ စောစောက ထိုးရင်း ကြိတ်ရင်း ထွက်ကျန်ခဲ့တာ။ ဟူး ပိုက်ဆံအိတ်ကစပုံစံပြောင်းရတာ မလွယ်ပါလား။ နကွတ် ပိုက်ဆံအိတ်ကို လှမ်းယူလိုက်ကာ –

"ကျေးဇူးပါပဲ"

ကောင်မလေးက ပိုက်ဆံအိတ်ပေးပြီးသည့်တိုင် လှည့်မကြည့်သေးပဲ သူ့ကိုငေးနေသည်။ သူလည်း ချစ်စရာကောင်းတဲ့ ကောင်မလေးကို ခပ်စူးစူးပြန်ကြည့်မိပြီးမှ ကိုယ့်ဘေးမှာရှိနေတဲ့ မြသဉ္ဇာနွယ်ကို သတိရပြီး လှည့်ထွက်လာခဲ့တော့သည်။ မိန်းမလှလေး တစ်ယောက်ကို ပြန်ငေးနေဖို့ သူ့မှာ အချိန်မရှိပါဘူး။

ကိုယ့်မှာ လုပ်စရာတွေရှိသေးသည်လေ။ ပြီးတော့ အသည်းခွဲနကွတ်ဆိုတဲ့နာမည်ကို အပျက်မခံနိုင်ပါဘူး။

"နကွတ်"

"ဟင်"





"နကွတ်က အရမ်းတော်တာပဲ။ မိန်းကလေးဖြစ်ပြီး ယောက်ျားသုံးယောက်ကို မကြောက်မရွံ့နဲ့ ပြန်ပြီးတိုက်ခိုက်နိုင်တယ်၊ မမ မချီးကျူးဘဲ မနေနိုင်တော့ဘူး"

နကွတ် ပြုံးလိုက်ပြီး –

"ဒီပညာတွေ တတ်ထားတော့ ကိုယ့်ကို သူများအနိုင်ကျင့်တာ မခံရဘူးပေါ့ မမ၊ ကိုယ့်ရှေ့မှာ မတရားတာမြင်ရင်လည်း ကိုယ်က ကူညီနိုင်တယ်လေ။ နကွတ်က ဟိုစစ ဒီစစတော့ အကုန်လေ့လာတယ်၊ သင်ယူတယ် မမ"

"ဟုတ်လား။ မမလည်း အခုမှ နကွတ်ကို အားကျပြီး တတ်ချင်လိုက်တာ"

"တတ်ချင်ရင်သင်ပေါ့ မမရဲ့။ မမမှာ အခုလို အန္တရာယ်တွေ ရှိနေတော့ ပိုပြီးတော့တောင် တတ်ထားသင့်သေးတယ်။ အဲဒါမှ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မှာ။ ဒါမှမဟုတ် မမ ဘော်ဒီဂတ် ထားသင့်တယ်"

မြသဉ္ဇာနွယ် တွေခနဲဖြစ်သွားလေသည်။ နကွတ်ပြောတာ ဟုတ်တော့ဟုတ်သား။ သူမကို ချုပ်ချင်သူတွေက ဝိုင်းနေတော့ အန္တရာယ်များသည်။ မိန်းကလေးတစ်ယောက် ချောမောလှပခြင်းသည် အန္တရာယ်တစ်ခုပါပဲလား။ နကွတ်လည်း ချောမောလှပသူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ သူကကျတော့ သူ့ကိုယ်သူ ကာကွယ်နိုင်တဲ့အရည်အချင်းနဲ့။

ကိုယ့်မှာတော့ -

သွားသတိ လာသတိနဲ့ နေရတာ ဒုက္ခ။

"နကွတ်"

"-----"

"နကွတ် မမကို သင်ပေးနိုင်မလား။ ဟိုလေ မမ နကွတ်ကို သင်တန်းကြေးသဘောမျိုး လစာပေးပါ့မယ်။ မတတ်ခင်အထိ မမရဲ့ ဘော်ဒီဂတ် လုပ်ပေး ဖြစ်မလား"

နကွတ်က ချက်ချင်း ဘာမှပြန်မပြောပေ။ စဉ်းစားနေပုံရ၏။ သူ့အတွက် အခက်အခဲများ ရှိနေမလား။ နကွတ်က ဘယ်လိုမျိုးရှိ၍ ဘယ်လိုအဆင့်အတန်းရှိလဲဆိုတာ မသိဘဲနဲ့ သူမ တောင်းဆိုမိတာ လွန်များ လွန်သွားပြီလား။ နကွတ်က ကိုယ့်ဆီကပေးမယ့်လစာကို မက်မောတဲ့သူဖြစ်နိုင်ပါ့မလား။

"ဆောရီးပါ နကွတ်။ မမ မဖြစ်ချင်တာတွေကိုပဲ ပြောမိနေပြီ။ မမက နကွတ်ကို အကူအညီတောင်းတဲ့သဘောပါ။ နကွတ် မကူညီနိုင်ရင် မလုပ်ပါနဲ့။ လူတစ်ယောက်ရဲ့ ကူညီမှုအပေါ် မမ ထပ်ပြီး အခွင့်အရေးယူသလို မဖြစ်ချင်ပါဘူး"

"ရပါတယ် မမ။ နကွတ် ကူညီပါ့မယ်"





"တကယ်"

"တကယ်ပေါ့"

"ဟယ် ... ဝမ်းသာလိုက်တာ နကွတ်ရယ်။ နကွတ်နဲ့မမ ဒီနေ့ပဲ စဆုံပြီး ဒီနေ့ပဲ ဒီလောက်အထိ ရင်းနှီးသွားဖို့ ဖြစ်လာတာ။ ဘယ်လိုရေစက်ကြောင့်လဲ မသိဘူးနော်"

"ရေသန့်ဘူးထဲကကျတဲ့ ရေစက်ပဲဖြစ်မှာပေါ့"

"ဟုတ်မယ် ထင်တယ်"

ပြောပြီး မြသဥ္ဇာနွယ်က ရယ်ပေမယ့် နကွတ်ကပြုံးရုံမျှသာ။ ကိုဖေလတ်ပြောတော့ မြသဥ္ဇာနွယ်က မာနကြီးတယ်တဲ့။ အခုတော့လည်း အဲဒီမာနဆိုတာတွေ ဘယ်ချောင်မှာခိုပြီးပုန်းနေသလဲ မသိပါဘူး။ မိန်းကလေးချင်းမို့လို့ဆိုပြီး ဒီလိုဆက်ဆံတာဆိုရင် နကွတ်ဆိုတာ ယောကျ်ားလေးပါလို့ သိသွားရင် -

ဘာဖြစ်သွားနိုင်သလဲ။

မီးစင်ကြည့်ကရမှာပေါ့။ ဘယ်ပုံစံနဲ့ပဲဖြစ်ဖြစ် အဓိက နကွတ် တာဝန်ယူထားတဲ့ အလုပ်က မြသဥ္ဇာနွယ်ရဲ့ အပျိုရည်ပျက်ဖို့။ ဒါကြောင့် အလုပ်အပ်သူက ကြေးကြီးကြီးပေးထားတာပဲလေ။ အသည်းခွဲရုံတစ်ချေး၊ မိန်းမတစ်ယောက်ရဲ့ အသွေးအသားကို ရအောင်ယူနိုင်ရင် တစ်ချေးနဲ့ လုပ်စားလာတာ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုရင် –

နက္ခတ်က ယရစ်နဲ့ပြုံနေတဲ့ လူပြိုတစ်ယောက်ပေါ့။ လူပျို လည်းမဟုတ် အိမ်ထောင်လည်းမရှိ။ ဒီလိုအဖြစ်အပျက်တွေကို ကိုယ်ကိုယ်တိုင်က နှစ်သက်လို့တော့ မဟုတ်ပေ။ ငွေရလွယ်လို့လုပ်နေတယ်ပေါ့။

"ကဲ ... နက္ခတ်"

"ဗျာ"

"ဟင် ... ဗျာလို့ ထူးတတ်တာလား"

"ဟုတ်"

"ထားပါ။ မင်း မမပြောတာကို လက်ခံမယ်ဆိုရင် မနက်ဖြန်၊ မမအိမ်ကိုလာခဲ့နော်။ ရော့ ... ဒါ မမ့ရဲ့လိပ်စာကတ်"

နက္ခတ် မမပေးတဲ့လိပ်စာကတ်ကိုယူပြီး ပိုက်ဆံအိတ်ထဲသို့ ထည့်လိုက်၏။ ဒါ ကိုယ့်အတွက် တံခါးတစ်ချပ်ပွင့်သွားခြင်းပဲပေါ့

❑ ❑ ❑



## အခန်း (၆)

"မျိုး"

"——"

"မျိုး"

နွေရိပ်အသံကို မြင့်ခေါ်လိုက်မှ မျိုး ထမင်းစားခန်းထဲသို့ ဝင်လာလေသည်။ မျက်နှာက ခပ်တည်တည်။ အိမ်ရှင်က အိမ်ဖော်ကို ပြန်ကြောက်ရမယ့်အဖြစ်မျိုးပါလား။ အဲဒါ ဟိုလူတွေမျက်နှာသာပေးထားလို့လေ။ အိမ်ဖော်က ရှောင့်တက်နေတာ နွေရိပ် လက်မခံနိုင်ပါဘူး။ နွေရိပ်ထင်တဲ့၊ တစ်ထင်တည်းရှိတာ။ ဒါမျိုးချိုးလို့ရမလား။

ဒါကြောင့် –



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မျက်နှာထားကို သူ့ထက်နှစ်ဆ ပိုတင်းပစ်လိုက်၏။

"ခေါ်တာကို ဘာလို့မထူးတာလဲ"

"လူရောက်လာရင် ပြီးတာပဲ မဟုတ်လား။ ဘာခိုင်းမလို့လဲ ပြော"

"ဒါ . . . ဘာဟင်းလဲ"

နွေရိပ် သူ့မရှေ့မှ ဟင်းပန်းကန်ကို လက်ညှိုးထိုးပြီး မေးလိုက်လေလျှင် –

"ဝက်သား"

"ဘာ"

နွေရိပ် ချက်ချင်းပဲ လူထသတ်ချင်စိတ်ပေါက်သွားရ၏။ ဒါပေမဲ့ ကိုယ့်စိတ်ကိုယ်ထိန်းလိုက်ပါသည်။ ဒေါ်ထွေး ရွာခဏပြန်သွားတာနဲ့ ဒင်းတို့က နွေရိပ်ကို ပညာပြကြတာပေါ့။ ဒေါ်ထွေးက ဘယ်သူတွေ ဘာပဲပြောပြော နွေရိပ် အကြိုက်ကိုတော့ အမြဲတမ်း ထည့်ချက်ပေးတတ်သူပါ။ အခု ရွာ မရောက်တာကြာလို့ အလည်ခဏပြန်သွားတာ လေ။

အခု သူတို့က ပညာပြပြီဆိုတော့ –

"နင် ငါ့ကိုရွဲ့တာလား မျိုး"

"ဘာကိုလဲ"





"ငါ ဝက်သားမစားတာ နင်မသိဘူးလား"

"သိတယ်လေ၊ သိပေမယ့် ဖါဇ်ည်း အန်တီမှာ ချက်ခိုင်းတဲ့ အတိုင်း ချက်ရတာပဲဟာ"

"တောက်"

နွေရိပ်ထရှုပ်လိုက်ကာ ဝက်သားပန်းကန်ကို 'မ' ယူလိုက်ပြီး

"ကဲဟာ"

"ခွမ်း"

"ဟင်"

"ကဲဟာ"

"ခွလန်း ခွမ်း"

"ဘုန်း"

"နွေရိပ် မလုပ်နဲ့"

"တောက်"

"ဝုန်း"

နွေရိပ် မြင်သမျှ အကုန်ဆွဲလွဲ လွှင့်ပစ်လိုက်တာ ရစရာ မရှိတော့ပေ။ မျိုးမျိုးမွေးမှာ ဆွဲလည်းမဆွဲရဲ တားလည်း မတားရဲနှင့် ထမင်းစားခန်းထဲမှ ပြေးထွက်သွားလေတော့သည်။ နွေရိပ်ကတော့ စားပွဲကို တဒုန်းဒုန်း ထုရင်းနှင့်ကျန်ခဲ့ရာ ခဏကြာတော့ မျိုးပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒေါ်တမာချိုတို့ သားအမိလည်း ပါလာလေသည်။ အစကတည်း သွားခေါ်မယ်ဆိုတာ ထင်သားပဲ။ ဘယ်သူပဲလာလာ နွေရိပ်က ဂရုမစိုက်ပေ။

"နွေရိပ်ထင်"

"------"

"အဲဒါ ဘယ်လိုဖြစ်နေတာလဲ။ ကုန်ပါပြီဟယ်"

"မြင်တဲ့အတိုင်းပဲ။ သူများမေတ္တာမဲ့လို့ ကိုယ်ပြန်ရွဲ့တာ။ နွေရိပ် ဝက်သားမစားမှန်းသိရဲ့သားနဲ့ ဝက်သားချက်ထားတာ ဘာသဘောလဲ။ ဒါ နွေရိပ်ကို သက်သက်ပညာပြတာ"

"ဟဲ့ ... နင်မစားချင် အဲဒီပန်းကန် ဘေးဖယ်ထားလိုက်လေ။ ရှိတာနဲ့စားပေါ့။ အခုတော့ ဒီလိုလုပ်စရာလား။ ကြည့်စမ်း ... ခုတော့ သောင်းကျန်းထားလိုက်တာ ရစရာကို မရှိတော့ဘူး"

"အန်တီတမာလည်း မမြင်ချင် ကျောခိုင်းထားခဲ့လိုက်။ ဒါ နွေရိပ်အိမ်ကပစ္စည်းတွေ။ ခွဲချင်ခွဲမယ် ထုချင်ထုမယ် လာမပြောနဲ့"

"ဘာ"

"ကြည့်စမ်း"

ဒေါ်တမာချိုတို့သားအမိ ဆတ်ဆတ်ခါသွားလေတော့သည်။ မှန်တာပြောတာ မခံနိုင်ကြဘူးပေါ့။ သူမတို့က နွေရိပ်အဖေနဲ့ပတ်သက်





ပြီး ဒီအိမ်ကိုရောက်လာကြတာလေ။ နွေရိပ်တားနေတဲ့ကြားက နောက်အိမ်ထောင်ပြုတယ်။ ပြီးတော့ သားအမိနှစ်ယောက်စလုံး အိမ်ကိုရောက်လာကြတယ်။ ဒေါ်တမာချိုကလည်း သူမသည် ဦးကွန်းဇော်ရဲ့မိန်းမဆိုတဲ့ပါဝါနဲ့။ နွေရိပ်ကလည်း အကြောမခံပေ။

"ဘာလဲ ... နင်က ဒီအိမ်ကပစ္စည်းတွေ တို့နဲ့မဆိုင်ဘူးလို့ ပြောလိုက်တာလား နွေရိပ်။ ဒီအိမ်ရဲ့ အိမ်ထောင်ဦးစီးက ဦးကွန်းဇော်လေ။ ဦးကွန်းဇော်က မေမေ့ရဲ့ယောကျ်ား၊ လင်ရဲ့ပစ္စည်း မယားပိုင်တယ်ဆိုတာ နင် နားမလည်ဘူးလား"

"နားမလည်ဘူး၊ ငါနားလည်တာ ဒါ ငါ့မေမေထားခဲ့တဲ့ ပစ္စည်းတွေ၊ ငါပဲပိုင်တယ်"

"သေလိုက်၊ နင်သေလိုက်ပါလား"

"နင် သေလိုက်ပါလား"

"ဟုတ်တယ်၊ နင်ပိုင်တယ်ပြောရအောင် နင့်ကို စာချုပ်စာတမ်းနဲ့ အကုန်လွှဲပေးထားလား ပြော"

သူတို့ကလည်း အနိုင်မခံ အရှုံးမပေးဆိုတော့ ထမင်းစားခန်းထဲမှာ ကျွတ်ကျွတ်ညံသွားလေသည်။ နွေရိပ် ဒေါက်နှုတ်ခမ်းကို ပေါက်ထွက်လုမတတ် စူကိုက်ထားလိုက်မိ၏။ အစကတည်းက ဒီမိန်းမကြီး ဖေဖေ့ကိုလက်ထပ်ခဲ့တာ။ ဒီစည်းစိမ်တွေကို မက်လို့လေ။

www.burmeseclassic.com



ဒါကြောင့်ပဲ –

ဖေဖေ့ကို အပိုင်ကြံခဲ့တာ။ နွေရိပ်ကလည်း ဖေဖေပေးလာမယ့် အမွေတွေကို မက်မောလို့ပြောနေတာ မဟုတ်ပေ။ နွေရိပ်မှာ နှစ်ဖက်အဘိုးအဘွားတွေ ပေးထားတဲ့အမွေတွေက နည်းတာမှ မဟုတ်တာ။ ဖေဖေ့ပိုင်ဆိုင်မှုလောက်ကို မမက်ပါဘူး။ ဒါပေမဲ့ ဒီသားအမိကို ကြည့်မရလို့ပဲ ကန့်လန့်တိုက်နေတာလေ။

"ဘာမှစာချုပ်စာတမ်းနဲ့လွှဲဖို့ မလိုဘူး။ နွေရိပ်မိဘတွေပိုင်တဲ့ ပစ္စည်း နွေရိပ်လုပ်ချင်တာလုပ်မယ်"

"ငါကလည်း ငါ့ယောက်ျားပစ္စည်း ငါနဲ့ဆိုင်တယ်ဟဲ့"

"ဒါဆို ဖေဖေ့ကိုယူခဲ့တာ အန်တီ ဒီပစ္စည်းတွေ မက်လို့လား"

"ဘာတွေဖြစ်နေကြတာလဲ တိတ်ကြစမ်း"

"ကိုကွန်း"

ဖေဖေ့အသံကြားလိုက်ရပေမယ့် နွေရိပ်မျက်နှာက တင်းနေရာကနေ မလျှော့ပေ။ ဒေါ်တမာချိုကတော့ အလျှော့အတင်းလွယ်တဲ့ စပရိန်မျက်နှာနဲ့ပေါ့လေ။ ဖေဖေလာတာနှင့် မျက်နှာက ညှိုးရိပ်ထင်လို့။ စောစောက သူ ဘာမှ မပြောသည့်ဟန်ပန်နှယ်။

"ဒီမှာကြည့်ပါဦး ကိုကွန်းရယ်။ ကိုကွန်းသမီး သောင်းကျန်း





ထားတာ ရစရာကိုမရှိတော့ဘူး။ အဲဒါကို တမာကပြောတာ တစ်ခွန်းမကျန် နှုတ်လှံပြန်ထိုးနေတော့တာပဲ"

"ဟုတ်တယ်အန်ကယ်၊ အန်ကယ့်သမီးက တော်တော်ရိုင်းတာပဲ"

"ဩော် ... ငါက ရိုင်းတယ်ဆိုတော့ နင်တို့သားအမိက တော့ ယဉ်ကျေးသိမ်မွေ့တယ်ပေါ့။ ဟုတ်လား အလကားချို"

"နွေရိပ် တော်စမ်း"

ဖေဖေ အော်လိုက်တာမို့ နွေရိပ် ပါးစပ်ပိတ်သွားလေတော့သည်။ ပါးစပ်သာပိတ်တာ ရင်ထဲမှာတော့ ပြောချင်တဲ့စကားတွေက အများကြီးပါပဲ။ အရင်တုန်းက သမီးဆိုတာကို ပါးစပ်ဖျားကမချတဲ့ ဖေဖေက ခုတော့ နွေရိပ်။

ဒေါသသံနဲ့ခေါ်ရင် နွေရိပ်ထင်တဲ့။

အဲဒီ စိမ်းသက်တဲ့အခေါ်က နွေရိပ်ရင်ကို အနာကျင်စေဆုံးပါပဲ။

"နင် ဘာဖြစ်လို့ အဲဒီလောက် မိုက်ရိုင်းတတ်နေတာလဲ နွေရိပ်ထင်။ ကိုယ့်ထက်ကြီးတဲ့လူတွေက ကောင်းမယ်ထင်လို့ ပြောရင် နားထောင်မှပေါ့"

"နားမထောင်နိုင်ဘူး ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

နွေရိပ်ကလည်း ခပ်ပြတ်ပြတ်ပါပဲ။

"မိထွေးနဲ့လင်ပါသမီးကြားမှာ ဆုံးမတယ်ဆိုတဲ့စကားကို လာမပြောနဲ့။ သွေးသားတော်စပ်သူဆုံးမတာကို လက်မခံတာဆိုရင် ဖေဖေ သမီးကို ပါးရိုက်ဆုံးမလိုက်၊ သမီးကျေကျေနပ်နပ်နဲ့ ပါးဖောင်း ပေးလိုက်မယ်"

"ကြည့်စမ်း ... တွေ့လား ကိုကွန်း။ ကိုကွန်းဆုံးမတာ တောင် တစ်ခွန်းမခံ ပြန်ပြောနေတာ။ တမာတို့ဆိုရင် သူ ဘယ်လိုပြန် ပြောမလဲ စဉ်းစားသာကြည့်ပေတော့"

"အန်တီတမာ မချွန်ပါနဲ့"

"နွေရိပ်ထင့်"

ဦးကွန်းဇော် အော်ပစ်လိုက်သည်။ အခုမှ ဦးစီးတော့ ပဲ့ကထောင်၊ ပဲ့စီးတော့ ဦးကထောင်နဲ့ သေသာသေလိုက်ချင်တော့ တာပဲ။ သမီးက မိထွေးကိုကြည့်မရ၊ မိထွေးက ကိုယ့်သမီးအပေါ် သည်းမခံ။ အစကတော့ ကိုကွန်းသမီးက တမာ့သမီးပဲပေါ့တဲ့။

"နင် ဘာဖြစ်လို့ အခုလိုလုပ်တာလဲ ပြောစမ်း"

နွေရိပ်ကလည်း ဖြေချင်နေတာမို့ –

"သမီး ဝက်သားမစားမှန်း သိလျက်သားနဲ့ ဝက်သားချက်





ထားတယ်လေ။ အဲဒါကြောင့်"

"အဲဒါ ကိုယ်မစားချင် ဘေးဖယ်ထားလိုက်လို့ရတယ်လေ ကိုကွန်း။ တမာက အဲဒါပြောတာ"

"ဟင်းတစ်မယ်ပါမှ စားတတ်တဲ့လူကို အဓိကဟင်းတစ်မယ် က ဝက်သားချက်ထားတော့ သမီး ဘယ်လိုစားရမလဲ ဖေဖေ။ ဒါ သမီးကို သက်သက်ပညာပြတာ"

သူ့ဘက်ကပြောတော့လည်း ဟုတ်၊ ငါ့ဘက်ကပြောတော့ လည်း ဟုတ်နေတာပါပဲ။ သမီးက ငယ်ငယ်ကတည်းက ဝက်သား မစားပေ။

ဒါပေမဲ့ ... အခြားဟင်းတစ်မယ်ပါမှ ထမင်းစားတတ်သူပါ။ ဒေါ်ထွေးရှိနေတုန်းကတော့ ဒီကလေးအကြိုက်ကို သိနေတာမို့ ဘာ ပြဿနာမှမရှိပေ။

ဒေါ်ထွေးကို အမြန်ပြန်လာဖို့ ဖုန်းဆက်ခေါ်မှ ဖြစ်မှာပါ။

"သမီး"

ဦးကွန်းဇော် သမီးကိုပဲ ချော့ရတော့မည်သာ။

"ဒီနေ့တော့ သည်းခံလိုက်ပါ သမီးရယ်။ အိမ်မှာ စားလို့ မရရင် မစားနဲ့။ သမီး ဘယ်ဟိုတယ်မှာစားချင်လဲ၊ ဘာစားချင်လဲ ဖေဖေကိုယ်တိုင် လိုက်ကျွေးမယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



အလက်ာချို နှုတ်ခမ်းကိုမဲ့ပြီး လှည့်ထွက်သွားလေတော့သည်။ မနာလိုစရာကောင်းလိုက်တာ။ အလက်ာချိုကလည်း နာမည်သာချိုနေတာ။

နွေရိပ်နဲ့ ပတ်သက်လာရင်တော့ –

ဘယ်အရာမှ မချိုနိုင်ပေ။ မတူတာကိုမှ တုချင်တဲ့စိတ်က အခါးများ ဖုံးလွှမ်းလျက်သာပေါ့။

❑ ❑ ❑



## အခန်း (၇)

"အ အ အီး"

"------"

"အ အီး အီး"

"ဟင်"

နက္ခတ် အပြင်သွားကာနီး ဖိနပ်စီးလိုက်စဉ်မှာပဲ သွေးဆီက အအ အီး အီးအသံကြောင့် လှည့်ကြည့်လိုက်သည်။ သူ့ အခုလို မိန်းကလေးပုံစံ ဝတ်စားထားလို့ အဖေက ဟိုမေး ဒီမေး နည်းနည်းပါးပါး မေးပေမယ့် ဦးလေးကတော့ မမေးပေ။

မမေးဆို –



www.burmeseclassic.com

www.burmeseclassic.com



နကွတ်အလုပ်ကို ဦးလေးသိသည်လေ။ ဒီအလုပ်ကို ဦးလေး ကိုယ်တိုင် ကြည်ဖြူခဲ့တာ မိန်းမတွေကို မုန်းလို့ပေါ့။ နကွတ်တို့ကို ရက်ရက်စက်စက် ထားခဲ့တဲ့ အမေ့ကို မုန်းသလို ဦးလေးကို အသည်းခွဲ ခဲ့တဲ့ မိန်းမကိုလည်း မုန်းရာကနေ ဦးလေးက မိန်းမမုန်းတီးရေးသမား ဖြစ်ခဲ့တာပါ။ နကွတ်လည်း ဒီပုတ်ထဲမှာ နေရတော့ ဒီပဲ,ပဲ ဖြစ်လာခဲ့ တာ မဆန်းပါဘူး။

"ဟင်"

သွေးက လက်ကိုထောင်ပြီး ငိုနေတော့ လက်ကိုအကြည့် လက်မှာသွေးတွေနဲ့မို့ နကွတ်နောက်သို့ တစ်ကိုယ်လုံး လှည့်မိသွားလေ တော့သည်။

"သွေး"

"အိ အီး"

"သွေး ဘာဖြစ်တာလဲ"

"မားယူပြီး နောက်ဖေးက မာလကာပင်ကို ခုတ်နေတာလေ။ ဘယ်လိုလုပ်ပြီး လက်ခုတ်မိသွားတယ် မသိဘူး။ ဒီမှာ ငါ ဆေးယူနေ လို့ လာပြီ"

ဦးလေးက လှမ်းပြောလေသည်။

"မုန်းစမ်း"





နကွတ် သွေးလက်ကို ဆုပ်ကိုင်လိုက်စဉ်မှာပဲ လက်က သွေးတွေက အောက်သို့ တစ်စက်စက်နှင့်ကျနေလေလျှင် –

"ဟာ အတော်များတာပဲ။ လက်ဆစ်ပြတ်လုမတတ်ပါလား"

"အေး . . . ငါ သွေးနဲ့ပြန်ဆက်ပေးထားတာ၊ သွားလုပ်မနေနဲ့ ဦး"

"အီး ဟီး"

"ဟာ"

ဦးလေးပြောနေတဲ့ကြားက နကွတ် သွေးလက်ကဒဏ်ရာကို ကိုင်ကြည့်လိုက်တော့ သွေးက သူ့ကိုတွန်းလွှတ်လေသည်။ အမှတ် တမဲ့မို့ နကွတ်ထိုင်နေရာကနေ ဖင်ထိုင်ကျသွား၏။

"ဟာ ကွာ"

ပြန်ထလိုက်တော့ ဝတ်ထားတဲ့ဂါဝန်စမှာ သွေးနည်းနည်း စွန်းသွားလေသည်။

"နကွတ်"

"ဗျာ"

"ငါလုပ်ပေးလိုက်မယ်၊ မင်း သွားစရာရှိတာ သွားလေ။ တော်ကြာ နောက်ကျနေလို့ မင်းမမ ရွှေစိတ်တော်ကောက်နေဦးမယ်"

"ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ"

ဦးလေးရောက်လာပြီး သွေးလက်က ဒဏ်ရာကို ဆေးထည့်ပေးဖို့ လုပ်လေသည်။

"သွေးကို ဂရုစိုက်နော်။ ဆေးခန်းသွားသင့်လည်း သွား။ ဟိုဘက်အိမ်ကိုလည်း မသွားစေနဲ့"

"အေးပါကွ"

"အေးပါကွဆိုပြီး သွေးက သွားချင်ရာသွား၊ ဦးလေးက နေချင်ရာနေ လုပ်မနေနဲ့ဦး။ တော်ကြာ ဒေါ်မမဖော်ကို ကျွန်တော် သတ်မိတော့မယ်"

"ကဲပါ မောင်မင်းကြီးသားရယ် သွားစရာရှိတာကိုသာ စိတ်ချလက်ချ သွား။ ဒီတစ်ခါ ပြဿနာတက်ရင် မမဖော်ကို မင်းသတ်စရာ မလိုဘူး၊ ငါပဲသတ်မယ်"

ပြောလိုက်ရင်တော့ ဒီလိုပဲ ပြန်ပြောတတ်တာပါပဲ။ ပြီးရင်တော့ သူက လုပ်ချင်ရာလုပ်၊ သွေးက သွားချင်ရာသွား ဖြစ်တတ်တာလေ။ ဒါလည်း သိပ်တော့အပြစ်မတင်ချင်ပါဘူး။ ဦးလေးက လူမမာလည်း ကြည့်ရ၊ အိမ်မှုကိစ္စလည်းလုပ်ရ၊ မေမေ့နေရာကို သူဝင်နေရတာဆိုတော့ သွေးကို မျက်လုံးဒေါက်ထောက်ပြီး ဘယ်ကြည့်နေနိုင်ပါ့မလဲ။





သွေးကလည်း –

လစ်တာနဲ့ အဲဒီအိမ်ဘက်သွားပြီး ပန်းတွေ ခူးတတ်တာလေ။

"ကဲ . . . ဟုတ်ပါပြီ။ ဒါဆို ကျွန်တော်သွားတော့မယ်"

နကွတ် သွေးကို စိတ်မချပေမယ့် မသွားမဖြစ်မို့ သွားရဦးမည်။ နကွတ်ကိုလှမ်းမြင်လိုက်တဲ့ ဒေါ်မမဖော်ကတော့ နှုတ်ခမ်းကို မဲ့လိုက်ပြီး –

"ဟွန်း . . . ဘုန်းကညာတစ်ပါး လုံးရာကပြားနေတာ ဘာတွေမဟုတ်တာလုပ်နေပြန်ပြီ မသိဘူး။ တူသောအကျိုးပေးဦးမယ်"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မမ အလုပ်အားချိန်မှာ ကိုယ်ခံပညာလေး နည်းနည်းပါးပါး ပြပေးပြီး မမအလုပ်သွားတော့ နက္ခတ်က မမရဲ့ဆော်ဒီဂတ်ပေါ့လေ။ မမကျွေးတာစား၊ မမပေးတာယူနဲ့ လစာကလည်းရ၊ ဘယ်လောက်များ အဆင်ပြေလိုက်ပါသလဲ။ အဟွန်း ကုသိုလ်လည်းရ ဝမ်းလည်းဝလို့ ပြောရအောင်ကလည်း –

ကိုယ်လုပ်နေတဲ့အလုပ်က –

ကုသိုလ်ရေး တစ်ခုမှမပါ။ အကြောင်းရင်းမှန်ကို သိရင် အကုသိုလ်တောင်တက်ဦးမယ်။ မမ မားကတ်ကိုသွားတော့မယ်ဆိုတော့ နက္ခတ် ကားသော့ယူပြီး မမရှေ့က ထွက်လာခဲ့စဉ် –





"နက္ခတ်"

"____"

"နက္ခတ်နေဦး"

နက္ခတ်ရပ်နေလိုက်တော့ မမက ခပ်သုတ်သုတ် လျှောက်လာတာ နက္ခတ်ဝတ်ထားတဲ့ ဂါဝန်ကို ငုံ့ကြည့်ပြီး –

"ဟိုဟာ ဖြစ်နေတာလား"

"ဗျာ"

နက္ခတ်လည်း ငုံ့ကြည့်လိုက်ပြီး ကြည့်သာကြည့်တယ် ဘာကို ပြောတာလဲ နားမလည်ပေ။

"ဂါဝန်မှာ သွေးတွေစွန်းနေတာ။ ဟိုဟာ ဖြစ်နေတာလားလို့ပါ"

"ဘယ်ဟာလဲ မမရဲ့။ ရှင်းရှင်းပြောစမ်းပါ"

"မေ့တာပေါ်နေတာကို မသိတာလားလို့ မေးတော နက္ခတ်ရဲ့။ ငတုံးမလေး"

"ဟာဗျာ"

ခုမှပဲ နက္ခတ်သဘောပေါက်သွားပြီး ရယ်ရမလိုလို ပြုံးရမလိုလို ဖြစ်သွားရတော့သည်။ ကိုယ်က မိန်းကလေးမှ မဟုတ်တာ၊ ဒါ မေးတာလို့ ဘယ်ထင်ပါ့မလဲ။ ကိုယ့်အဖြစ်ကိုယ်တွေးပြီး ပြုံးတော့



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်မိသည်။

"ဟုတ်လား၊ အဲဒါဖြစ်နေတာကို မသိတာလား"

ထပ်မေးတော့ ဘာဖြေရမှန်းမသိဘဲ မျက်နှာက မအီမလည်။ ဟူး ဒုက္ခ ဒုက္ခ။

"ငွမ်းကပ်ယူမလား နက္ခတ်၊ မမသွားယူပေးမယ်လေ။ ဂါဝန် ရော လဲလိုက်ပါလား"

"ဟာ . . . မဟုတ်ဘူး မမရဲ့။ မမပြောသလို မဟုတ်ပါဘူး။ ဒါကလေ ဟို အိမ်ကအငယ်ကောင်လက်ကို ဓားခုတ်မိလို့ လုပ်ပေးရင်း သွေးတွေစွန်းသွားတာပါ"

"ဩော် . . . ဟုတ်လား"

"ဟုတ်"

မိန်းကလေးဖြစ်ရတာ မလွယ်တာမှ တော်တော်ကိုမလွယ်ပါလား။

"မသိပါဘူး၊ မမဆို တစ်ခါတလေ ရက်မှတ်မထားမိတော့ သွားရင်းလာရင်း ဖြစ်တတ်လို့ပါ။ နက္ခတ်လည်း အဲဒီလိုဖြစ်တာလားလို့။ အဟွန်း မမမေးတာကို ရက်လို့လား"

ယောင်ပြီး ခေါင်းညိတ်လိုက်မိတော့ မြသဉ္ဇာနွယ်က ရယ်လိုက်ကာ –





"ဩော် နက္ခတ်ရယ် . . . မိန်းမချင်းမေးတာများ ဘာရှက်စရာ ရှိလို့လဲ။ ဒါ မိန်းကလေးတိုင်း မလွှဲမသွေ ကြုံရတဲ့ကိစ္စပဲဟာကို"

"ဟုတ်ကဲ့ . . . သွားရအောင် မမ"

နက္ခတ် ကားပေါ်သို့တက်လိုက်သည်။ မမလည်း ကားပေါ်သို့ တက်ကာနီးတွင် –

"အမလေး"

"ဟင်"

မြသဉ္ဇာနွယ် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသဖြင့် ကားတံခါး ကို ကမန်းကတန်း ဆုပ်ကိုင်ထားလိုက်ရသည်။

"မမ"

နက္ခတ် ကားပေါ်ကနေပြန်ဆင်းပြီး မမပခုံးကို ဖက်လိုက်ကာ

"မမ"

"– – – – –"

"မမ ဘာဖြစ်လို့လဲ"

မြသဉ္ဇာနွယ် သူမေးတာကို ချက်ချင်းပြန်မဖြေနိုင်ပေ။ နားထင်ကိုသာ လက်နှင့်ထောက်ပြီး နက္ခတ်ပခုံးကိုပဲ မှီလိုက်ရတော့ သည်။ နက္ခတ်က သူမကိုပွေ့ပြီး ကားပေါ်တင်ကာ ဖက်ထားပေးသည် အထိ စကားပြန်မပြောဖြစ်ပေ။ သွေးပေါင်ကျပြန်ပြီ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



မြသဥ္ဇာနွယ်က –

လူကသာ အရပ်မြင့်မြင့် တောင့်တောင့်ဖြောင့်ဖြောင့်ရယ်။ သွေးပေါင်က ခဏခဏ ကျတတ်သည်လေ။ အလုပ်ကလည်း ပင်ပန်းတာကိုး။ သယ်ရိုးရတာမရှိပေမယ့် သွားလာ လာရ စိတ်ပင်ပန်းရပါပဲ။

"မမ"

"––––––"

"မမ"

"ဟင်"

"မမ ဘာဖြစ်တာလဲ၊ ခေါင်းထဲမူးသွားတာလား"

"ဟုတ်တယ်၊ မမ ခေါင်းထဲမူးသွားတာ"

"ဒါဆို ဆေးခန်းသွားမလား မမ။ သွားမှဖြစ်မှာနော်။ ကျွန်တော် ဆေးခန်းကိုမောင်းရမလား"

မြသဥ္ဇာနွယ် ခေါင်းညိတ်ပြလေလျှင် –

"ဒါဆို မမထိုင်လိုက်နိုင်ရဲ့လား"

"အင်း ... ရပါတယ်၊ နည်းနည်းပြေသွားပါပြီ"

မြသဥ္ဇာနွယ် သူ့ကိုယ်နှင့်ခွာပြီး မတ်မတ်ပြင်ထိုင်လိုက်သည်။ ခဏပဲ မူးမိုက်သွားတာပေမယ့် ဆေးခန်းကိုသွားမှ ဖြစ်မှာပါ။ ပေဇနေရင်





တော်ကြာ အပ်နဲ့ထွင်းရမယ့်ကိစ္စ ပုဆိန်နဲ့ပေါက်ရတာမျိုး ဖြစ်မှာလေ။ ဒါကြောင့် နက္ခတ်ကို ဆေးခန်းပဲ မောင်းခိုင်းလိုက်သည်။

တော်သေးတာပေါ့။

အနားမှာ နက္ခတ်ရှိနေလို့လေ။ နက္ခတ်က လူသာပျော့နွဲ့နွဲ့ရယ် နေရာတကာမှာ အားကိုးလို့ရပါသည်။ ဆေးခန်းအရင်ဝင်ပြီး မားကက်သို့ပဲ လာခဲ့တော့သည်။ သူမ နားလို့မဖြစ်သေးဘူးလေ။ မားကက်ထဲသို့ ဝင်လာခဲ့ကြစဉ် –

"အမေ့"

"ဟာ"

နက္ခတ် ကောင်မလေးတစ်ယောက်နှင့် ပခုံးချင်းဝင်တိုက်မိပြီး ကောင်မလေး ကိုယ်က ယိုင်ခနဲဖြစ်သွားသဖြင့် နက္ခတ် ကမန်းကတန်းနှင့် လှမ်းဆွဲလိုက်ရသည်။ ဆွဲမိဆွဲရာဆွဲလိုက်တော့ အင်္ကျီလက်မောင်းစကို ဆွဲလိုက်မိသွားတာ အင်္ကျီစကတင်မကပြီး ကောင်မလေးရဲ့အင်္ကျီ ကြယ်သီးအပေါ်ဆုံးအလုံးက ပြုတ်ထွက်သွားလေတော့သည်။

"ဆောရီး ဆောရီးပါ"

ကောင်မလေးက အင်္ကျီရင်ဘတ်စကို ကမန်းကတန်း ပြန်ဆွဲစေ့လိုက်ပြီး သူ့ကိုမော့ကြည့်လေတော့ –

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"-----"

ကောင်မလေးက သူ့ကို လက်ညှိုးလေးထိုးပြီး –

"ဟို ဟိုတစ်ခါ ရန်ဖြစ်ရင်း ပိုက်ဆံအိတ်ထွက်ကျန်ခဲ့တဲ့ မမ မဟုတ်လား"

နက္ခတ်လည်း ကောင်းကောင်းမှတ်မိသွားလေတော့၏။

"ဟုတ်ပါတယ်"

ကောင်မလေးက ရယ်ပြီး ကြယ်သီးပြန်တပ်လိုက်ကာ–

"တော်ပါသေးရဲ့ မိန်းကလေးချင်းမို့လို့ ယောက်ျားလေးနဲ့သာဆို ကြယ်သီးပြုတ်သွားတာ ရှက်စရာကြီး"

"ငါက ယောက်ျားလေးလေ"

"အဟွန်း မမက နောက်တတ်သားဲ"

"နက္ခတ်"

မမခေါ်နေပြီမို့ နက္ခတ်လှည့်ကြည့်ကာ –

"လာပြီ မမ"

နက္ခတ် ကောင်မလေးကို ကျောခိုင်းကာ ထားရစ်ခဲ့တော့၏။ အခုချိန်မှာ သူ ဘယ်မိန်းကလေးနဲ့မှ ရောနှောရင်းနှီးလို့မရသေးဘူးလေ။ တာဝန်တစ်ခုကို ပခုံးပေါ်မှာ ရှိနေသေးသည်မဟုတ်လား။

❑ ❑ ❑



## အခန်း (၉)

"ကလင် ကလင် ကလင်"

"------"

"ကလင် ကလင် ကလင်"

ဖုန်းမြည်သံကြောင့် မြသဉ္ဇာနွယ် ဖုန်းကိုကောက်ကိုင်ပြီး နားထောင်လိုက်သည်။

"ဟယ်လို"

"သဉ္ဇာ"

"ဟုတ်ကဲ့ ... သဉ္ဇာပြောနေပါတယ်။ အခုပြောနေတာ ဘယ်သူလဲ မသိဘူးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဖေလတ်ပါ သဉ္ဇာ"

ဖေလတ်ဆိုတာနှင့် မြသဉ္ဇာနွယ် မျက်နှာတင်းခနဲ ဖြစ်သွားလေသည်။ ဒီလူ ဘာပြောဦးမလို့လဲ။ ကိုယ့်ကို အမျိုးမျိုး လိုက်နှောင့်ယှက်နေတာမို့ ရွံမိသည်။ မစားရတဲ့အမဲ သဲနဲ့ပက်ချင်တာလား။ ဟိုလို နှောင့်ယှက်လိုက် ဒီလို နှောင့်ယှက်လိုက်နှင့် သူမ စိတ်ညစ်မိတာ အမှန်ပါပဲ။

မချစ်ပါဘူးလို့ အကြိမ်ကြိမ်ပြောထားပြီးပြီလေ။ ဒါကို တစ်မျိုးပြီးတစ်မျိုး လိုက်နှောင့်ယှက်နေတာ မကောင်းပါဘူး။ ဘယ်လိုလုပ်ရပါ့မလဲ။

"ဒီမှာ ကိုဖေလတ် ... ဒါ ကျွန်မရဲ့အလုပ်ချိန်နော်။ ရှင် ပေါက်ကရပြောပြီး မနှောင့်ယှက်ပါနဲ့။ ကျွန်မ တောင်းပန်ပါတယ်"

"ပေါက်ကရမပြောပါဘူး သဉ္ဇာရဲ့။ ကိုယ် အခုပြောမှာက စေတနာစကားပါ။ သဉ္ဇာကို စေတနာနဲ့ ပြောမလို့ပါ။ ကိုယ် အခုပြောမယ့် စကားကို သဉ္ဇာနားမထောင်ဘူးဆိုရင် နောင်တအကြီးကြီး ရသွားလိမ့်မယ်နော်"

"ကောင်းပြီလေ၊ ဒါဆို ကျွန်မနားထောင်မယ်။ ရှင်ပြောပါ"

နားထောင်ကြည့်ရသေးတာပေါ့။ စေတနာစကားဆိုပေမယ့် ဒီလူစကားကို အကြွင်းမဲ့ယုံကြည့်လို့တော့ မရပေ။ ကိုယ် ပက်ပက်





စက်စက် ပြောထားတာတောင် မနာတတ်ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ သဉ္ဇာကို အငြိုးထားပြီး မကောင်းကြံချင်လည်း ကြံနိုင်တာပဲလေ။

"နက္ခတ်ကို မင်း ဘယ်လိုမြင်လဲ သဉ္ဇာ"

"ဘယ်လိုမြင်ရမှာလဲ၊ နက္ခတ်က မဟုတ်မခံ စိတ်ရှိတဲ့ မိန်းကလေးတစ်ယောက်။ သွက်လက်တယ်၊ ကျွန်မအတွက် အားကိုးရတယ်။ အဲဒါဘာဖြစ်လဲ"

"ဟား ဟား ဟား ဟား"

ဖေလတ်က ဟက်ဟက်ပက်ပက် ရယ်လေသည်။ သဉ္ဇာ ပြောတာ မှားနေလို့လား။ နက္ခတ်က ဘာဖြစ်နေလို့လဲ။

"ရှင် ဘာရယ်တာလဲ ကိုဖေလတ်။ ကျွန်မစကားထဲမှာ ဘာများရယ်စရာပါနေလို့လဲ"

"ပါ ပါပြီကော မြသဉ္ဇာနွယ်ရယ်။ ကိုယ်စီးနေတဲ့ မြင်းကို အထီးမှန်းမသိ အမမှန်းမသိနဲ့ မင်း ဒီတစ်ခါတော့ ညံ့သွားပြီ၊ မင်း ဂုဏ်ပုဒ်တွေ နှမြောဖို့ကောင်းလိုက်တာကွာ။ ဟား ဟား ဟား"

"ဘာ"

ကိုယ့်ကို သရော်ပြီးရယ်နေတာမို့ သဉ္ဇာ စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားရသည်။ ချက်ချင်းတော့ ဒေါသထွက်လို့ မဖြစ်သေးပါဘူး။ သူပြောတာကို နားထောင်ပြီး ဟုတ်မဟုတ် ဖြစ်နိုင်မဖြစ်နိုင်ကို ချိန်သယ်



www.burmeseclassic.com

www.burmeseclassic.com



ရမည်လေ။

"ကိုဇေလတ် . . . ရှင်ဘာပြောချင်တာလဲ။ ပြောချင်တာကို ရှင်းရှင်းပဲပြောပါ။ ဝေ့ဝိုက်ကွေ့ပတ်နေတာကို ကျွန်မ မကြိုက်ဘူး"

"ကောင်းပြီလေ၊ ဒို့ကြိုက်တော့လည်း ဒို့ပဲပြောရတာပေါ့။ မင်းအနားမှာနေတဲ့ နက္ခတ်က တကယ့်မိန်းကလေးအစစ်လို့ ထင်နေတာလား။ အဲဒါယောက်ျားကွ ယောက်ျား"

"ဘာ"

"မင်းအနားကို ဘာအကြံတွေနဲ့ မိန်းကလေးယောင် ဆောင်ပြီး ရောက်လာတယ်မှ မသိတာ"

"ရှင်ပြောတာ တကယ်ပဲလား ကိုဇေလတ်"

"ကိုယ့်ဘာသာကိုယ် လေ့လာကြည့်လိုက်လေ။ နက္ခတ်က မိန်းကလေးလား ယောက်ျားလေးလားဆိုတာ"

"ခုလိုသတိပေးတာ ကျေးဇူးပါပဲ ကိုဇေလတ်။ ရှင်ပြောချင်တာ ဒါပဲ မဟုတ်လား"

"ဟုတ်တယ် သဉ္ဇာ၊ ကိုယ်ပြောချင်တာ ဒါပါပဲ"

"ဒါဆို ကျွန်မ ဖုန်းချလိုက်တော့မယ်"

ပြောပြောဆိုဆိုနှင့် သဉ္ဇာ ဖုန်းချပစ်လိုက်တော့သည်။ စဉ်းစားရပြီလေ၊ ကိုဇေလတ်ပြောတာ ဘာကြောင့်လဲပေါ့။ တစ်နေ့လုံး ဒီကိစ္





ကို တွေးရင်းပဲ အလုပ်လုပ်ရတာ အယောင်ယောင်အမှားမှားနှင့်ပါ။ စိတ်နဲ့ကိုယ်နဲ့ မကပ်တော့ဘူးပေါ့။

ထို့ကြောင့် –

"လွင်မာ"

"ဟင်"

"ငါပြန်တော့မယ်ဟာ။ ကျန်တဲ့စာရင်းတွေ နင်ပဲလုပ်ပေးပါ။ ငါလုပ်လည်း အယောင်ယောင်အမှားမှားနဲ့ အကုန်မှားကုန်တော့မယ်။ နင်လုပ်ပေးနော်၊ ဖြစ်တယ် မဟုတ်လား"

"ဖြစ်တာက ဖြစ်ပါတယ် ဒါပေမဲ့"

ဒါပေမဲ့ဆိုပြီး လွင်မာကလည်း စကားမဆက်၊ သဉ္ဇာကလည်း မမေးပေ။ သဉ္ဇာက ပြန်ဖို့သာပြင်ဆင်နေတော့၏။ လွင်မာ သိချင်စိတ်ကို မမျိုသိပ်နိုင်တော့ဘဲ။

"သဉ္ဇာ"

"– – – – –"

"နင် ဘာဖြစ်နေတာလဲ၊ မျက်နှာလည်းမကောင်းဘူး။ အလုပ်လုပ်တာလည်း အလွဲလွဲအချော်ချော်နဲ့၊ တစ်ခုခုဖြစ်နေတာ မဟုတ်လား။ ဘာဖြစ်တာလဲ ငါ့ကိုပြောပြလေ သဉ္ဇာရဲ့"

သဉ္ဇာ ခေါင်းခါလိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အကြောင်းနဲ့ငါပါ။ ငါ ပြန်တော့မယ်"

ပြောပြီး ထပြန်သွားတဲ့ သဥ္ဇာခြေလှမ်းတွေက သွက်မှသွက်ပါ။ သူမ နက္ခတ်နဲ့ တွေ့ချင်လှပြီလေ။ နက္ခတ် အခု ဘယ်မှာရှိနေနိုင်မလဲ။ ဘယ်မှာပဲရှိရှိ ရောက်အောင်လာဖို့ ဖုန်းဆက်ကြည့်လိုက်သည်။

"နက္ခတ် . . . အခု မင်းဘယ်မှာလဲ"

"ဘာဖြစ်လို့လဲ မမ၊ ကျွန်တော် ကားထဲမှာပဲ ရှိတယ်။ စာအုပ်ဖတ်နေတာ"

"အေး . . . ကားထဲမှာရှိနေရင် ပြီးတာပဲ"

နက္ခတ်က ဘော်ဒီဂတ်ရာထူးရထားတော့ ကားထဲမှာပဲ ဝတ္ထုဖတ်ရင်း မမကိုစောင့်ရင်စောင့်၊ ဒါမှမဟုတ် ဟိုအနားဒီအနားလောက်ပဲ အပျင်းပြေလျှောက်သွားတတ်တာပါ။ တစ်ခါတလေကျတော့လည်း သဥ္ဇာမနိုင်မနင်းရှိတဲ့ အလုပ်တွေကို ကူလုပ်သည်သာ။

စာရင်းဇယားတွေ ကူလုပ်တာမျိုးပေါ့။

ဒီလိုဘက်မှာလည်း စိတ်တော့အချရသား။ သဥ္ဇာ ကားအနားရောက်တော့ ကားတံခါးကို ဆွဲဖွင့်ကာ ဝင်ထိုင်ပြီး နက္ခတ်ကို ဆံစကနေ ခြေဖျားအဆုံး စုံချည်ဆန်ချည် ကြည့်လေလျှင်–

"မမ"

နက္ခတ် မျက်မှောင်ကြုတ်သွားပြီး –





"မမ ကျွန်တော့်ကို ဘာလို့ အဲလောက်ကြည့်နေတာလဲ"

"မင်း လှလို့ပဲ"

"ဗျာ"

"ပြောစမ်းနက္ခတ်၊ မင်း ဘာရည်ရွယ်ချက်နဲ့ မိန်းကလေးယောင်ဆောင်ပြီး ငါ့ကိုချဉ်းကပ်ခဲ့တာလဲ။ ဘာလိုချင်လို့လဲ၊ ဘာဖြစ်ချင်တာလဲပြောပါ"

တစ်နေ့ ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ ကြိုတွေးထားပြီးသားမို့ နက္ခတ်မတုန်လှုပ်ပေ။ အလုပ်စလက်ခံပြီဆိုကတည်းက ဘယ်လိုဖြစ်လာရင် ဘာလုပ်မယ် ဘာပြောမယ်ဆိုတာ ကြိုတင်အကွက်ချပြီးသား။ ဒီနည်းနဲ့မရ ဟိုနည်းပေါ့။ အသည်းခွဲနက္ခတ်ပဲလေ။

ကိုယ့်နာမည်ရဲ့ ဂုဏ်ပုဒ်ကို အပျက်မခံပါဘူး။ ထို့ကြောင့် တည်ငြိမ်စွာနှင့်သာ –

"ပြောလေ နက္ခတ်။ မင်း ဘာအကြံနဲ့ ငါ့ကိုချဉ်းကပ်ခဲ့တာလဲ"

"မမက အမှန်ကိုသိသွားပြီပဲ"

"ဟုတ်တယ် . . . မင်း လည်သလို ငါလည်း မတုံးဘူး နက္ခတ်"

နက္ခတ် ခေါင်းညိတ်လိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"မမက သိပ်တော်လို့ပဲ ကျွန်တော် ဒီနည်းကို သုံးခဲ့ရတာပါ"

"ဘာ"

"အဖြေက ရှင်းရှင်းလေးပါ မမ။ ကိုယ်နဲ့မထိုက်တန်တဲ့ပန်းကို နမ်းခွင့်မရနိုင်ဘူးဆိုတဲ့ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ မြတ်နိုးမိနေတော့ နမ်းခွင့်မရရင်နေပါစေ။ အဲဒီပန်းလေး ညှိုးနွမ်းမသွားရအောင် အလှကြည့်သက်သက်နဲ့ ကိုယ်က ဆူးခက်အဖြစ် ခြံရံပြီး အနီးကပ်စောင့်ရှောက်ခွင့်ရရင် ကျေနပ်ပါပြီ"

"ဟင်"

ဒါဆို သူက အစကတည်းက သဘောကိုသိနေလို့ ရုပ်ဖျက်ပြီး ချဉ်းကပ်ခဲ့တာပေါ့။ သူများတွေလို ချစ်တာတွေ ပိုင်ဆိုင်ချင်တာတွေ ပြောပြီး လိုက်နှောင့်ယှက်နေတာလည်း မဟုတ်တော့ ပြောရခက်သား။ ဘယ်လိုပက်ပက်စက်စက်ပြောရက်မှာလဲ။ အတူသွား အတူလာခဲ့ရတဲ့ ကာလတွေအတွင်းမှာ –

သံယောဇဉ်ကလည်း ဖြစ်နေပြီ။

ပြီးတော့ ကိုယ့်အပေါ်ကျရောက်လာမယ့် အန္တရာယ်တွေကို ကာကွယ်ပေးနေသူဆိုတော့ ဟူး ဘယ်လိုပြောရပါ့မလဲ။

"ကျွန်တော် မမကို စမြင်ဖူးပြီးကတည်းက မေ့မရဘဲ စွဲလန်းခဲ့တာပါ"





"မင်း ငါ့ကို ဘယ်မှာစပြီးမြင်ဖူးတာလဲ"

"ဒီမားကက်ထဲမှာပါပဲ။ မမကိုမြင်ပြီး လိုက်ငေးနေခဲ့ဖူးတာ မမက စင်ပေါ်နေလူဆိုတော့ ဘယ်သိမှာလဲ"

ဒါ နကွက်ရဲ့မာယာ။ တကယ်က ရုံခန်းထဲရောက်တဲ့နေ့ကမှ စမြင်ဖူးခဲ့တာလေ။

ခတ်ပုံတော့ ကိုဇေလတ်ပြလို့ မြင်ဖူးတာပေါ့။ လူကိုယ်တိုင်ကတော့ ကိုယ်က ပြဿနာတစ်ခုကို ဖန်တီးလိုက်မှ မြင်ဖူးခွင့်ရတာပါ။

"အခု ကျွန်တော့်ရဲ့လုပ်ရပ်အတွက် မမ မကျေနပ်ဘူးဆိုရင် ကျွန်တော့်ကို ကြိုက်သလို စီရင်ပါ။ ကျွန်တော်နာခံဖို့ အဆင်သင့်ပါ မမ"

မြသဇာနွယ် သက်ပြင်းချလိုက်မိတော့၏။ ဒီကောင်လေးနဲ့ ကျမှ ကိုယ့်မာနတွေ အရေခွံကျွတ်ကျကုန်ပြီ ထင်ပါရဲ့။

"မမ"

"–––––"

"မမကို ကျွန်တော်ချစ်တယ်"

"တော်တော့ မပြောနဲ့"

"မမ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်နေ့ကျ မင်း ငါ့ဆီကို ဒီပုံစံနဲ့ မလာနဲ့တော့။ ပုံမှန်အတိုင်းနဲ့ပဲ လာခဲ့"

နကွတ် နှုတ်ခမ်းက ပြုံးသွားလေသည်။ ဒီလောက်ဆို သဘောပေါက်ပြီလေ။ နကွတ်ဆိုတာ မိန်းမတွေရဲ့အတွင်းစိတ်ကို ဖောက်ထွင်းပြီးကြည့်တတ်တဲ့ ကောင်ပဲဟာ။

❑ ❑ ❑



## အခန်း (၁၀)

နွေရိပ်ထင်။

ဘယ်လိုပဲကြည့်ကြည့် ချစ်စရာကောင်းနေတဲ့ကောင်မလေး။ ဘာမှ ခြယ်ခြင်းသခြင်းမရှိတဲ့ မျက်နှာပြောင်သလင်းနဲ့တောင် ဝင်းမွတ်ပြီးလှနေတဲ့သူ။ အဲဒါက မနာလိုစရာအကောင်းဆုံးပါပဲ။ အခုလည်း ကြည့်၊ နံနက်မိုးလင်းတာနဲ့ သူများတွေလို အလှအပမပြင်ဘဲ အခုထိ မျက်နှာပြောင်သလင်းနှင့်ပါ။

နံနက်စာ စားပြီးလည်း –

အခုထိ ဒီအတိုင်းနဲ့ပဲ ခွေနှင့်ဆော့နေတာ ကလေးအတိုင်းပါပဲ။ အလကား သူ့ဘဝ သူ့အလှအားလုံးကို မနာလိုပါဘူး။ ကိုယ်က



www.burmeseclassic.com

လိုချင်ပြီး ပိုင်ဆိုင်ချင်တဲ့ဘဝကိုမရ။ သူကျတော့ ရရှိထားတဲ့ဘဝကို ဂရုမစိုက်။ ကသိုလ်ကံချင်းကွာလိုက်တာ။ ကိုယ်တွေမှာတော့ –

တစ်နေ့တစ်နေ့ –

အလုပ်ပြင်ရတာအမောပါပဲ။ ပြီးတော့ ကိုယ်သုံးဖို့ ပိုက်ဆံကို မေမေ့ဆီ လက်ဖြန့်တောင်းနေရတာလေ။ နွေရိပ်ထင်ကျတော့ ဘယ်သူ့ဆီမှာမှ လက်ဖြန့်တောင်းမနေရဘဲ ဘဏ်မှာ ကြိုက်သလောက် ထုတ်သုံးခွင့်ရနေတာ။ အဲဒါကို အားလည်းကျသလို မနာလည်းမနာလို။

"ဟား ဟား"

"––––––"

"ခစ် ခစ်"

"ကွိ ကွိ"

နွေရိပ်က လက်ကို နိမ့်ချည် မြင့်ချည်လုပ်ပြီး ရှင်းရှင်းကို စနေသည်။ ရှင်းရှင်းက ထိုလက်ကို ခုန်ဆွ ခုန်ဆွနှင့် လိုက်ဟပ်နေသလိုပါပဲ။

"ဟား . . . တော်ပြီကွာ၊ ငါမောနေပြီ ရှင်းရှင်းရဲ့။ မကစားတော့ဘူး"

"ကွိ ကွိ ကွိ"





"နင်လည်း နားတော့"

"ကွိ ကွိ ကွိ"

"တော်ပါပြီဆို၊ ငြိမ်ငြိမ်နေကွာ"

နောက်က တရှပ်ရှပ်လာနေတဲ့ခြေသံကြောင့် အလက်ာ ပြန်လှည့်ကြည့်လိုက်သည်။ ပြီး ဒီဘက်ကို ပြန်လှည့်ပြီး နွေရိပ်ကိုကြည့်မိပြန်၏။

"သမီး"

"––––––"

"ဘာတွေကြည့်နေတာလဲ"

အလက်ာ နွေရိပ်ဘက်သို့ မေးငေါ့ပြကာ –

"နွေရိပ်ကို ကြည့်နေတာပါ။ သမီး သူ့ဘဝကို အရမ်းအားကျတာပဲ"

ဒေါ်တမာချို သမီးဖြစ်သူ၏ပခုံးကို ဆုပ်ကိုင်လိုက်ကာ –

"တစ်နေ့ကျ မေမေ့သမီး ဒီလိုဘဝမျိုးကိုပိုင်ဆိုင်ရမှာပါ"

"ရှင်"

အလက်ာ မေမေ့မျက်နှာကို အံ့ဩသလို ကြည့်လိုက်မိသည်။ မေမေ့မှာ ဘာအကြံအစည်တွေ ရှိနေလဲလို့ပေါ့။ နွေရိပ်ကို သတ်ရင်တောင် သမီးတော့ မဖြစ်လောက်ဘူးထင်ပါရဲ့။ နွေရိပ်ရထားတဲ့ အမွေတွေက

www.burmeseclassic.com



မနည်းမနောပဲလေ။ နွေရိပ်မရှိရင်တော့ ဒီအမွေတွေကို သူ့အဖေ ဦးကွန်းဖော်ပဲရမှာပေါ့။ အလက်ာကတော့ ဖြစ်နိုင်ရင် နွေရိပ်ကို သေစေချင်တာ။

လောဘဆိုတဲ့စိတ်က –

အလက်ာချိုဆိုတဲ့ နာမည်လှလှလေးကို ဖျက်ဆီးပစ်နေတာလေ။ အလက်ာချို စိတ်ဓာတ်မချိုနိုင်တာကတော့ လောဘကြောင့်ပေါ့။

"ဒီကောင်မကို မေမေ အနုနည်းနဲ့သတ်ပြမယ်"

"ဘယ်လိုအနုနည်းလဲ မေမေ။ သမီးကိုပြောပြပါလား"

"သူ့ကို ဘဝပျက်အောင်အရင်လုပ်ရမယ်။ အဲဒါမှ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ မေမေ နောက်တစ်ဆင့်ဖန်တီးမယ်"

"မိုက်လှချေလား။ အဲဒီအကြံ ကောင်းတယ် မေမေ။ မေမေက ဒီလိုကျ သမီးထက်တော် သွားပြန်ရော"

"ညည်းကို မွေးထားတဲ့ ညည်းအမေလေ။ မတော်ရင် မေမေတို့ ဒီအိမ်ကိုရောက်လာစရာအကြောင်းမှမရှိတာ"

မှန်တာပေါ့။ မေမေပြောပြလို့ သူမသိသည်လေ။ ဦးကွန်းဖော်က တော်ရုံမာယာနဲ့ သိမ်းသွင်းလို့ရတဲ့ယောကျ်ား မဟုတ်တူးတဲ့။ နေရာတကာမှာ သမီးကိုပဲ ဦးစားပေးတဲ့သူ။ မေမေက မဟုတ်မမှန် လုပ်ကြံဇာတ်တွေခင်းပြီး ရအောင်ယူခဲ့တာတဲ့လေ။ ပါတီပွဲတစ်ခုမှာ





ဦးကွန်းဖော်ကို မူးအောင်တိုက်ပြီး အတူအိပ်နေတာကို၊ မေမေ့ သူငယ်ချင်းတွေက အမိဖမ်းပေးခဲ့တာတဲ့။ မကောင်းတဲ့အလုပ်ဆို ကူညီချင်သူတွေပေါတာ မေမေ့ရဲ့ကျင်လည်ရာ ပတ်ဝန်းကျင်က လူတွေပါ။

"မေမေ"

"ဟင်"

"နွေရိပ်ကို လျှော့တွက်လို့တော့မရဘူးနော် မေမေ"

"အဲဒီအတွက် စိတ်ပူမနေစမ်းပါနဲ့ သမီးရယ်။ မေမေ့အတွက်က ပါးပါးလေးပဲ"

"ဟင်"

နွေရိပ် သူမကိုကြည့်ပြီး ဘာတွေပြောနေကြသည်မသိသော ဒေါ်တမာချိုတို့သားအမိကို မြင်သွားလေတော့ ရင်ခွင်ထဲက ရှင်းရှင်းကို အောက်သို့ချလိုက်ပြီး လျှောက်လာခဲ့တော့သည်။ နွေရိပ်က သူမ ဘာပဲလုပ်လုပ် သူများချောင်းကြည့်တာကို မကြိုက်ပေ။

ကြည့်ရင် ပြောင်ကြည့်။ ပြောရင် ပြောင်ပြော။

အဲဒါမှ မကျေနပ်ရင် မကျေနပ်တဲ့အတိုင်းပြောလို့ ရတာပေါ့။

"သူများ ကစားနေတာကိုကြည့်ပြီး ဘာတွေများ မဟုတ်တာလုပ်ဖို့ ကြံနေကြတာလဲ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ရာရာစစ အလကားနေ တို့က သူများကိုမကောင်းကြံတယ်လို့များ ထင်နေလား။ နှင့်စိတ်နဲ့မနှိုင်းနဲ့ နွေရိပ်ထင်။ တို့သားအမိက အေးအေးဆေးဆေးနေတာ။ ပြဿနာလာမရှာနဲ့။ သည်းခံတယ်ဆိုတာ အတိုင်းအတာရှိတယ်"

"အဟွန်း ... ပြေူးက ပြံတယ်ဆိုတာ ဒါမျိုးပဲ"

"ဘယ်သူမှမပြံဘူး။ ငါ နင်နဲ့လည်း စကားမပြောချင်ဘူး နွေရိပ်ထင်။ လူကြီးကို လူကြီးမှန်းမသိ ဂါရဝတရားမရှိတဲ့ နင့်လို မိန်းကလေးမျိုးနဲ့ ပြောရတာ နေရင်းထိုင်ရင်း ငါ့ခေါင်းပြားတွေ လျော့တာပဲ အဖတ်တင်မယ်"

"ဘာ"

ဒေါ်တမာချို ပြောပြီး လှည့်ထွက်သွားလေတော့သည်။ အရှုံးက တစ်မူးသာတယ်ဆိုတာ ဒါမျိုးပေါ့။ နွေရိပ်ထင်စိတ်ထဲမှာ ကျလိကျလိနှင့်ပါပဲ။ ကိုယ့်အကြောင်းပြောနေမှန်း သိပေမယ့် လက်တွေ့မကြားရတော့ အခက်သား။ အိမ်ကိုရောက်လာပြီး တစ်နှစ်မပြည့်ခင်မှာပဲ မိထွေးဇာတိပြခဲ့တဲ့ မိန်းမကြီး။

အစကတော့ သည်းခံသလိုလို ဘာလိုလိုနဲ့ ဘီလူး။ လူယောင်ဆောင် ခုနစ်ရက်ပါပဲ။ အခု မျက်နှာဖုံးကွာကျပြီး ဇာတိကို အမျိုးမျိုးပြနေတာ မသိတာမှတ်လို့။





"တောက်"

"ဟင်"

အလက်ာချိုက မသွားသေးဘဲ ဆက်ရပ်နေတာမို့ –

"နွေရိပ်ထင်"

"ဘာလဲ"

"နင် ဘယ်သူ့ကို တောက်ခေါက်တာလဲ"

"ဒီလောက်ရှင်းနေတာကို အပိုတွေ လာမေးမနေနဲ့"

"နင် တော်တော်ရိုင်းတာပဲ"

"ဘာ"

"မေမေက နင့်မိဘအရွယ်။ နင့်မိဘအရာ ရောက်နေတဲ့သူဆိုတာ နင်မသိဘူးလား။ နင်လောက်ရိုင်းတာ နင်ပဲရှိတယ်"

"ဟာ ရိုင်းလို့ စကားမပြောချင်ရင် ငါနဲ့ကင်းအောင်နေလေ။ နည်းနည်းကွယ်လိုက်တာနဲ့ အတင်းပြောတတ်တာက ဘယ်သူတွေလဲ။ ငါက ရှင်းရှင်းပဲ။ မိဘလိုနေမှ မိဘလိုသဘောထားနိုင်မယ်။ ငါ့အပေါ် မယဉ်ကျေးလို့ ငါပြန်ရိုင်းတာ မဆန်းဘူး နားလည်လား။ ငါက စင်ပေါ်ကလူ"

"အဲဒီတော့ ဘာဖြစ်လဲ"

"စင်အောက်ကလူကို ငုံ့ကြည့်ပြီး ခွေးကြည့်ပါဦးလို့ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောမှာလဲ”

“တောက်”

အလက်ာ ဒေါသထွက်သွားလေတော့သည်။ နွေရိုင်ပြောတဲ့ စကားအဓိပ္ပာယ်ကို သေသေချာချာ မစဉ်းစားဘဲ သူမတို့ကို ခွေးနဲ့နှိုင်းတယ်လို့ ထင်သွားတာကြောင့်လေ။ တကယ်က နွေရိုင်စကားက ရိုင်းတယ်ထင်ရပေမယ့် ယဉ်ကျေးစွာ နှိုင်းနှိုင်းလိုက်တဲ့စကားစုပါ။

ဒါကို –

သေသေချာချာ နားမလည်ဘဲ ဒေါသထွက်ကာ နွေရိုင်ရှေ့သို့ တိုးရပ်လိုက်ရင်း –

“အရိုင်းအစိုင်းမ”

“ဘာ”

“ငါ့အမေကို ဒီလောက်စော်ကားတာ . . . ကဲ”

“ဖြန်း”

“အ”

နွေရိုင့် ပါးတစ်ဖက် ပူသွားပြီး သတိကြီးစွာနှင့် မျက်နှာကို ချက်ချက်းပြန်လှည့်ကာ –

“နင် ငါ့ပါးကို ရိုက်တယ်ပေါ့”

“ရိုက်တယ် ဘာဖြစ်လဲ”





နွေရိုင် မဲ့ပြုံး ပြုံးလိုက်ပြီး –

“အေး . . . နင့်မှာ လက်ပါသလို ငါ့မှာလည်း လက်ပါတယ် ဆိုတော့”

နွေရိုင် လက်တစ်ဖက်မြှောက်တက်သွားပြီး –

“ဖြန်း”

“အ”

“ဖြန်း”

–“အား”

သူ့ထက်ကဲ ရွှေပြည်စိုးပါပဲ။ နွေရိုင်က အလက်ာပါးကို ဘယ်ပြန်ညာပြန် ရိုက်ချပစ်လိုက်သည်။

“အဲဒါမှတ်ထား။ အတိုးပါပြန်ပေးတာ။ နင် ငါ့ကို ပြန်ရိုက်ချင်သေးရင် ရတယ်။ နင်ကနှစ်ချက်ဆို ငါက လေးချက် ပြန်ဖြစ်စေရမယ်”

“တောက်”

လုပ်ထားဦးပေါ့ နွေရိုင်ထင်။ ကိုယ်တွေက ဦးကွန်းမျက်နှာကြောင့် လျှော့ပေးလိုက်တာ။ အလှည့်ကျရင်တော့ မနွံ့ကျစတမ်းပေါ့။ အခုတော့ ဒါ အရင်းအနှီးပါပဲ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သေချင်တယ် သေချင်တယ်။ နင်တို့တွေကြားမှာ ငါသေချင်တယ် သိလား။ အလုပ်ထဲမှာ လူပင်ပန်းစိတ်ပင်ပန်းနဲ့ လုပ်နေရတာ။ အိမ်ပြန်လာတော့လည်း စိတ်မချမ်းသာရဘူး။ နင်တို့ ငါ့ကို ပညာသားနဲ့ ဥပဒေမဲ့သတ်နေကြတာလား ပြောကြစမ်း"

ဦးကွန်းဇော် အသံကြီးက ကျယ်ကျယ်လောင်လောင်ပါ။ သူ တကယ့်ကိုပဲ စိတ်ညစ်လှပါပြီ။ ဟိုတုန်းကတော့ အိမ်ဆိုတာ အေးချမ်းသာယာသည့် အသိုက်အမြုံလေးတစ်ခုပါပဲ။ အလုပ်ထဲမှာ အလုပ်လုပ်နေရင်း အိမ်ကို ခဏခဏ သတိရသည်။ အိမ်ကို အမြန်ဆုံး ပြန်ချင်သည်။ အိမ်ပြန်ပြီဆို နွေးထွေးမှုတွေက မွှေ့ဖက်လို့





စိတ်ချမ်းသာ ကြည်နူးရ၏။

အခုကျတော့ –

အိမ်ဆိုတာ သူ့အတွက် ငရဲပြည်။ အိမ်အပြန်လမ်းသည် ငရဲလမ်းအိမ်ကို ပြန်မည့်ခြေထောက်တွေက အခြားကိုပဲ ဦးတည်သွားချင်နေမိ၏။ အိမ်ရောက်တာနဲ့ ပူညံ ပူညံ အသံတွေက ဆီးကြိုလို့ အရှင်လတ်လတ် ငရဲပြည်ကို ရောက်သလို ခံစားနေရတာ။ မလွှဲသာလို့သာ အိမ်ပြန်လာရတယ်။

အိမ်ဆိုတာ –

သချိုင်းတစ်ပြင်ထက် ကြောက်ဖို့ကောင်းနေပြီလေ။

"တမာတို့က ဒီလိုမဖြစ်ချင်ပါဘူး ကိုကွန်းရယ်။ ကိုကွန်းက တမာတို့ရဲ့ အိမ်ထောင်ဦးစီး။ တမာအားကိုးရတဲ့ ယောကျ်ား။ ဖြစ်နိုင်ရင် ကိုကွန်းကို ခေါင်းတောင်မကိုက်စေချင်ပါဘူး။ အခုဟာက ဟင်းချိုအိုး ဆားခတ်ရိုက်သလို ဖြစ်နေတော့ ဘယ်ခံနိုင်မလဲ"

ဒေါ်တမာ့စကားကြောင့် နွေရိပ် ကိုယ်လေးမတ်သွားလေသည်။ ဒါပေ့ါလေ လက်ဆုပ်လက်ကိုင် မပြနိုင်ဘဲ ကိုယ်က ကိုယ့်အတင်းပြောနေပါတယ်လို့ စပြောမိတော့ ကိုယ့်အလွန်ဖြစ်သွားတာပေ့ါ။ ဒါကြောင့် ငြိမ်သက်နေလိုက်မိသည်။ ကိုယ့်အတင်းပြောနေတယ်ဆိုတာ သိသိကြီးနဲ့ ခံလိုက်ဦးပေ့ါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါမှ –

သက်သေသာဓကနဲ့ ပြနိုင်အောင် လုပ်ရမယ်။ နွေရိပ်က ကိုယ်မှားရင်လည်း မှားတာကို ဝန်ခံရဲသူမို့ ငြိမ်နေလိုက်တာပါ။ ဒါကို သူတို့ကိုကြောက်လို့များ ထင်ဦးမလား မသိပါဘူး။

"ဟုတ်တယ် ဦးကွန်း။ အလက်ာတို့က အေးအေးဆေးဆေး နေတာပါ။ ပြဿနာကို မီးခွက်ထွန်းပြီးရှာနေတာက ဦးကွန်းရဲ့သမီး"

"ဘာ"

"နွေရိပ်ထင်"

ဖေဖေ့ရဲ့ ခပ်ပြတ်ပြတ်ခေါ်သံကြောင့် နွေရိပ် ကိုယ့်စိတ်ကို ချိုးနှိမ်လိုက်ရပြန်သည်။ နွေရိပ်ကပဲ ဖေဖေ့ကို စိတ်ဆင်းရဲအောင် လုပ်နေသလိုဖြစ်မှာစိုးလို့ပါ။

"တမာ သမီးက ကိုကွန်းအပေါ်မှာ အဖေရင်းတစ်ယောက် လို သဘောထားနေတာပါ။ ကိုကွန်းသမီးကသာ တမာ့ကို မိထွေးကို မိထွေးလို ပီပီသသ ဆက်ဆံနေတာ။ အခု တမာ့သမီးကို သူက ပါးရိုက်တယ်လေ။ တမာ့နေရာကနေ ကိုကွန်း ဝင်ပြီးခံစားကြည့်ပေး ပါ"

"ဒါဆို ပါးရိုက်တဲ့အလုပ်ကို စလုပ်တာ ဘယ်သူလဲ၊ ပြော ပါဦး။ အန်တီတမာ့သမီးရိုက်တာကို နွေရိပ်က ငြိမ်ခံနေရမှာလား။





နွေရိပ်က ဒုက္ခိတမှ မဟုတ်တာ။ ပြီးတော့ နွေရိပ်က အန်တီတမာတို့ကို မှီခို စားသောက်နေရတဲ့သူ မဟုတ်ဘူး"

"နွေရိပ်ထင် တော်စမ်း"

"တွေ့လားကိုကွန်း။ ကက်ကက်လန်အောင် ပြန်ပြီးရန်တွေ့ တာ။ ကိုကွန်းကိုယ်တိုင် မြင်တယ် ကြားတယ်နော်"

"မင်းလည်းတော်တော့ တမာ။ ဘယ်သူ့အသံမှ ထပ်မထွက် နဲ့။ ထွက်ရဲထွက်ကြည့်ကြ အကုန် ငါ့အကြောင်းသိစေရမယ်။ မယုံရင် ထွက်ကြ။ ပြီးမှ ငါ့ အဆိုးမဆိုကြနဲ့"

ဦးကွန်းဖော် ခပ်ကြမ်းကြမ်းပြောမှပဲ အားလုံးငြိမ်သက် တိတ် ဆိတ်သွားကြလေတော့သည်။ ဒီအိမ်မှာ ခပ်ကြမ်းကြမ်းအုပ်ချုပ်မှ ရတော့မှာပါ။ သူပြောတော့ သူ့အကောင်း၊ ငါပြောတော့ ငါ့အကောင်း။ ကိုယ်က လက်တွေ့မြင်ရတာ မဟုတ်တော့ ဘယ်သူမှားတယ်၊ ဘယ် သူမှန်တယ်လို့ ဆက်လိုက်ပြောလို့လည်းမရ။ အမှန်အတိုင်းပြောလို့ လည်းမရ။

"တစ်နေ့တစ်နေ့ ပင်ပင်ပန်းပန်းနဲ့ အလုပ်က ပြန်လာတဲ့သူ ကို နွေးနွေးထွေးထွေးနဲ့ ဆီးကြိုကြမယ်တော့ မရှိဘူး။ တစ်ခါတည်း အိမ်မပြန်ချင်အောင် ရင်ဝကို ခြေစုံကန်ထုတ်နေကြတယ်။ ဒါလား မိသားစု ဘဝ။ ဘယ်မှာလဲ ချမ်းသာခြင်းအစစ်။ အခုတော့ ငါ့မှာ



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်ရတာထက် သေသွားတာကမှ ပိုကောင်းဦးမယ်''

''အဲဒီလိုတော့ မပြောပါနဲ့ ကိုကွန်းရယ်။ တမာတို့က ကိုကွန်းကို အားကိုးနေရတာပါ။ ကိုကွန်းမရှိလို့ မဖြစ်ဘူးလေ''

ကိုကွန်းမရှိလို့ မဖြစ်ဘူး။ တကယ်မရှိသင့်တာက နွေရိပ်ထင်ပါ။ ဒင်းမရှိမှ အေးမှာ။ ဟွန်း ဒင်းကျတော့ သူမတို့မေတ္တာပို့နေလို့ လားမသိပါဘူး။ နှာစေး ခေါင်းကိုက်တောင် မဖြစ်ဘူး။ ခဏခဏ ဖြစ်လိုက်ရင် ကိုယ့်သမီးပဲ။ ကြီးကြီးမားမားရောဂါ မဖြစ်ပေမယ့် –

သေးသေးမွှားမွှားကတော့ –

သူများတွေ ဘာဖြစ်လို့ဆိုတာနဲ့ သူကဖြစ်ပြီး ဖွဲ့ကပျော့လိုက်သေး။ နေမကောင်းတာကို အဖျင်းထူတာရောလိုက်တော့ ပိုဆိုးတာပေါ့။

''အေး . . . ငါမရှိလို့မဖြစ်ဘူးဆိုရင် ရှိအောင်နေပေးကြဦးပဲ ငါပြောချင်တယ်''

''ဟုတ်ပါပြီ၊ နောက်ကို ကျွန်မ အတတ်နိုင်ဆုံး ဆင်ခြင်ပါ့မယ်''

''ဟုတ်ကဲ့ . . . အလကားလည်း ဆင်ခြင်ပါ့မယ်၊ ဦးကွန်း နွေရိပ်ကိုပဲထိန်းပါ။ ပြဿနာရှာနေတာက သူ''

''ဘာ''





နွေရိပ် ဆတ်ခနဲ ခေါင်းထောင်လာလေသည်။

''ပြဿနာဆိုတာ အကြောင်းမဲ့ ရှာလို့မရဘူး အလကားချီး။ ရှာစရာအကြောင်းကို ဖန်တီးတာက ဘယ်သူတွေလဲ။ ပြေပြျူးက ပြီရတယ်ရှိသေးဆိုပြီး အဲ ပြေတွေကပဲ ပြူးအောင် လာလုပ်တာကို ထည့်ပြောဦး။ ပြောစရာရှိရင် မျက်နှာတည့်တည့်ကြည့်ပြီး ပြောင်ပြော။ ကွယ်ရာမှာ အတင်းတုတ်တာလောက် ရွံစရာကောင်းတာ မရှိတော့ဘူး''

''ဘာပြောတယ်''

''အသံထွက်လာကြပြန်ပြီလား''

ဘယ်သူဘယ်ဝါလို့ မရည်ရွယ်ဘဲ ဦးကွန်းဇော် အားလုံးကိုပဲ သိမ်းကျုံးအော်ပစ်လိုက်ရပြန်သည်။

''နွေရိပ်ထင်''

''အဲဒီလို အခေါ်ခံရတာ ရင်ထဲမှာအနာဆုံးပဲ''

ပြောပြီး နွေရိပ် ထရပ်လိုက်သည်။ အခုမှပဲ နွေအရိပ်တွေ တကယ်ထင်ပြီး ပူလောင်နေရတာ။ ဒီအရိပ်တွေ ထင်ဟပ်လာမယ်ဆိုတာ ကြိုသိလို့ နိမိတ်ပုံဆောင်ကာ ဒီနာမည်ကို ပေးခဲ့လေသလား မေမေရယ်။ နွေရိပ် ဒီလိုအခေါ်ခံရတာ တကယ်ရင်နာမိပါသည်။ ဖေဖေ ဘယ်တုန်းက ဒီလိုခေါ်ခဲ့ဖူးလဲ။ သမီး သမီးလေး အရိပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးလို့ ခေါ်နေကျကနေ။

ဒီမိန်းမနဲ့ရမှ –

ဒီလိုနွေရိပ်ထင်လို့ အခေါ်ခံရတာ။ အဲဒီတော့ ရွှတာ စောင်းတာတွေက ပြန်တည့်လို့ မရတော့အောင်ပါပဲ။ နွေရိပ် ဖေဖေ့ကို ခပ်ရှုးရှုးကြည့်လိုက်စဉ် –

"နင် ဘာလုပ်ချင်လဲ ဘာဖြစ်ချင်လဲ"

နင်တဲ့လား။

"သေချင်တယ်"

"ဘာ"

နွေရိပ် ပြောပြီးတာနှင့် ထွက်လာခဲ့တော့သည်။ အိမ်အပြင်ရောက်တော့ ကားပေါ်တက်ပြီး မောင်းထွက်ခဲ့တော့၏။ ရင်ထဲက မွန်းကျပ်မှုတွေကြောင့် စိတ်ထွက်ပေါက်ရှာခြင်းသည် အပြင်ထွက်ခြင်းပါပဲ။

မေမေ

မေမေ

မေမေ

ရင်ထဲမှာ မေမေ့ကိုပဲ တမ်းတမ်းတတ ခေါ်နေမိတော့၏။ လူထကာ အားကျနေတဲ့ နွေရိပ်ရဲ့ဘဝ။ ကန့်လန့်ကာနောက်ကွယ်မှာ





စီးချင်းထိုးနေရတာကို ဘယ်သူသိသလဲ။

ပစ္စည်းဥစ္စာတွေ ချမ်းသာလိုက်တာမှ ကျိကျိတက်ပါပဲ။ နှစ်ဘက်အဘိုးအဘွားတွေ ပေးခဲ့တဲ့ အမွေနဲ့ နွေရိပ်ထင်ဆိုတာ အရမ်းချမ်းသာတဲ့ သူဌေးမလေးပေါ့။

အဟွန်း။

လူ့အထင်ကြီးစရာတွေနဲ့ ရင်ထဲမှာ မီးတောက်နေရတဲ့ နွေရိပ်ထင်။ လောကကြီးရယ် ချမ်းသာခြင်းအစစ်ကိုကျတော့ ဘာလို့များ မပေးနိုင်ရတာလဲ။

"ဟာ"

"ဟင်"

နွေရိပ် အတွေးလွန်သွားတာ။ လူတစ်ယောက် သူ့ကားရှေ့ကနေ ခုန်ဆုတ်လိုက်ရင်း လဲကျသွားတာမြင်မှ သတိရကာ ကားကို ချက်ချင်းရပ်ပစ်လိုက်သည်။ ပြီးတော့ ကားပေါ်ကဆင်းလာပြီး –

"ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်သွားသေးလဲ။ နွေရိပ်ကားနဲ့တော့ မတိုက်မိဘူးနော်"

"အား . . . ကျွတ် ကျွတ်"

သူ ခြေချင်းဝတ်ကို ဖိဆုပ်ပြီး ရှုံ့မဲ့ညည်းတွားလေသည်။

"နွေရိပ် ဘာကူညီရမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ထပ်မေးမှ မျက်နှာကိုမော့လာကာ –

"မင်းက ကားကို စိတ်မရောက်ဘဲ ဘယ်ကိုစိတ်ရောက်ပြီး မောင်းလာသလဲမှမသိတာ။ ငါ အဆုတ်ဦးလို့ မဟုတ်ရင် ဆေးရုံ ရောက်မလား၊ သေမလား တစ်ခုခုကတော့ ကြိမ်းသေပဲ"

"ဟင်"

"ဘာ ဟင်လဲ"

"မြင်မှုးသလိုပဲ"

နှစ်ယောက်သား တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး မှတ်မိသွားကြလေသည်။ နွေရိပ်ကတော့ ဝါးတားတားပေါ့။ ယောက်ျားနဲ့မိန်းမ ကွဲပြားနေသည်လေ။ ဒါကြောင့် –

"ရှင် ရှင်က ယောက်ျားလား၊ မိန်းမလား"

"ယောက်ျား"

"ဘုရားရေ"

နွေရိပ် ယောင်ပြီး အင်္ကျီရင်ဘတ်စကို ဆွဲစေ့လိုက်မိသည်။ မားကက်ထဲမှာ ဝင်တိုက်မိတုန်းက အဖြစ်ကို တွေးမိသွားတာပါ။ အဲဒီတုန်းက နွေရိပ်ရဲ့အင်္ကျီကြယ်သီး ပြုတ်သွားတာလေ။

"ဟာ ... ရှက်လိုက်တာ"

"ဘာကိုရှက်တာလဲ"





"မားကက်ထဲမှာတုန်းက"

ပြောပြီး နွေရိပ် ရှက်မျက်နှာလေးနှင့် လည်ပင်းကို ပွတ်မိလေသည်။ နက္ခတ်လည်း မှတ်မိပေမယ့် မသိချင်ယောင်ဆောင်ကာ–

"ကဲပါ ... မင်းရှက်တာ အသာထား။ ငါ့ကိုထူပေဦး။ ပြီးရင် အိမ်အထိလိုက်ပို့"

ဘာတတ်နိုင်မှာလဲ၊ ကိုယ့်တာဝန်မကင်းတော့ ခိုင်းတဲ့အတိုင်း လုပ်ရတော့မှာပဲပေါ့။ အဲဒါ စိတ်လွတ်ကိုယ်လွတ် တွေးချင်ငေးချင်ဦး တဲ့၊ နွေရိပ်ထင်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

နက္ခတ်ရဲ့ ကြိုးစားမှုက တော်တော်ခရီးပေါက်ခဲ့ပါပြီ။ အခု ဆိုရင် မြသဉ္ဇာနွယ်နဲ့ ချစ်သူတွေဖြစ်နေကြပြီလေ။ နက္ခတ်ရဲ့ မာယာ ညွှတ်ကွင်းကနေ မြသဉ္ဇာနွယ်လည်း ရုန်းမထွက်နိုင်ခဲ့ပါဘူး။ သူမ ထက်မြက်တယ် တော်တယ်ဆိုတာ စီးပွားရေးနယ်ပယ်ထဲမှာပဲလေ။

အခု –

နှလုံးသားရေးနယ်ပယ်ထဲမှာတော့ မြသဉ္ဇာနွယ်က နုစ်စား သူငယ်လေးပဲပေါ့။ မချစ်တတ်သူ ချစ်တတ်လာပြီဆိုတော့ မောင် မောင်ဆိုတာ ပါးစပ်ဖျားက မချတော့ပေ။ အရာရာမှာ မောင်မပါရင် မပြီးတော့သလိုပါပဲ။





"မောင်"

"ဟင်"

"မိုးချုပ်နေပြီ အခုထိ အိမ်မပြန်သေးဘူးလား။ ပြန်တော့ လေ၊ ကားပဲ့သွားနော်"

"ဒေါ်မြသဉ္ဇာနွယ်"

"ဟင်"

"ဘယ်လိုဖြစ်လို့ ဒီလောက်တောင် နှင်နေတာလဲ။ ဘာလဲ ဒီကောင့်မျက်နှာကို မမြင်ချင်တော့ဘူးလား"

"မဟုတ်ပါဘူး မောင်ရဲ့၊ မောင်ပြန်တာ မိုးချုပ်တော့ စိတ် မချလို့ ပြောတာပါ။ မောင်က မရဲ့ချစ်သူပဲလေ။ မောင့်မျက်နှာကို မမြင်ချင်လို့တော့ ဟုတ်မလား။ ဖြစ်နိုင်ရင် အမြဲတမ်းတောင် အတူတူ နေချင်တာ"

"တကယ်လား"

"တကယ်ပေါ့"

"ဒါဆို"

နက္ခတ် သဉ္ဇာ့ကိုယ်ကို ရင်ခွင်ထဲထည့်ပြီး ဇိကဝ်ထားကာ ချကြင်နာ အနမ်းပန်းတွေ တစ်ပွင့်ပြီးတစ်ပွင့် ဆင့်ကာဆင့်ကာ ခြွေချ လိုက်တော့သည်။ သူမ ပါးပြင်ကို ပထမဆုံးနမ်းဖူးသည့် သူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသည် နကွတ်တဲ့။ တန်တယ်လို့ပဲပြောရမလား။ အတွေ့အကြုံမရှိဖူးသေးတဲ့ မိန်းမပို့။

နကွတ်ရဲ့ရင်ခွင်ထဲမှာ –

ကြည်ဖြူစွာ ငြိမ်သက်နေလို့ပါ။ ဒီမာယာကွန်ထဲကနေ ရုန်းမထွက်နိုင်တဲ့ သူမ။

"မောင် အိမ်ကိုမပြန်တော့ဘူး"

"ဟင်"

"မမအိမ်မှာ မမ မေမေ မောင့်ယောက္ခမကြီးနဲ့ ဒရိုင်ဘာက အိမ်မှာမရှိဘူးလေ။ မမနဲ့ထမင်းချက်အဒေါ်ကြီး နှစ်ယောက်ထဲပဲ ရှိတာ။ ညရေးညတာ မောင်စိတ်မချပါဘူး။ အဲဒါကြောင့် အခုည မောင် ဒီမှာအိပ်မှာ"

"အဲဒီလိုလား"

"အင်း"

"ဒါဆိုလည်း မောင့်သဘောပါ။ မမက မောင့်အိမ်က စိတ်ပူမှာကိုပဲ စိုးတာပါ မောင်ရယ်"

"မောင့်ဘဝမှာ မမထက်အရေးကြီးတာ ဘာမှ မရှိဘူး"

ဒီစကားကြောင့် သဏ္ဍာသဘောရွေ့သွားသည်သာ။ မိန်းမအတော်များများက အမြှောက်ကြိုက်၊ အချော့ကြိုက်တွေပဲလေ။





အမြှောက်လည်း မကြိုက်၊ အချော့လည်းမကြိုက်တဲ့ ထော်လော်ကန့်လန့်က ခပ်ရှားရှား။ အဲဒါမျိုးကျတော့ ကိုယ်လည်း ကန့်လန့်တိုက်ပြရတာပေါ့။

"မမ"

"ဟင်"

"မောင့်ကို ဘယ်လောက်ချစ်"

"ပြောမပြတတ်အောင်ကိုချစ်တာ"

"တကယ်နော်"

"အင်း . . . တကယ်ပေါ့"

"ဒါဆို သက်သေပြ"

"ဟင် . . . ဘယ်လိုသက်သေပြရမလဲ"

နကွတ် နားအနားသို့ တိုးတိုးလေးကပ်ပြောလေတော့ သဏ္ဌာ
န်မျက်နှာလေးနှင့် နကွတ်ရင်ဘတ်ကို တွန်းပစ်လေသည်။ သဘာဝ ရားက ယောက်ျားနှင့်မိန်းမကို အင်အားချင်း မမျှအောင် ဖန်တီးပေး လေတော့ နကွတ် ယိုင်ခနဲဖြစ်သွားပေမယ့် အဲဒီယိုင်တဲ့နောက်သို့ ကိုယ်လေးပါ ပါသွားခဲ့သည်သာ။

ချစ်မိပြီဆိုတော့ လက်တွဲဖို့အထိ ရည်ရွယ်ထားတာမို့ တ်ပိုပြီး မရှန်ခဲ့မိပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကလည်း"

"ပြောပါဦး"

"ဘာတွေလာပြောနေမှန်း မသိဘူး။ ရှက်စရာကြီး"

"ဟား ဟား"

နက္ခတ် အသံထွက်အောင်ရယ်လိုက်မိပြီး –

"အဲဒါ ရှက်စရာမဟုတ်ဘူး မမရဲ့။ ချစ်စရာပဲဥစ္စာ။ မမပဲ မောင့်ကိုချစ်တယ်ဆို။ ချစ်သူတွေကြားမှာ ဒါက အဆန်းမှမဟုတ်တာ"

"ချစ်သူဆိုတာ လင်မယားမှ မဟုတ်တာ မောင်ရဲ့။ အဲဒါ တော့ မမ လက်မခံချင်ဘူး"

လက်မခံချင်ဘူးဆိုတာ လက်မခံတာမှ မဟုတ်ဘဲလေ။ မိန်းမအချို့က တကယ်ချစ်မိပြီဆိုရင် မျက်စိရော နားရော ကန်းတတ်ကြတာပဲဥစ္စာ။ ချစ်သူဆိုတဲ့သူကိုပဲ ယုံကြသည်။ ဘေးကစကားကို သွေးထိုးတယ်ထင်ပြီး အပြစ်တောင်မြင်တတ်ကြသေးတာပဲ မဟုတ်လား။

ကြားကနေ တစ်ယောက်အကြောင်းသိလို့ ဖျက်ရင် ဖျက်တဲ့သူက ရန်သူ။ အဲဒါ အချစ်ရဲ့စွမ်းအားပါပဲ။

ထို့ကြောင့် –

"မမ"





"ဟင်"

"မောင် မမကိုအရမ်းချစ်တယ်"

"မမလည်း မောင့်ကိုအရမ်းချစ်ပါတယ်"

"ချစ်ရင် အာဘွားပေး"

"ဟင်"

"ပေးနော်"

ဒါကတော့ ပေးသင့်တယ်ထင်လို့ မြသဇာနွယ် ခေါင်းလေး မော့ပြီး သူ့ပါးပြင်ကို နမ်းလိုက်စဉ်မှာပဲ နက္ခတ်က သူမကိုယ်ကို ပွေ့ချီပြီး မြသဇာနွယ်ရဲ့အခန်းဆီသို့ တလှမ်းလှမ်း သွားနေတော့သည်။

အချစ်စိတ်မွှန်နေတော့ ဟင့်အင်းကလွဲရင် အကျောက်အကန် မငြင်းခဲ့မိပါဘူး။ လက်ထပ်ကြမှာပဲလေလို့ ယုံကြည်ချက်နှင့် နောက်ဆုံး သူမချစ်ရတဲ့ မောင့်ရင်ခွင်ထဲမှာ ဘဝကိုပုံအပ်လိုက်မိတော့သည်။

"မောင်"

"ဗျာ"

"မမလေ သိလား"

"အင်း ... ပြောပါဦး"

"မမ ... မောင့်ကို ဘာကြောင့် ဒီလောက်ချစ်မိသွားမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ မာနဆိုတာတွေလည်း မောင်နဲ့ကျတော့ ဘယ်မှာပုန်းပြီး ပျောက် ကွယ်နေမှန်းကို မသိတော့တာ။ ကိုယ့်ကိုယ်ကိုယ် အမြတ်မ်း အားကိုး ခဲ့တာကလည်းလေ''

''အင်း''

''အခုကျတော့ မောင့်ကိုအားကိုးချင်လာတယ်''

''ဟုတ်လား''

အချစ်ကြောင့် အသိတရားတွေ သတိတရားတွေ ကင်းလွတ် သွားတာကိုတော့ ထည့်မပြောတော့ပေ။ ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩ လို့မဆုံးပါဘူး။ ဘာလို့ ဒီလောက်ပျော့ညံ့သွားမိလဲလို့ပေါ့။

''အားကိုးရမှာပေါ့ မမရဲ့။ မောင်က မမရဲ့ယောကျ်ားပဲဟာ''

''ဟင် ... ဟုတ်လည်းမဟုတ်ဘဲနဲ့''

''ဘာလို့မဟုတ်ရမှာလဲ။ မမ စောစောကပဲ မောင့်မိန်းမ ဖြစ်သွားပြီလေ''

ရယ်သံလေးလွင်လွင်နဲ့ မြသဉ္ဇာနွယ် သူ့ရင်ဘတ်ကို မနာ အောင် ဖွဖွထုလေတော့သည်။ လှတာမက်ရင် ညစာခက်တတ်တယ် တဲ့။ မြသဉ္ဇာနွယ်အတွက် ညစာမခက်ပေမယ့် အပျိုရည်ကတော့ ပျက်ခဲ့ပါပြီ။

❑ ❑ ❑



## အခန်း (၁၃)

''ရော့''

ကိုယ့်ရှေ့ကိုရောက်လာတဲ့ ငွေအထပ်လိုက်ကိုကြည့်ပြီး နက္ခတ် ကျေနပ်စွာပြုံးလိုက်မိသည်။ တရားတာတွေ၊ မတရားတာတွေ သူ မသိပါဘူး။ ငွေရဖို့က အဓိကလေ။ ကိုယ်က ဒီလို ငွေတွေရဖို့ အတွက် ယရစ်နဲ့ပြိုင်ခဲ့ရပေမယ့် ငွေကုန်ခံပြီး ယရစ်နဲ့ပြိုင်တဲ့လူပြိုတွေ အများကြီးပဲလေ။

အချစ်ဆိုတာ ဘာလဲ။

နက္ခတ် နားမလည်ပါဘူး။ နားလည်းမလည်ချင်ပေ။ ဘယ် သူ သေသေ ငတေမာ ပြီးရောဆိုတာမျိုး သူ့အတွက် ငွေရဖို့ကအဓိက



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ကိုယ့်မိသားစု အဆင်ပြေဖို့ကလွဲရင် နက္ခတ် ဘာကိုမှမစဉ်းစား ပေး၊ တစ်ကိုယ်ကောင်းဆန်တယ်ပဲပြောပြော၊ ရှုလည်းရှုကြပါစေ ဒါက ကိုယ့်အလုပ်ပဲ မဟုတ်လား။

"မင်းတော်တယ် နက္ခတ်။ မင်းကို ငါ တကယ်ချီးကျူးပါတယ်။ မြသဉ္ဇာနွယ်လို မိန်းမမျိုးကို ကြွေအောင်လုပ်နိုင်တာ တော်ရုံစကားမှ မဟုတ်ဘဲကွ"

"ကျွန်တော့်အတွက်က ပါးပါးလေးပါဗျာ။ ထမင်းစား၊ ရေသောက်၊ အမြီးမြှောက် အီးပေါက်တာလောက်ပါပဲ"

"ဟား ဟား ဟား ကြိုက်တယ်ကွာ။ မင်းကုသိုလ်ကံမျိုးလိုချင်လိုက်တာ။ တို့က မင်းလောက်မချော၊ မင်းလောက် အပြောမကောင်း၊ မင်းလောက် ဉာဏ်မများတတ်တာ ခက်တယ်ကွ"

"ဒါတော့ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပေါ့ဗျာ။ ဝဋ်လည်စရာ နှမမရှိလို့ပဲပြောပြော လောလောဆယ် အဆင်ပြေရေးအတွက် လုပ်နေတာ။ နောက်မှ ဘာဖြစ်မယ်မသိဘူး။ ဖြစ်တော့လည်း လာမယ့်ဘေး ပြေးတွေ့လိုက်ရုံပဲပေါ့"

ပြောရင်း နက္ခတ် ပိုက်ဆံတွေကို ကျောပိုးအိတ်ထဲသို့ ထည့်လိုက်သည်။ ဒီအလုပ်လောက် ငွေရလွယ်တာ ဘာရှိဦးမှာလဲ။ အစားကောင်း အသောက်ကောင်းလည်းစားရသေး။ ပြောစရာရှိလို့ သွား





လာရတာ ပင်ပန်းတာလေးတစ်ခုပါပဲ။ ဒါက ရင်းနှီးမြှုပ်နှံမှုပေါ့လေ။

"အင်း ဝဋ်တော့လည်တတ်တယ်ကွ"

"ပြောပြီးပြီလေဗျာ၊ လာမယ့်ဘေး ပြေးတွေ့ရုံပဲပေါ့"

"ကောင်းကွာ၊ ဟား ဟား ဟား"

"ကဲ ကိုဇေလတ်"

"____"

"ကျွန်တော့်ကိုခွင့်ပြုဦးဗျာ"

"Ok Ok"

ကျောပိုးအိတ်ကိုလွယ်ပြီး ပြန်လာတဲ့နက္ခတ်ရဲ့ခြေလှမ်းတွေက ပေါ့ပါးသွက်လက်နေသည်။ ဝဋ်တဲ့၊ ကိုယ့်အပေါ်မှာ ဘယ်လိုလည်လာနိုင်သလဲ။ မယုံကြည်စွာပဲ ခေါင်းခါ၍ ပြုံးလိုက်မိသည်။

"ဟိတ်"

"ဟင်"

နက္ခတ် အနားမှာ ကားတစ်စီးရပ်သွားပြီး ဆင်းလာတဲ့သူမှာ–

"ဘာတွေတွေးပြီး လမ်းလျှောက်လာတာလဲ၊ ကားတိုက်ရင် သေတတ်တယ်နော်"

"ဟင်"

တွေ့ပြန်ပြီ ဒီကောင်မလေးနဲ့။ ရေစက်မကုန်သေးဘူး ထင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့။ တစ်ခါ နှစ်ခါ သုံးခါ ဒါနဲ့ဆို လေးခါရှိပါပြီ။ နောက်ထပ် ဘယ်နှစ်ခါများ ထပ်တွေ့ဖို့ ရေစက်ရှိသေးလဲ မသိပါဘူး။ မထင်မှတ်ဘဲ လာလာတွေ့နေတာ၊ ရေစက်ဆိုရင် ရှေ့ဆက်ဖို့ ရှိသေးလား မသိပါဘူး''

''ဆောရီး၊ သတိပေးတဲ့အတွက် ကျေးဇူးပါ။ မသေချင်သေးတာတော့ အမှန်ပဲ''

''အဲဒါဆိုရင် တွေးတာငေးတာတွေ လျှော့လေ။ ပြီးတော့ ပွဲချင်းပြီးသွားတာက တော်သေး၊ ဒုက္ခတဖြစ်ရင် ဒုက္ခ''

''ဟာ မဦးမချွတ်နဲ့ မင်း ဘာတွေလာပြောနေတာလဲ၊ နိမိတ်မရှိလိုက်တာ''

နွေရိပ် ပြုံးလိုက်ပြီး –

''ကံပါလာရင်တော့ ရှောင်လို့မရဘူးလေ။ အဲဒါတော့ မလွဲမသွေ လက်ခံရမှာ''

နက္ခတ် မျက်မှောင်ကြုတ်သွားလေသည်။ မကြိုက်မှန်း သိကာမှ ဒီစကားပဲပြောနေတော့ စိတ်တိုသွားမိ၏။

''ဘာလဲ မင်းက ငါ့ကို အဲဒီလိုဖြစ်စေချင်နေတာလား။ ဘာဖြစ်လို့လဲ၊ အမြင်ကတ်လို့လား''

''မဟုတ်ပါဘူး၊ တို့က သဘောကိုပြောပြတာပါ။ အမြင်ကတ်





ရအောင် တို့ သူ့အကြောင်း ဘာမှမသိဘူး။ သူ့ကိုမြင်ဖူးတာ မိန်းကလေးအဖြစ်နဲ့ နှစ်ခါ၊ ယောက်ျားလေးအဖြစ်နဲ့က ဒါနဲ့ဆို နှစ်ခါ''

''သေသေချာချာ မှတ်ထားပါလား''

''ထူးဆန်းလို့မှတ်ထားမိတာပါ''

''ဟုတ်လား။ ပြောပါဦး။ ငါက ဘာတွေထူးဆန်းနေလို့လဲ''

နက္ခတ် သူမနဲ့ ဘာလို့ စိတ်ရှည်လက်ရှည် စကားပြောနေမိပါလိမ့်။ သူမကရော ကိုယ့်အကြောင်းကို စိတ်ဝင်စားနေသလား မသိပါဘူး။

''သူ ဘာဖြစ်လို့ မိန်းမဖြစ်လိုက်၊ ယောက်ျားဖြစ်လိုက် လုပ်နေတာလဲဆိုတာကို စိတ်ဝင်စားတာပါ။ စိတ်မဆိုးဘူးဆိုရင်တော့ မေးလိုက်ချင်တယ်''

''ဘာမေးမှာလဲ''

''အခြောက်လားလို့''

''အဟား''

နက္ခတ် နဖူးပေါ်ဝဲကျလာတဲ့ ဆံပင်တွေကို ဆတ်ခနဲ ခါထုတ်လိုက်ပြီး ရယ်လိုက်မိသည်။ မေးသင့်တဲ့မေးခွန်းဖြစ်နေတာကိုး။ သူမနဲ့ တွေ့ဆုံခြင်းမှာ ကိုယ်က စရိုက်နှစ်မျိုး ဖြစ်နေတာဆိုတော့လေ။ ကိုယ်က ကိုယ့်အကြောင်းနဲ့ကိုယ်။ ဒါကို သူမက စိတ်ဝင်စားနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ –

"အခြေအနေအရ ခြောက်ပြရတာပါ။ ကိုယ်က ယောက်ျား စစ်စစ်၊ မယုံရင် ပေါင်းကြည့်ပါလား"

"ဘာ"

"ဆောရီး ခင်မင်ရင်းနှီးကြည့်ဖို့ ပြောတာပါ"

နွေရိပ် မျက်စောင်းထိုးလိုက်မိသည်။ လေးကြိမ်တိတိ တွေ့ ဆုံဖူးပြီဆိုတော့ သိပ်မစိမ်းတော့ပါဘူး။ မရင်းနှီးသေးတာပဲ ရှိတာပါ။ ပြီးတော့ သူ့အိမ်အထိလည်း လိုက်ပို့ပေးခဲ့ဖူးတာရှိတော့ အသိလို့ပဲ ပြောရတော့မှာပေါ့။ ဒါကြောင့် မျက်စောင်းထိုးလိုက်မိတယ် ထင်ပါရဲ့။

"ဟွန်း ... စကားပြောတာ မရှင်းမရှင်းနဲ့။ ဒီတစ်ခါတော့ လိုက်ပို့စရာမလိုဘူး မဟုတ်လား"

"လိုက်ပို့မယ်ဆိုရင်တော့ ကားခမကုန်တော့ဘူးပေါ့။ ဒါပေမဲ့ ကျေးဇူးတော့တင်မှာ မဟုတ်ဘူးနော်။ ငါက သူများကို ကျေးဇူးမတင် တတ်သလို ငါလည်း ကျေးဇူးအတင်မခံချင်ဘူး"

"ဟင် ... ဘယ်လိုကြီးလဲ၊ အပြောင်းအလဲကလည်း မြန်လိုက်တာ။ စောစောကတော့ ကျေးဇူးတင်တယ်လို့ ပြောပြီးတော့ အခုကျတစ်မျိုး"

"ဟင် ... ဘယ်တုန်းကပြောတာလဲ"





"စောစောကလေ"

နက္ခတ် မေးစေ့ကိုပွတ်ပြီး ပြန်စဉ်းစားလိုက်မိသည်။ သူ ဘယ်လိုပြောမိသွားလဲဆိုတာကိုပေါ့။ သူ စဉ်းစားနေတုန်းမှာပဲ နွေရိပ် က –

"သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မသေချင်သေး တာတော့ အမှန်ပဲဆိုတာလေ"

"ဩော် ... ဟုတ်သားပဲ"

ကိုယ်ပဲပြော ကိုယ်ပဲမေ့သွားတာမို့ –

"ဆောရီး အဲဒီစကားကို ပြန်ရုပ်သိမ်းတယ်။ ဘယ်လိုလဲ လိုက်ပို့ဖို့ စိတ်ကူးရှိလား"

"အင်း ... ပျင်းတာနဲ့ ကားလျှောက်စီးနေတာဆိုတော့ လိုက်ပို့မယ်လေ။ စကားပြောဖော်ရတော့ အပျင်းပြေတာပေါ့။ အစက တော့ သူငယ်ချင်းအိမ်သွားမလို့ဘဲ။ အခု မသွားချင်တော့လို့ သူ့ကို လိုက်ပို့တော့ ကုသိုလ်ရတာပေါ့"

"ဟာ ... ငါက ဘုန်းကြီးမှ မဟုတ်တာ။ လူကြီးလည်း မဟုတ်၊ အဲဒါ ကုသိုလ်ရလား"

"သူများကို ကူညီတာ ကုသိုလ်ရတယ်၊ တက်"

နက္ခတ် မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေသည်။ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးပါလိမ့်။ ဂျစ်ကန်ကန်ပုံပေါက်ပြီး တကယ့်တကယ်ကျ တော့ စိတ်ထားဖြူစင်တယ်လို့ ပြောရမလား။ သူများကို ကူညီချင်တာ ကောင်းပါတယ်။ ကိုယ် ဘယ်လိုလူမျိုးလဲဆိုတာကို မသိတော့ ခက် တာပေါ့။

ကိုယ့်အကြောင်းသိရင် –

ခင်မင်ရင်းနှီးချင်ပါဦးမလား။ ကူညီချင်ပါဦးမလား။ ဟာ အဲဒါတွေ ဘာလို့လျှောက်တွေးနေမိပါလိမ့်။

"ဒါဆို လိုက်ပို့မယ်လေ"

"ဪ တက်ပါဆိုမှ အိုက်တင်က ခံနေသေး။ ဘယ်လိုလူ လည်း မသိဘူး"

"Ok"

နက္ခတ် ကားပေါ်သို့တက်လိုက်သည်။ ကံကောင်းချင်တော့ အဲဒါပါပဲ။ ကားနဲ့လိုက်ပို့မယ့်သူက ကိုယ့်အနားကို ရောက်လာတာ။ နက္ခတ်တို့ ဇာတာကောင်းလိုက်ပုံက သူများလိုက်လို့မမီ။

"ဒါနဲ့ မင်းကိုမေးစရာရှိတယ်၊ မေးလို့ရမလား"

"ဘာလဲ"

"ဖျင်းလို့ ကားလျှောက်မောင်းနေတယ်ဆိုတော့ မင်းမှာ အလုပ်မရှိဘူးလား"





"လုပ်စရာကိုမလိုတာ"

"ချမ်းသာတယ်လို့ ကြွားတာလား"

"မေးလို့ဖြေတာလေ။ ဒါပေမဲ့ ချမ်းသာခြင်း အစစ်တော့ မဟုတ်ဘူး"

"ဘယ်လို"

နွေရိပ် မဲ့ပြုံးလေးပြုံးလိုက်မိသည်။ ကွယ်ရာပြောတော့ အတင်းပေါ့။ လက်တို့ပြီးတော့ ပြောရဦးမယ် ဆိုတာမျိုး ပြောလည်း ပြောပြနေချင်တာမို့ –

"နှစ်ဖက် အဘိုးအဘွားတွေပေးခဲ့တဲ့ အမွေတွေနဲ့ ပစ္စည်း ဥစ္စာကတော့ ချမ်းသာပါတယ်။ စိတ်ကတော့ တစ်နေ့မှ မချမ်းသာဘူး။ အိမ်ဆိုတာ တို့အတွက် ငရဲပြည်နဲ့တူတယ်။ အဲဒါကြောင့် အိမ်မှာ မနေချင်တာ"

"ဟုတ်လား။ မင်းအိမ်က ဘာဖြစ်လို့လဲ။ မိသားစုတွေ အဆင် မပြေကြဘူးလား"

"မေမေက နောက်အိမ်ထောင်နဲ့လေ။ မယားပါသမီးက တို့နဲ့ ရွယ်တူ။ စဉ်းစားသာကြည့်ပေတော့"

ဪ ... ဆိုပြီး ကောင်မလေးအပေါ် သနားသလိုလို ဘာလိုလိုစိတ်ဖြစ်မိသည်။ လူတစ်ယောက်ကို ဘဝအကျိုးပေးတယ်မျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲ တစ်မျိုးစီပါပဲလား။ နက္ခတ် ခုမှတွေးမိတာပါ။ အရင်က ဒီလိုမတွေးမိခဲ့ပါဘူး။

"မင်းနာမည်က"

"နွေရိပ်ထင်"

"အဆန်းပဲ။ ငါ့နာမည်လည်းမှတ်ထား။ လနက္ခတ် (သို့မဟုတ်) အသည်းခွဲနက္ခတ်"

"ဘယ်လို"

နာမည်က ဆန်းဆန်းပြားပြား အသည်းခွဲနက္ခတ်ဆိုလို့ နွေရိပ် မျက်လုံးလေးဝိုင်းသွားရသည်သာ။ ရုပ်ချော နာမည်ဆန်းနဲ့လူ ပါလား။

❑ ❑ ❑



## အခန်း (၁၄)

ကိုယ်တွေနေတဲ့ ခြံရှေ့ရောက်ပြီမို့ နွေရိပ် ကားရပ်ပေးတော့ နက္ခတ် ဆင်းလိုက်သည်။

ဟိုတစ်ခါလိုက်ပို့တုန်းက သူ့တာဝန်မကောင်းတာမို့ အိမ်ခေါ်ဖို့အထိ စိတ်မဝင်စားတာ အမှန်ပါပဲ။ အခုက တကူးတက လိုက်ပို့တာဆိုတော့ အိမ်ဝင်ပါဦး ခေါ်ဖို့လိုပြီ ထင်ပါရဲ့။

ထို့ကြောင့် –

"နွေရိပ်ထင်"

နွေရိပ် လှည့်ကြည့်လိုက်လေလျှင် –

"မင်း တို့အိမ်ကို ဝင်ချင်လား မဝင်ချင်လားတော့ မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒရှိရင် အလည်ဝင်ဖို့ ဖိတ်ခေါ်ပါတယ်''

''ခေါ်ပုံကလည်း နိမိတ်ပြစကားနဲ့ပါလား။ ဝင်ချင်တဲ့လူတောင် ခြေလှမ်းတုံ့သွားမယ့် အဖြစ်မျိုးပဲ''

''ဟာ''

နက္ခတ် ကိုယ်အပြောမတတ်တာအတွက် အားနာမိကာ ဆံပင်ကို လက်နှင့်ထိုးဖွပြီး ရယ်လိုက်မိသည်။ အလုပ်လုပ်တဲ့နေရာမှာ အားမနာတတ်တဲ့ နက္ခတ်။ အခု အားနာမိသွားတာက သူမသည် အလုပ်နှင့် မသက်ဆိုင်သူမို့ ထင်ပါရဲ့။

''ဆောရီး ကိုယ်က အပြောမတတ်ဘူးကွ။ ကိုယ်တို့အိမ်မှာက ယောက်ျားတွေချည်းပဲနေတာ။ ပြီးတော့ တိုက်နဲ့တာနဲ့ နေတာမဟုတ်တော့ မင်းဆန္ဒကို မေးကြည့်တာပါ''

''ယောက်ျားတွေချည်းပဲနေတာ ဟုတ်လား''

''ဟုတ်တယ်''

နွေရိပ် တွေခနဲဖြစ်သွားလေသည်။ ယောက်ျားတွေချည်းပဲနေတာဆိုတော့ –

''ဘယ်သူတွေနေတာလဲ''

''ဖေဖေရယ်၊ ဦးလေးရယ်၊ ကိုယ်ရယ်၊ ကိုယ့်ညီလေးရယ်ပါ။ ဝင်လည်ချင်တယ်ဆိုရင်တော့ စိတ်ချပါ။ မင်းရဲ့လုံခြုံရေးအတွက်





ကိုယ် တာဝန်ယူတယ်။ အဖေက အိပ်ရာထဲမှာပဲနေရတဲ့ လူမမာ။ ဦးလေးက မိန်းမတွေကို မုန်းတဲ့သူ။ ညီလေးက ပိုလီယိုလေ၊ ကိုယ်ပဲ''

စကားကိုဖြတ်ထားလိုက်တော့ နွေရိပ်က –

''နက္ခတ်တစ်ယောက်ပဲ နှာဘူးလား ဂန့်ဒူးလား''

''ဟာ . . . မဟုတ်ဘူး''

''မဟုတ်ရင်လိုက်မယ်''

ပြောပြီး နွေရိပ်လည်း ကားပေါ်မှဆင်းလိုက်လေသည်။ ယောက်ျားချည်းပဲနေတာ ဘာဖြစ်လဲ။ ခြံကြီးထဲမှာ တိုက်ကြီးတစ်လုံးလည်း ရှိနေတာပဲ။ အကုန်လုံးတော့ လူယုတ်မာတွေမဖြစ်နိုင်ဘူးလေ။ နက္ခတ်ကိုယ်တိုင်က မယုတ်မာရင် ကျန်တဲ့သူတွေကို ကြောက်စရာမလိုတာ။

နက္ခတ်ကလည်း –

သူ့သာယုတ်မာတတ်ရင် ကိုယ့်ဆန္ဒကိုမေးနေပါ့မလား၊ မရမက ခေါ်မှာပေါ့။

''ကားက ထားခဲ့ရမှာလား''

''အင်း . . . ထားခဲ့ပေါ့''

''ခြံက အကျယ်ကြီးကို မောင်းဝင်လို့မရဘူးလား''

''ခြံက ကျယ်ပေမယ့် ကိုယ်ပိုင်တာမှ မဟုတ်တာ။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးရဲ့ခြံလေ။ သူများခြံမှာ ကပ်နေရတာပေါ့”

“ဪ”

နွေရိပ် စိတ်မကောင်းဖြစ်သွားရသည်။ သူတစ်ပါးရဲ့ အားနည်းချက်ကို ထုတ်ဖော်ပေးလိုက်သလို ဖြစ်နေပြီလားလို့ပေါ့။ တောင်းပန်လိုက်ရင် သတိပေးလိုက်သလို ဖြစ်မှာစိုးလို့ မတောင်းပန်တော့ပါဘူး။ နကွတ်ခေါ်ရာနောက်သို့ပဲ လိုက်လာခဲ့တော့သည်။ အိမ်ကိုရောက်တော့ –

“ဦးလေး”

“– – – – –”

“ဦးလေး”

“ဟော . . . နကွတ် ငါ ဒီမှာကွ။ သွေးကို ရေချိုးပေးနေတယ်။ ပြီးတော့မယ် ခဏလေး”

“က ကွိ အိ အိ”

နကွတ်အသံကြားတာနှင့် သွေးဆီကအသံထွက်လာလေသည်။ ဒါ အစ်ကိုဖြစ်သူကို ခေါ်တာလေ။ နကွတ် ပြန်လာရင် သူ့အတွက် မုန့်ဝယ်လာနေကျဆိုတော့ ညနေဘက်ဆို နကွတ် ပြန်အလာကို မျှော်နေတတ်သူ။ ဒီနေ့တော့ ရေချိုးနေတာနဲ့ တိုးလို့ပေါ့။ မဟုတ်ရင် နကွတ်ကို လာဖက်ထားတာလေ။





“ဟော့ကောင် . . . ငြိမ်ငြိမ်နေ ပြီးတော့မယ်ကွ။ မင်းအစ်ကို ဘယ်မှ ထွက်မပြေးဘူး။ ပြီးတော့တွေ့ရမယ်”

သွေးက ရေချိုးနေရင်းကနေ ထသွားမယ်လုပ်တော့ ဦးဝင်းလွင် သွေးလက်ကို ဆွဲထားပြီး အော်လေတော့သည်။ သွေးကလည်း လက်ကို ရုန်းလေသဖြင့် –

“တယ် . . . ဒီကောင် ငြိမ်ငြိမ်နေလို့ ပြောနေတာ မရဘူး။ ငါ ရိုက်မှာနော်”

ရိုက်မယ်ဆိုကာမှပဲ သွေး ငြိမ်သက်သွားလေတော့သည်။

“ထိုင်လေ နွေရိပ်ထင်။ ကိုယ်တို့က ဆင်းရဲတယ် ဆိုပေမယ့် ဆိုဖာလောက်တော့ ထိုင်ရပါသေးတယ်။ ထိုင်ပါ”

“နွေရိပ်က ဘာပြောနေလို့လဲ”

“ဟုတ်ပါတယ်၊ မင်းဘာမှ မပြောပေမယ့် ကိုယ်က အားနာလို့ပါ”

နွေရိပ် ဘာမှမပြောတော့ဘဲ သွေးတို့ရှိရာဘက်သို့သာ ငုံ့ကြည့်နေလေလျှင် –

“ညီလေးနာမည်က အောင်ရဲသွေးပါ။ သူက မွေးရာပါ ကျပ်မပြည့်ဘူးပဲ ပြောပါတော့။ မသန်စွမ်းဖြစ်ရတဲ့အထဲ စကားလည်း ကောင်းကောင်းမပြောတတ်ဘူးလေ”



www.burmeseclassic.com

www.burmeseclassic.com



"သြော်"

"ဟား ဟ အီး"

"ဟော"

အဝတ်လဲပြီး သွေးထွက်လာကာ နက္ခတ် ခါးကိုဝင်ဖက်လေသည်။

နက္ခတ်က ဘေးမှာ အဆင်သင့်ချထားတဲ့ နာနတ်သီးစိတ်ထုပ်ကိုပေးလိုက်တော့ သွေးမြိန်ရေယှက်ရေနှင့် စားလေတော့သည်။

"သွေးက နာနတ်သီး၊ လိမ္မော်သီး၊ ပန်းသီး၊ ဖရဲသီး အဲလို အသီးတွေကို ပိုကြိုက်တာ။ အဲဒါကြောင့် အခြားမုန့်တွေ အိမ်မှာ ဝယ်ပေးထားတာရှိပေမယ့် ကိုယ်ပြန်လာရင် အဲဒီလိုအသီးတစ်ခုခု အမြဲ ဝယ်လာရတယ်"

"သြော်"

ပြောနေရင်းက နက္ခတ် နောက်ဘက်သို့ လှည့်ကြည့်လိုက်ပြီး ...

"ဦးလေး"

"ဟေး"

"အလုပ် လုပ်လို့ပြီးပြီလား"

"အေး ... ပြီးပြီကွ"





"အဲဒါဆို ဒီမှာ ဧည့်သည်ပါလာလို့ တစ်ခုခုစီစဉ်ပေးပါဦး"

"အေး အေး"

နက္ခတ်အတွက် ငွေရေးကြေးရေး ပြဿနာမရှိအောင် ရှာနိုင်ပေမယ့် တိုက်ခန်းတော့ ငှားမနေပေ။ လုပ်နေတဲ့အလုပ်က ဆောက်ဖြစ်မှ ကျောင်းအကာဆိုတာမျိုးလေ။ အမြဲတမ်းလုပ်နေရတဲ့ အလုပ်မှ မဟုတ်တာ။ ဒါကြောင့် ရတာလေးကို လူမမာ ဆေးကု၊ စားလည်းစား၊ ဝတ်လည်းဝတ်။

အလုပ်မဖြစ်တဲ့အချိန်အတွက် –

စုဆောင်းထားရတာလည်း ရှိတာပေါ့။

"နေပါစေ၊ ဘာမှမလုပ်ခိုင်းပါနဲ့။ နွေရိပ် ဘာမှ စားချင်သောက်ချင်စိတ် မရှိလို့ပါ"

"မဟုတ်တာ"

"သားကြီး"

"ဗျာ အဖေ"

အိပ်ရာထဲက လူမမာက ခေါ်လေသဖြင့် နက္ခတ် ထသွားလေတော့သည်။

"အဖေ ရေသောက်ချင်လို့၊ ရေခပ်ပေးစမ်းပါ"

"ဟုတ် အဖေ"



www.burmeseclassic.com

www.burmeseclassic.com



နွေနိုင် သက်ပြင်းချလိုက်မိသည်။ လောကကြီးမှာ မတူညီတဲ့ ဘဝအကျိုးပေးတွေနဲ့ ဒုက္ခ သောက ဒေါသ မောဟ တစ်ခုမဟုတ် တစ်ခုနဲ့ ကြုံတွေ့နေကြရတာပါလား။

❑ ❑ ❑



## အခန်း (၁၅)

ဒေါ်တမာချို ကောင်လေးရှေ့သို့ တစ်သောင်းတန် ငွေထပ်ကို ပစ်ချပေးလိုက်သည်။ ကောင်လေးကပိုက်ဆံကို ကောက်မယူဘဲ သူ့ကို မျက်လွှာပင့်ကြည့်လေတော့ –

"ဒါ မင်းအတွက် စရန်ငွေ။ မင်းရဲ့ကြိုးစားမှုအပေါ် မူတည်ပြီး အဲဒီကောင်မ ဘဝပျက်ရင် ပျက်သလောက် စိတ်ဓာတ်ကျရင် ကျသလောက် ငါ ထိုက်ထိုက်တန်တန်ပေးမယ်"

နက္ခတ် မျက်နှာတင်းသွားလေသည်။ လေသံကလည်း မာလိုက်တာ။ အလုပ်အပ်တဲ့သူနဲ့ လက်ခံတဲ့သူ။ ပြေရာပြေကြောင်း ပြောရမှာ မဟုတ်တူးလား။ အခုတော့ ကိုယ့်ကို ဆက်ဆံတာ အထက်



www.burmeseclassic.com

www.burmeseclassic.com



စီးလေသံနဲ့။ ဒါကို နက္ခတ် လုံးဝမကြိုက်ပေ။ ကိုယ်က ဒီအလုပ်လုပ်ပါရစေလို့ လာပြီး ခယတောင်းပန်နေတာမှ မဟုတ်တာ။ သူပဲ လာပြီး အလုပ်အပ်တာလေ။

"မင်း ဒီအလုပ်ကို လက်ခံတယ် မဟုတ်လား။ စရန်ပေးထားတာယူလေကွာ"

"အန်တီ့လေသံကြောင့် အလုပ်လက်ခံဖို့ လက်မခံဖို့ ကျွန်တော်ပြန်စဉ်းစားရတော့မယ်"

"ဘာ"

"အန်တီ့လေသံကို လျှော့လိုက်ရင်ကောင်းမယ်။ ကျွန်တော့်ကို ဒီလေသံမျိုးနဲ့ မဆက်ဆံပါနဲ့။ ကျွန်တော်က အန်တီ့အိမ်က အလုပ်သမားမှ မဟုတ်တာ။

ဒေါ်တမာချို တွေခနဲဖြစ်သွားပြီးမှ သက်ပြင်းချလိုက်မိသည်။ ကြီးကျယ်လိုက်တာလို့ တွေးမိပြီး ဆက်တင်းနေလို့လည်း မဖြစ်ပေ။ ကိုယ်က အလုပ်ဖြစ်စေချင်တဲ့ သူလေ။ ဒါကြောင့် လျှော့ပေးရတော့မှာပဲပေါ့။

"ဆောရီး၊ အန်တီ တောင်းပန်ပါတယ်ကွယ်။ ဟိုကောင်မကို မကျေနပ်မှုတွေများပြီး လေသံက မာသလိုဖြစ်သွားတာပါ။ တောင်းပန်ပါတယ်နော်"





"အဲဒီလိုမှပေါ့ဗျ။ ပြီးတော့"

နက္ခတ်စကားကို ဖြတ်ထားပြီး ပိုက်ဆံတွေကို ခပ်စူးစူး ကြည့်လိုက်မိသည်။

"ဆက်ပြောလေ"

"ကျွန်တော် သူတောင်းစားမဟုတ်ဘူး အန်တီ။ အဲဒါကြောင့် ပိုက်ဆံကို ပစ်ချပေးတာ မကြိုက်ဘူး။ သူတောင်းစားတောင်မှ ယဉ်ကျေးသိမ်မွေ့ပြီး ဂါရဝတရား နားလည်တဲ့သူတွေက ခွက်ထဲကို ပိုက်ဆံ ထည့်တဲ့အခါ ခြေစုံရပ်ပြီး ဆုတောင်းထည့်ကြတာပါ"

"အမလေးဟယ် ပြောတဲ့စကားနဲ့ လုပ်တဲ့အလုပ်က မတန်လိုက်တာ။ အဲဒီလောက်ဖြစ်နေရင်လည်း မင်း ဘုန်းကြီးဝတ်ပြီး ဓမ္မကထိကလုပ်ပါတော့လား။ ဘာလို့ သူများ သားမျိုး သမီးမျိုးကို ဖျက်ဆီးတဲ့အလုပ် လုပ်နေသေးလဲ"

မဲ့ရွဲ့ပြောနေတဲ့ ဒေါ်တမာချိုကိုကြည့်ပြီး နက္ခတ် ပြုံးလိုက်သည်။ ကိုယ်ကလည်း ပြောစရာဖြစ်နေပေမယ့် မကြိုက်တာက မကြိုက်တာပဲလေ။ အထက်စီးဆန်ဆန်နဲ့ ပိုက်ဆံကို ပစ်ပေးတာလောက် နက္ခတ်မုန်းတာမရှိတော့ပါဘူး။

ဒါကြောင့် –

"ဒါကတော့ ကျွန်တော့်အလုပ်ပဲလေ။ အန်တီ အလုပ်မအပ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုရင် ကျွန်တော်ပြန်လိုက်ပါဦးမယ်။ ပစ်ချပေးတဲ့ငွေကိုတော့ ကျွန်တော်ယူမှာ မဟုတ်ပါဘူး"

ပြောပြီး နက္ခတ် ထရပ်မယ်ပြင်လိုက်စဉ် –

"နေပါဦး"

ဒေါ်တာမာချို ကိုယ်ပဲ စိတ်လျှော့လိုက်ရတော့သည်။ ပြောတဲ့စကားနဲ့ လုပ်တဲ့အလုပ်တခြားစီမို့ အမြင်ကတ်ပေမယ့် ကိုယ်ရည်ရွက်ချက်ကိုလည်း အပျက်မခံနိုင်။ ထို့ကြောင့် ငွေတွေကိုပြန်ပြီး ကောက်ကိုင်လိုက်ပြီးနောက် –

"ကောင်းပြီလေ၊ အန်တီ ဒီငွေတွေကို မင်းပေးစေချင်တဲ့ ပုံစံအတိုင်းပေးပါ့မယ်၊ ပြန်ထိုင်ပါ"

နက္ခတ်ပြန်ထိုင်လိုက်မိ၏။

"ရော့"

ဒေါ်တာမာချို ရှုံ့ပြီး ငွေတွေကို လက်နှစ်ဖက်နှင့်ပေးလိုက်လေတော့သည်။ ဒီတော့မှ နက္ခတ်လှမ်းယူလိုက်ပြီး –

"ကဲ . . . ပြော သူ့နာမည် သူ့စရိုက်နဲ့ သူကြိုက်တဲ့အရာတွေ။ ပြီးတော့ သူ့ဓာတ်ပုံ"

"သူ့နာမည်က နွေရိပ်ထင်ပါ"

"ဟာင်"





နွေရိပ်ထင်ဆိုတဲ့နာမည်ကြောင့် နက္ခတ် တွေခနဲဖြစ်သွားလေသည်။ ဟိုကောင်မလေးနာမည်ကလည်း နွေရိပ်ထင်ဆိုတော့ သူများဖြစ်နေမလား။ နာမည်တူမရှား၊ လူတူမရှား ဆိုပေမယ့် တိုက်တိုက်ဆိုင်ဆိုင် ဒီနာမည်မျိုးတူဖို့က ခက်လိမ့်မည်ထင်သည်။

"နွေရိပ်ထင် ဟုတ်လား"

"ဟုတ်တယ်၊ သူ့နာမည်က နွေရိပ်ထင်၊ ပုံစံကတော့ ဂျစ်ကန်ကန်ပဲ"

"သူ့ဓာတ်ပုံပါလား"

"ပါ ပါတယ်"

ဒေါ်တာမာချို ဓာတ်ပုံထုတ်နေတုန်းမှာ ကိုယ်နဲ့သိတဲ့ နွေရိပ်ထင် မဖြစ်ပါစေနဲ့လို့ နက္ခတ် ဆုတောင်းမိပါသည်။ အလုပ်နဲ့ပတ်သက်ပြီး ဘယ်သူ့ဘယ်ဝါ ခွဲခြားလေ့မရှိတဲ့ နက္ခတ်။ ခုတစ်ခါကျမှ ဒီကောင်မလေး မဖြစ်ပါစေနဲ့လို့ ဘာကြောင့် ဆုတောင်းမိပါလိမ့်။

အဲဒီကောင်မလေး ဖြစ်တော့ရော ဘာဖြစ်လဲ။ ကိုယ့်အလုပ်ကိုယ်လုပ်တာ ဘာထောက်ထားစရာမှ မရှိဘူးလေ။

"ဒီမှာ သူ့ဓာတ်ပုံ ရော့"

နက္ခတ် ဓာတ်ပုံတွေကို လှမ်းယူပြီး ကြည့်လိုက်တော့ –

"ဟာင်"



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ် ဆုတောင်းမပြည့်ပါဘူး။ ကိုယ်နဲ့သိတဲ့ နွေရိပ်ထင်ပဲလေ။ ရေစက်ကမကုန်နိုင်သေးပါလား။ ဒီတစ်ခါ ထပ်ဆုံရမယ့် ရေစက်အတွက်တော့ စိတ်မကောင်းစရာပါလား နွေရိပ်ထင်။ ဘာပဲဖြစ်ဖြစ် ကိုယ်က ကိုယ့်အလုပ်ကိုယ်လုပ်တာပဲလေ။ ဘာတတ်နိုင်မှာလဲ။

မင်း ကံဆိုးသွားပြီ နွေရိပ်ထင်။

"ဘယ်လိုလဲ သဘောကျရဲ့လား"

"ကျွန်တော့်အတွက် သဘောကျဖို့ မကျဖို့မလိုပါဘူး။ ကျွန်တော်က အလုပ်သဘောအရ ပတ်သက်တာပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ တကယ်တမ်းဆိုရင် သူ့ရုပ်ရည် သူ့ဂုဏ်အရှိန်အဝါက မင်းကို ငွေပေးဖို့မပြောနဲ့ မင်းက အခု ငါ့ပေးသလောက် ငါ့ကိုပေးပြီး သူ့ဘဝကို စားသုံးသင့်တာ"

ပြောပုံက ကိုယ်ကပဲ သူ့ကိုငွေပေးပြီး နွေရိပ်ထင်ကို ခြေတော်တင်ရမလိုပါလား။ တော်တော်လာတဲ့အဘွားကြီးပဲ။ အလုပ်အပ်သူတွေထဲမှာ ဒီအဘွားကြီးလောက် စကားပြောရတာ လက်ပေါက်ကပ်တာ မရှိတော့ပါဘူး။

"ဘာလဲ . . . အန်တီက ကျွန်တော့်ဆီကနေ ပြန်လိုချင်တာလား။ အစကတည်းက ကျွန်တော်က အယူသမားနော်၊ အပေးသမား





မဟုတ်ဘူး"

"ငါကလည်း သဘောပြောပြတာပါ"

"ကျွန်တော့်ဆီမှာ အလုပ်အပ်ကြတဲ့ အလုပ်အပ်သူတွေထဲ အန်တီလိုလူမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်ဗျာ"

"ငါလည်း မင်းလို ယောက်ျားကြေးစားအသည်းခွဲသမားကို ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

နက္ခတ်ရယ်လိုက်ပြီး –

"ဒါဆို အပြန်အလှန်ပေါ့"

"မင်း ငါ့ကိုဘာပြောစရာရှိသေးလဲ"

"မရှိပါဘူး"

"ဒါဆို ပြန်နိုင်ပါပြီ"

"နှင်စရာမလိုပါဘူးဗျာ"

နက္ခတ် ထရပ်လိုက်ပြီး ဒေါ်တမာချိုကို စူးခနဲ တစ်ချက်ကြည့်လိုက်မိသည်။ ပြီးတော့ထွက်လာခဲ့တော့၏။

နာမည်က ဒေါ်တမာချိုတဲ့။

တမာဆိုမှတော့ ဘယ်လိုလုပ်ပြီး ချိုနိုင်မှာတဲ့လဲ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

နွေရိပ် ခြံကျယ်ကြီးထဲသို့ ချောင်းကြည့်လိုက်စဉ်မှာပဲ ဂစ်တာကို ပိုက်ပြီး ဒန်းပေါ်မှာထိုင်နေတဲ့ လူတစ်ယောက်က လှမ်းကြည့်တာနှင့် တိုးလေသည်။ နွေရိပ်ကိုမြင်တာနှင့် ထိုလူက ဂစ်တာကိုချပြီး ခြံတံခါးဝဆီသို့ လျှောက်လာလေသည်။ ပုံစံက သန့်သန့်ရှင်းရှင်းနဲ့။

ဒီအိမ်ကလူ ထင်ပါရဲ့။

ကိုယ်က သွေးဆီကိုလာတာပါ။ ဒုက္ခိတသည်လေး သွေးက အထီးကျန်နေသူ။ ဒါကြောင့် သူ့ကိုအဖော်လုပ်ပေးချင်သည်။ သူနဲ့ ကစားပြီး စကားတွေ ပြောကြည့်ချင်သည်။ အဲဒီလောက်ကိုပဲ သနားသွားခဲ့တာပါလေ။ ထိုလူက အနားကိုရောက်လာတော့ ခြံတံခါးကို





ဖွင့်လိုက်ပြီး –

"မင်း ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာလို့ ခြံထဲကို ချောင်းကြည့်နေတာလဲ"

ပြောပြီး နွေရိပ်ကို ဆံစမှ ခြေဖျားအဆုံး စုန်ချည်ဆန်ချည် ကြည့်လေသည်။

"ကျွန်မ ဟိုဘက်အိမ်လေးက သွေးနဲ့တွေ့ချင်လို့ပါ၊ သွေးဆီကိုလာတာပါ"

"သွေး"

သွေးနာမည်ကိုခေါ်ပြီး သွေးတို့အိမ်လေးဘက်သို့ လှည့်ကြည့်လေသည်။ ပြီးမှ –

"ဘာလုပ်မလို့လဲ"

"အဲဒီလောက်အထိတော့ စပ်စုဖို့မလိုဘူးထင်ပါတယ်"

ထက်မြက်ဖော် မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေသည်။ ပြီးတော့ ရယ်လိုက်ပြီး –

"ဟုတ်ပါပြီ၊ ကဲ လာ ဝင်ပါ။ တို့နဲ့လည်း ခင်မင်ရင်းနှီးနိုင်တယ်နော်"

"ဝင်ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

နွေရိပ် ခြံထဲဝင်လိုက်တော့ –



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . ဒီမှာ"

"မင်းရဲ့ကားကို ခြံထဲမောင်းဝင်လိုက်ပါ"

"ထပ်ဆင့်ကျေးဇူးတင်ပါတယ်"

"ဒါနဲ့ မင်းနာမည်ကို သိခွင့်ရှိမလား"

"နွေရိပ်ထင်ပါ"

"ဪ"

ထက်မြက်ဇော် နာမည်လည်းလှ လူလည်းလှတဲ့ ကောင်မလေးရဲ့ လှုပ်ရှားမှုတွေကို လိုက်ကြည့်နေမိသည်။ ဘာမှ ထွေထွေထူးထူး မပြင်မဆင် မခြယ်သပဲကို ချစ်စရာ ကောင်းတာ။ ကားကို မောင်းနှင်ပြီး သူမ ကားပေါ်က ဆင်းသွားတာကိုလည်း လိုက်ငေးနေမိပြန်သည်။

နွေရိပ်ကတော့ –

ဝယ်လာတဲ့ ပန်းသီးတွေ၊ လိမ္မော်သီးတွေကို လက်မှာဆွဲလျက် –

"သွေး"

"–––––"

"သွေးရေ"

"––––"





"သွေး"

"ဘယ်သူလဲဟေ့"

အသံနဲ့ထပ်တူ ဦးဝင်းလွင်ထွက်လာလေသည်။ နွေရိပ်ကို မြင်လေတော့ –

"ဪ . . . ဟိုကလေးမ"

"ဟုတ်ကဲ့ ဦးလေး"

"နက္ခတ် အိမ်မှာမရှိဘူးကွဲ့"

"ဟုတ်ကဲ့ နွေရိပ်၊ နက္ခတ်နဲ့တွေ့ချင်လို့လာတာ မဟုတ်ပါဘူး ဦးလေး။ သွေးနဲ့တွေ့ချင်လို့လာခဲ့တာပါ"

"ဟော . . . သွေးနဲ့တွေ့ချင်လို့ ဟုတ်လား"

"ဟုတ်တယ်ဦးလေး၊ နွေရိပ် အထီးကျန်နေတဲ့သွေးကို အဖော်လုပ်ပေးချင်တယ်။ သူနဲ့ကစားမယ်၊ စကားတွေအများကြီးပြောချင်တယ်"

ဦးဝင်းလွင် သက်ပြင်းချလိုက်မိသည်။ သွေးဘဝကို ဒီကလေးမ သနားသွားတာလား။ မိန်းမတွေက မာယာများတတ်တယ်။ အကြင်နာကို အရောင်ပြပြီး ယောကျ်ားတွေရဲ့ဘဝကို အမှောင်ချတတ်တဲ့ မိန်းမတွေကို ဦးဝင်းလွင် မုန်းပါသည်။ သို့သော် ငါနှံမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်တယ်လို့ ဖြေထားခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေးက –

ဘယ်လိုမိန်းကလေးမျိုးလဲ။ လောကကြီးမှာ တကယ် ကြင်နာသနားတတ်တဲ့ မိန်းမတွေရှိနေသေးလား။

"ဝင်းလွင်"

"ဗျာ ကိုကြီး"

"ညွှန့်သည်ကို အိမ်ပေါ်ခေါ်လေကွာ"

"ဟုတ်ကဲ့ ကိုကြီး"

ဦးဝင်းတင်က အိပ်ရာထဲမှ လေသံပျော့လေးနှင့် လှမ်းပြောလေသည်။

"ဒါဆိုလည်း အိမ်ပေါ်တက် ကလေးမ"

"ဟုတ်ကဲ့"

နွေရိပ် အိမ်ပေါ်သို့တက်လိုက်သည်။ ကိုယ့်ဘဝသည်လည်း အထီးကျန်ဆန်နေသူမို့ အထီးကျန်တဲ့သူချင်း ကူညီ၍ ဘဝမှာ ပျော်ရွှင်မှုတွေကို ဖန်တီးချင်သည်။

ဦးဝင်းလွင်က သွေးကိုခေါ်ပေးလေတော့ သွေးက သူမကို ကြောက်နေသလို အနားသို့မကပ်ပေ။

"သွေး"

"––––"





"ဒီမှာ မမ သွေးအတွက် သစ်သီးတွေအများကြီး ဝယ်လာတယ်။ လာယူ စားလေ"

နွေရိပ် သစ်သီးထုပ်ကို မြှောက်ပြလိုက်လေတော့ သွေး မျက်နှာ ဝင်းပသွားလေတော့သည်။

"ယူလေ"

"အ အိ အီး"

သွေး သစ်သီးထုပ်ကိုလှမ်းယူပြီး သူမကိုရယ်ပြလေသည်။ ပြီးတော့ အိတ်ကိုဖွင့်ပြီး လိမ္မော်သီးတစ်လုံးကို နှိုက်ယူလေလျှင်–

"သွေး မင်းအကုန်မစားရဘူးနော်"

"သူ့ ကုန်သလောက်စားပါစေ ဦးလေးရဲ့"

"ညည်းမသိဘူးနော်၊ ဒီကောင်က စားကောင်းရင် ကောင်းသလောက် စားတာ၊ ဝမှန်း မဝမှန်း သိတာ မဟုတ်ဘူး။ သွေးရော မင်း ဒါပဲစား၊ ကျန်တာ ငါသိမ်းထားမယ်"

ဦးဝင်းလွင် အိမ်ကိုယူလိုက်ပြီး သွေးကို ပန်းသီးတစ်လုံးနှင့် လိမ္မော်သီးတစ်လုံးပဲပေးကာ ကျန်တာတွေ သွားသိမ်းလေတော့–

"အိ အိ ဟား"

သွေးက နွေရိပ်လက်မောင်းကို ကိုင်လှုပ်၍ ဦးဝင်းလွင်ကိုလည်း လက်ညှိုးထိုးပြလေသည်။

www.burmeseclassic.com



"သွေး"

လူမမာက ရှိသမျှ အားအကုန်ထည့်ခေါ်လိုက်သည်ထင်ပါရဲ့ ဒီတစ်ခါ အသံကကျယ်လေသည်။

"တော်ပြီလေကွာ၊ ကျွေးတာကိုပဲစား"

"ဟုတ်တယ် မောင်လေးရဲ့။ ဒါပဲစားလိုက်နော်။ ပြီးရင် မမနဲ့ ခြံထဲမှာကစားကြမယ်။ ဘယ်လိုလဲ ကစားမယ် မဟုတ်လား"

နွေရိပ် ချော့မော့ပြီးပြောလေတော့ သွေး ငြိမ်သက်စွာနှင့် နွေရိပ်ကိုကြည့်နေသည်။ ကစားမယ်ဆိုတော့ အိ အိ အ အ နှင့် ခေါင်းတွေညိတ်ပြီး နွေရိပ်လက်ကို ဆွဲခေါ်လေတော့၏။ နွေရိပ်လည်း ထလိုက်လာခဲ့ပြီး အိမ်လေးရဲ့မျက်နှာသာရှေ့မှာ အတူတူကစားကြသည်။

သွေးပျော်အောင်။

နွေရိပ်က သီချင်းဆိုပြီးကပြသည်။ ပြီးတော့ သွေးကိုလိုက်နိုင်းပြီး သူမကပြေးပေါ့။ သူခမျာ လိမ်ဖယ် လိမ်ဖယ်နှင့်လိုက်ရတာမောတော့ နွေရိပ်ပဲ တယုတယ ချွေးတွေသုတ်ပေးမိပြန်သည်။

"ဟင်"

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် နက္ခတ် ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ သွေးနဲ့ကစားနေတာ နွေရိပ်ထင်ပါလား။ ပထမ





တော့ အံ့အားသင့်သွားရုံပါ။ နောက်တော့ အတွေးပေါင်းများစွာက ခေါင်းထဲသို့ ဝင်လာသည်သာပေါ့။ သူ တွေ့ခဲ့ပါတယ်လေ။ နွေရိပ်ထင် မျက်ဝန်းထဲမှာ သွေးကိုသနားသွားတဲ့ အရိပ်အယောင်တွေကိုပဲပေါ့။

ဒီလိုတွေးမိတော့ –

ယူလာခဲ့မိတဲ့ပိုက်ဆံတွေကို သတိရမိသွားသည်။ ဒီလို သတိရမိသွားတော့ ထိုငွေတွေကပဲ ကိုယ့်ပခုံးပေါ်မှာ လိုသည်ထက် ပိုလေးပြီး အလေးတစ်ခုခုနှင့် ဖိချလိုက်သလိုပါပဲ။ ဒါ ဘာဖြစ်တာလဲ။ အဖြေကို သူကိုယ်တိုင်က ရှာလို့မတွေ့ပေ။ ကိုယ့်ညီလေးအပေါ် မေတ္တာစေတနာထားနေတဲ့သူအပေါ်မှာ သူ မကောင်းကြံသင့်ပါသလား။

ဟာ ဘာပဲဖြစ်ဖြစ် . . .

ဒါက ကိုယ့်အလုပ်ပဲလေ။ သေချင်တဲ့ကျား တောပြောင်းဆိုသလို သူကြမှာ သူဖန်ပြီးတိုးဝင်လာတော့ ကိုယ်ကြိုးစားအားထုတ်ရတာ သက်သာတာပေါ့။ ကိုယ် ကုသိုလ်ကံကောင်းလို့ သားကောင်က ကိုယ့်ပါးစပ်ထဲ တိုးဝင်လာတယ်လို့ သတ်မှတ်ရမှာပဲလေ။

သွေးက သူ့ကိုမြင်သွားပြီး –

"က က ကို အိ ဟား"

သူ ခြေလှမ်းကျဲများနှင့် လျှောက်သွားလိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"နွေရိပ်ထင် ရောက်နေတာကိုး"

"ဟုတ်တယ် နက္ခတ်၊ သွေးကိုသနားလို့ အဖော်လာလုပ်ပေးတာပါ"

"ဩော် . . . ကျေးဇူးတင်ပါတယ် နွေရိပ်ထင်"

နွေရိပ်က ပြုံးလိုက်ပြီး –

"ပြောတော့ သူများကို ကျေးဇူးမတင်တတ်ဘူးဆို"

"ဒီတစ်ခါတော့ ကျေးဇူးတင်ပါရစေ။ ကိုယ်က ကိုယ့်ညီလေးကို အရမ်းချစ်တာ"

"အိ အိ ဟီး"

အရမ်းချစ်တာဆိုတော့ သွေး တဟီးဟီးနှင့်ရယ်ပြီး နက္ခတ်ခါးကို ဖက်ထားလေသည်။

"ပြီးတော့ သနားလည်းသနားတယ်။ ဒါပေမဲ့ ဝမ်းစာအတွက် လှုပ်ရှားနေရတော့ သူ့ကိုအဖော်လုပ်မပေးနိုင်ဘူးလေ"

"အခု အဆင်ပြေသွားပြီလေ နက္ခတ်ရဲ့၊ သွေးကို နွေရိပ်နေ့တိုင်းလာပြီး အဖော်လုပ်ပေးမှာပေါ့"

နွေရိပ်စကားကြောင့် နက္ခတ် လည်ချောင်းထဲမှာ တစ်ခုခုနင်သွားသလိုပါပဲ။

ဟူး မလွယ်ပါလားနော်။





"ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားကိုပဲ ထပ်ပြောပါရစေတော့ နွေရိပ်ထင်"

နွေရိပ်က ပြုံးပြီး ခေါင်းညိတ်ပြလေသည်။ မတတ်နိုင်ဘူး နွေရိပ်ထင်။ မင်းရဲ့ကုသိုလ်ကံပဲပေါ့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

မြသဉ္ဇာနှယ် အလိမ်ခံလိုက်ရတဲ့ အဖြစ်အတွက် နက္ခတ်ကို လုံးဝမကျေနပ်ပေ။ ကိုယ်က ဘဝတစ်ခုလုံး ရင်းလိုက်ရတာမို့ နက္ခတ်ပါးကို ဆယ်ချက်လောက်ရိုက်ပစ်လိုက်ချင်တာပါ။ ကိုယ်ကတော့ သူနေမကောင်းလို့ မလာတာများလား။ ဘာများဖြစ်နေသလဲနဲ့ စိတ်ပူလိုက်ရတာ။

ဖုန်းဆက်တော့ ဖုန်းမကိုင်။

ခဏခဏ ဖုန်းခေါ်အားကြီးလို့ ဖုန်းကိုင်တော့ ခင်ဗျားနဲ့ ကျွန်တော့်ဇာတ်လမ်း ပြီးသွားပြီ။ ရှေ့ဆက်စရာအကြောင်း မရှိတော့ဘူးတဲ့။ သူက ကြေးစားအသည်းခွဲသမားတဲ့လေ။ သူများငွေပေးခိုင်းလို့





သူမဘဝကို ဖျက်ဆီးခဲ့တာတဲ့။ မုန်းလိုက်တာ။ သူ့ကိုရော ကိုယ့်ကိုယ်ကိုယ်ရောပေါ့။

"နင် ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ မလုပ်ဘူး။ ငါအသည်းကွဲရသလို သူ့ကို ပါးရှစ်စိတ်ကွဲအောင် ပြန်ရိုက်မယ်"

"ဟယ်"

သဉ္ဇာစုံစမ်းကြည့်တော့ သူပြောတဲ့အတိုင်း မှန်နေတာပဲလေ။ နက္ခတ်က ရုပ်ကလေးဖန်ပြီး ကြေးစားအသည်းခွဲနေတဲ့ အသည်းခွဲနက္ခတ်တဲ့။ အခု လမ်းမှာဖရဲသီးထယ်နေတာမြင်လိုက်ရတော့ ချက်ချင်းပဲ ကားကိုရပ်ပြီး ကြည့်နေမိတာပါ။ သူများတွေ သိတာက သဉ္ဇာကို အသည်းကွဲရုံလောက်ပဲလေ။

တကယ်က –

အပျိုရည်ပါ ပျက်သွားခဲ့တာ။

"နင်ကလည်း အမျက်ကြီးလိုက်တာ သဉ္ဇာရယ်၊ ဒီလူ ဒီစိတ်ရှိမှန်းသိရင် ဝေးဝေးကရှောင်ပေါ့။ ပြီးခဲ့တာတွေ ပြီးပါစေတော့"

"ငါ မပြီးနိုင်ဘူး လွင်မာ"

"နင်ကလည်း"

"သူ့ကို တစ်ခုခုပြန်လုပ်ရမှ ငါကျေနပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ပြောမရလည်း လုပ်ချင်တာလုပ်ဟာ"

"လုပ်မှာ"

လွင်မာ စိတ်မရှည်သလို ပြောအပြီးမှာပဲ သဥ္စာ နက္ခတ်ဆီသို့ လျှောက်သွားကာ အနားကိုရောက်တော့ –

"နက္ခတ်"

"------"

"နက္ခတ်"

နောက်ထပ်ခေါ်မှ နက္ခတ်က လှည့်ကြည့်ပြီး –

"ဟင်"

"ငါ့ကိုမြင်လိုက်ရတော့ သိပ်အံ့သြသွားလား နက္ခတ်"

နက္ခတ်တစ်ကိုယ်လုံး လှည့်လာပြီးပြုံးလိုက်ကာ –

"မအံ့သြပါဘူး။ ကျွန်တော် ဒါမျိုး အတွေ့အကြုံတွေ ရှိနေလို့ ရင့်ကျက်နေပြီပဲဟာ"

"တောက်"

သဥ္စာ အောက်နှုတ်ခမ်းကို ပေါက်ထွက်လုမတတ် ဖိကိုက်လိုက်မိကာ၊ ပြီးမှ –

"လူ ယုတ် မာ"

ပြောလိုက်သံက နာကြည်းစွာနှင့် လေးလေးပင်ပင် တစ်ခွန်း





ချင်းပါပဲ။ နက္ခတ်ကတော့ အပြုံးမပျက်ပေ။ မှန်တာပြောတာ ပြောပါစေပေါ့။

"နင်က ရုပ်ကလေးနဲ့မလိုက်အောင် ယုတ်မာတဲ့ကောင်။ လူယုတ်မာ"

"ကျွန်တော့်အတွက် မဆန်းပါဘူး"

"တောက်"

ဒီတစ်ခါတော့ သဥ္စာ လက်တစ်ဖက် ရိုပ်ခနဲမြောက်တက်သွားကာ –

"ဖြန်း"

"-----"

"ဖြန်း"

နက္ခတ် ပါးနှစ်ဖက်စလုံး ပူသွားလေတော့သည်။ ဒါလည်း မဆန်းတော့ပါဘူး။ ကိုယ်လုပ်ရတဲ့အလုပ်ကိုက ပထမ အသာစီးရပြီး နောက်ဆုံး ကိုယ်ပြန်ရင်းရတာ အဲဒီပါးတွေပဲလေ။ ကိုယ့်မိသားစုကို ကိုယ့်ဘဝအပြင် ဒီပါးတွေနဲ့ ရင်းပြီး ရှာကျွေးရတယ်ဆိုရင် မမှားပါဘူး။

"ငါ ဆုတောင်းပါတယ်"

"-----"

"နင် ဝဋ်မလည်ပါစေနဲ့ နက္ခတ်"



www.burmeseclassic.com

www.burmeseclassic.com



နင် ဝင့်မလည်ပါစေနဲ့ဆိုတဲ့စကားက နားထဲမှာ ပဲ့တင်ထပ်သွားသလိုပါပဲ။ ဒီစကားကို နက္ခတ် ဘယ်တုန်းက အရေးစိုက်ခဲ့လို့လဲ။

"နင် တကယ်ချစ်တဲ့သူနဲ့တွေ့တဲ့အခါ ဒါမှမဟုတ် နင် အိမ်ထောင်ကျတဲ့အခါ သမီးမမွေးပါစေနဲ့လို့ ဆုတောင်း။ သမီးမွေးရင် ဝင့်လည်ပါစေ။ အဲဒါ ငါ့ရဲ့ကျိန်စာ နက္ခတ်"

ပြောပြီး သဉ္ဇာ ချာခနဲလှည့်ထွက်သွားလေတော့သည်။ သူမ ကျောပြင်ကိုကြည့်ပြီး နက္ခတ်စိတ်ထဲမှာ နင့်ခနဲဆို့ကြီးပါ။ ဘာဖြစ်တာလဲ။

ဒါ ဘာဖြစ်တာတဲ့လဲ။

❑ ❑ ❑



# အခန်း (၁၈)

"သမီး"

ဖေဖေခေါ်လိုက်တာကြောင့် နွေရိပ် ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ ညှော်ခန်းထဲမှာ ဖေဖေနဲ့ သူ့မိန်းမ ထိုင်နေတာကို မြင်လျက်နဲ့ နွေရိပ် ဝင်မထိုင်ဘဲ အပေါ်ထပ်တက်ဖို့ လျှောက်လာခဲ့တာပါ။ မျက်နှာချင်းမဆိုင်ချင်လို့ ရှောင်နေခဲ့တာ ကြာပြီပဲလေ။ သူတို့နဲ့ ပြောစရာစကားလည်း မရှိပါဘူး။

အထီးကျန်တဲ့ ကိုယ့်ဘဝကို မကျေနပ်တိုင်း ပြောမိရင် ထော်လော်ကန့်လန့်တွေပဲ ဖြစ်ဦးမှာ။ ကိုယ်ရှောင်နေတဲ့ကြားက ပြဿနာလာရှာလို့ကတော့ နွေရိပ်ထင်ပဲလေ။ ကိုယ့်ထမင်းကိုယ်စား



www.burmeseclassic.com

www.burmeseclassic.com



နေတာ ဘယ်သူ့မျက်နှာကို ထောက်ထားနေစရာ လိုလို့လဲ။ အခု ဖေဖေ ခေါ်တာမို့ ရပ်ပြီး လှည့်ကြည့်လိုက်စဉ် –

"ခဏ လာထိုင်ပါဦး"

ဖေဖေခေါ်တာဆိုတော့ နွေရိပ် ငြင်းမနေတော့ပေ။ ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်တော့၏။

"အခု ဘယ်ကပြန်လာတာလဲ"

"အပြင်ကပါ"

"အပြင်ကပြန်လာတာကို သိတယ်လေ။ ဘယ်သွားတာလဲ၊ ဘယ်သူတွေနဲ့ သွားတာလဲလို့ မေးတာ"

"တစ်ယောက်တည်းပါပဲ။ ခြေဦးတည့်ရာ လျှောက်သွားနေတာပါ"

"ဘာ"

နွေရိပ် ပြုံးစလွယ်ပဲ ဖြေလိုက်သည်။ ဒေါ်တမာချို့ရှေ့မှာ စကားများများလည်း မပြောချင်ပါဘူး။

"ကိုယ့်ကိုယ်ကိုယ် မိန်းကလေးဆိုတာကိုရော သတိရရဲ့လား သမီး"

"သမီးသိပါတယ်"

"အေး . . . သိရင် ဆင်ခြင်ပါလို့ပဲ ဖေဖေပြောချင်တယ်။





သွားတာ လာတာ နေတာထိုင်တာ။ မိန်းကလေးဆိုတာ တစ်ယောက်တည်း အရဲစွန့်ပြီး သွားလာနေလို့ မသင့်တော်တဲ့အမျိုးအစား။ အစား မတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်းတဲ့"

"လှမ်းတဲ့ခြေလှမ်းက မှန်ဖို့ပဲ လိုတာပါဖေဖေ။ ခြေထိုးခံသူ မရှိရင် ဘာမှမဖြစ်ပါဘူး"

"ဟင်"

နွေရိပ်စကားကြောင့် ကိုယ်လုပ်ထားတဲ့ကိစ္စအတွက် ဒေါ်တမာချို စိတ်မလုံဖြစ်သွားလေသည်။

"နှစ်ပြောတဲ့စကားက ဘာကိုရည်ရွယ်တာလဲ နွေရိပ်။ အတွန့် မလွတ်ဘူးနော်"

"ဘာကိုမှမရည်ရွယ်ဘူး။ ကိုယ့်ဘာသာကိုယ် မလုံတဲ့အိုး တုတ်ထိုးဖောက်မနေပါနဲ့"

"ဘာ"

"တမာ"

ဦးကွန်းဇော်ခေါ်လိုက်တော့ ဒေါ်တမာ ဆက်မပြောတော့ပေ။

"သမီး"

"– – – – – –"

"ဖေဖေ သမီးကို မေးစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် မေးပါ"

"အမှန်အတိုင်းဖြေနော်။ ညာတာကို ဖေဖေ မကြိုက်ဘူး"

"ဖေဖေ မေးစရာရှိတာသာမေးပါ"

ဒေါ်တမာချို မျက်နှာလွှဲသွားလေသည်။ သူ့အဖေနဲ့သူ့သမီး ကြားမှာ ဝင်မပါတော့ဘူးဆိုတဲ့ သဘောပါပဲ။ တကယ်က ခေါင်းရှောင် တဲ့သဘောပဲပေါ့။

"ဖေဖေ့ဗီရိုထဲမှာ ပိုက်ဆံ သိန်းနှစ်ရာထည့်ထားတာကို သိန်း နှစ်ဆယ်ပျောက်သွားတယ်။ အဲဒါ သမီးယူသလား။ ယူရင် ယူတယ်ပဲ ပြော မညာနဲ့"

နွေရိပ် အံအားသင့်ခြင်း၊ အံ့သြခြင်း၊ ဝမ်းနည်းခြင်း စသည့် ခံစားချက်ပေါင်းစုံကို တစ်ပြိုင်တည်း ခံစားလိုက်ရသည်။ သူမကို ထင်ရက်လေခြင်းလို့ပေါ့။ နွေရိပ် ငယ်ငယ်လေးကတည်းက မိဘ မသိအောင် ပိုက်ဆံတစ်ရာပင် ခိုးမသုံးခဲ့ဖူးပေ။ ဘာဖြစ်လို့လဲဆို လက်ဖြန့်တိုင်း ရနေတာ ခိုးစရာမှမလိုတာ။

အခု ပိုတောင်ဆေးသေး။

နွေရိပ်နာမည်နဲ့ ဘဏ်မှာအပ်ထားတဲ့ပိုက်ဆံတွေက မနည်း မနော။ ကြိုက်သလောက် ထုတ်သုံးခွင့်ရှိနေတာ နွေရိပ်က ခိုးမတဲ့ လား။ ထို့ကြောင့် မေးရက်လေခြင်းလို့ ဝမ်းနည်းမိသွားကာ –





"မေးရက်လိုက်တာ ဖေဖေရယ်။ ဖေဖေ့ပါးစပ်က ခုလို မေးထွက်တာကို သမီး တကယ်အံ့သြလို့မဆုံးဘူး။ ဖေဖေ သိပါတယ်။ သမီးရဲ့ပိုင်ဆိုင်မှု၊ ဘဏ်သွားလိုက်တာနဲ့ ကိုယ်သုံးချင်သလောက် ထုတ်ယူလို့ရတယ်ဆိုတာ။ သမီးက ဖေဖေ့ပိုက်ဆံ သိန်းနှစ်ဆယ် လောက်ကို ခိုးမှာတဲ့လား။ ဖေဖေ့ သိန်းနှစ်ရာစလုံး ပျောက်သွားရင် တောင် သမီးပြန်ကူညီလို့ရသေးတယ် ဖေဖေရဲ့"

ဦးကွန်းဇော် သက်ပြင်းချလိုက်မိသည်။ သမီးပြောတာ အမှန် ပဲလေ။ ကိုယ်လည်း သမီးကို မထင်ပါဘူး။ ဒါပေမဲ့ လက်သည်းဆိတ် မှ လက်ထိပ်နာဆိုသလို ကိုယ့်သမီးကိုပဲ ဦးချိုးပြီးမေးရတာပေါ့။

"ဒါတော့ ဘယ်ပြောလို့ရမှာလဲ နွေရိပ်ထင်။ လူ့စိတ်ဆိုတာ မျောက်စိတ်နဲ့အတူတူတဲ့။ သူခိုးမှာ ဦးချိုပါတာမှ မဟုတ်တာ"

"ဒေါ်တမာချို"

"သမီး"

နွေရိပ် ဒေါ်သနင့်ထရပ်လိုက်တော့ –

"ပြန်ထိုင်စမ်းသမီး မရိုင်းနဲ့"

"သမီးမရိုင်းချင်ဘူး ဖေဖေ။ သမီးကို ရိုင်းအောင် သင်ပေး နေတာက ဖေဖေ့မိန်းမ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"နေရာတကာမှာ သူများကို ကိုယ့်စိတ်နဲ့နှိုင်းနေတာ။ သမီးက မဟုတ်တာကို ဟုတ်ပါတယ် ပြောပြီး ခေါင်းငုံ့ခံနေရမှာလား။ ရှင်းရှင်းပဲပြောပါ ဖေဖေ။ ဖေဖေသမီးကို ဒီအိမ်မှာ မနေစေချင်လို့ ပညာသားနဲ့ နှင်နေတာလားဆိုတာ"

"ဟာ မဟုတ်ဘူး သမီး၊ မဟုတ်ဘူး"

ဦးကွန်းဇော် လက်တကာကာနှင့် ပျာပျာသလဲဖြစ်သွားလေတော့သည်။ ကိုယ့်မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတာ ဘယ်လောက်ချစ်ခဲ့ရသလဲ။ အခုက မလွှဲသာလို့ ဒီလိုမေးရတာပါ။ သမီးကလည်း ကိုယ့်ဖေဖေ ဘာကိုဆိုလိုချင်တယ်ဆိုတာ မသိတော့ခက်တာပေါ့။

"သမီးမယူမှန်းကို ဖေဖေသိပါတယ်"

"သမီးမယူမှန်းသိတယ်ဆိုတော့ ကျွန်မတို့သားအမိ ယူတယ်လို့ ဆိုလိုချင်တာလား ကိုကွန်းဇော်"

"ကျွတ်"

ခက်ပြီ။

"မင်းတို့သားအမိယူတယ်လို့လည်း ငါ မဆိုလိုပါဘူးကွာ။ ဘယ်သူမှယူတာ မဟုတ်ဘူး။ ပိုက်ဆံက သူ့အလိုလို ခြေထောက်ပေါက်ပြီးထွက်သွားတာ။ ဘယ်သူမှမမှားဘူး ငါပဲမှားတာ"

ထိုစကားက အလွန်မှ အဓိပ္ပာယ်ရှိလှပါသည်။ မှားတာပေါ့





သူ့ အနေအထိုင် မဆင်ခြင်ခဲ့လို့မှားတာ။ တမာချို့ရဲ့ လှည့်ကွက်ထဲ သားကောင်ဖြစ်ခဲ့ရတယ်။ လက်ထပ်ဖို့ရည်ရွယ်ချက်မရှိဘဲနဲ့ စိတ်ပျို တော့ ကိုယ်နုဆိုပြီး တမာချို့နဲ့ ပတ်သက်ခဲ့တာလေ။ ကိုယ်က တွဲရုံ အဆင့်ပဲ ရင်းနှီးပတ်သက်ခဲ့ပေမယ့် –

သူမက –

အကွက်ကျကျနှင့် ကိုယ့်ကိုထောင်ချောက်ဆင်ပြီး ဖမ်းခဲ့ တာပါ။

"အိမ်တစ်အိမ်မှာ အိမ်တွင်းသူခိုးရှိရင် ဘယ်တော့မှ မကောင်းစားဘူးတဲ့။ ကြားဖူးတာ ပြောပြတာပါ"

"နင်ပြောတာက အိမ်တွင်းသူခိုးဆိုတော့"

"ဘယ်သူ့ကိုမှ မရည်ရွယ်ပါဘူး။ ပိုက်ဆံက သူ့အလိုလို ခြေထောက်ပေါက်ပြီး ထွက်မသွားနိုင်တဲ့အရာဆိုတော့ ယူသူရှိလို့ ပျောက်တာပေါ့"

"အဲဒါဆို ယူတဲ့သူကို မိအောင်ဖမ်းလေ"

"မမိလို့ပြောနေတာပေါ့။ သိလို့ကတော့လား"

"ကဲ . . . တော်ကြပါတော့။ နင်တို့ ဒီလို အငြင်းအခုန်ဖြစ်နေကြလို့ ပျောက်တဲ့ပိုက်ဆံ ပြန်မရတော့ဘူး။ နားပူတယ် တိတ်ကြ တော့"



www.burmeseclassic.com

www.burmeseclassic.com



ဦးကွန်းဖော် အော်ပစ်လိုက်မိတော့သည်။ အခုမှ ဆုပ်လည်း ရူး၊ စားလည်းရူးပါပဲ။

"ဖေဖေ"

"----"

"ဖေဖေ့ကို သမီးတစ်ခွန်းလောက် တောင်းဆိုပါရစေ"

ပြောဆိုသောသဘောနှင့် ကြည့်လေလျှင် –

"အိမ်မှာ ဒီလိုပျောက်တာ ရှုတာတွေ ရှိလာပြီဆိုတော့ ဖေဖေ သမီးအပေါ် သံသယဝင်နေဦးမှာပဲ။ သံသယဆိုတာ နှုတ်မရ တဲ့ဆူးတဲ့။ သမီး ဒီသံသယစက်ကွင်းထဲကနေ ရုန်းထွက်ပါရစေ"

"သမီး"

"သမီး သမီးပိုင်တဲ့ တိုက်ခန်းမှာပဲ သွားနေပါရစေ ဖေဖေ။ အဲဒါမှ သမီး နေရထိုင်ရတာ အစွန်းလွတ်မှာ"

"မဟုတ်တာသမီးရယ်၊ ဖေဖေ တစ်ယောက်လုံး ရှိနေရဲ့သားနဲ့။ ကိုယ့်သမီးကို ဖေဖေ အဲဒီလိုလက်လွှတ်ပေးပြီး မထားနိုင်ဘူး သမီး"

"ဖေဖေ"

ဦးကွန်းဖော် သမီး ဘာဆက်ပြောမလဲလို့ နားစွင့်နေလိုက်သည်။ သူပြောတာ ဟုတ်နေပေမယ့် ကိုယ်ကလည်း ဒီသမီးလေးကို





ကိုယ့်မေတ္တာရိပ်အောက်ကနေ ခွဲမထုတ်နိုင်။ အခြေအနေနဲ့ အချိန် အခါကြောင့် အရင်လို ဂရုမစိုက်ဖြစ်တော့ပေမယ့် –

သမီးက သူ့ဘဝ –

သမီးက သူ့အသက်ပဲလေ။

"ဖေဖေ ခွင့်မပြုနိုင်ဘူး သမီး"

"ခွင့်ပြုပါ ဖေဖေ။ သမီး ဖေဖေ့ကို တောင်းပန်ပါတယ်။ သမီးအတွက် စိတ်ချပါ။ ဦးကွန်းဖော်ရဲ့သမီးဆိုတဲ့ဂုဏ်ကို သမီးထိန်း ပါ့မယ်"

"ဘယ်လောက်ပဲ ထိန်းထိန်း မိန်းကလေးက မိန်းကလေးပဲ။ သမီးတစ်ယောက်တည်း နေမှာကို ဖေဖေ ခွင့်မပြုနိုင်ဘူးသမီး"

"သမီး ဒေါ်ထွေးကိုခေါ်သွားမှာပါ ဖေဖေ။ ခွင့်ပြုပါ"

"သူ ဒီလောက်သွားချင်နေတာ လွှတ်လိုက်စမ်းပါကိုကွန်း ရယ်။ အဲဒါမှ ရှင့်သမီး ကျောင်းမှန်းကန်မှန်း သိမှာ"

ဘယ်အချိန်ကတည်းက သွားစေချင်နေလဲ မသိပါဘူး။ နွေရိပ် နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်မိတော့၏။ နွေရိပ်ကသာ သူ့သမီးဆိုရင် ဒေါ်တမာချို့ပါးစပ်က ဒီလိုစကားမျိုး ထွက်ပါ့မလား။ သမီးမွေးထားပြီး သမီးချင်း ကိုယ်ချင်းမစာတတ်တဲ့ မိန်းမကြီး ဝဋ်မလည်ပါစေနဲ့လို့ပဲ ဆုတောင်းပေးပါတယ် ဒေါ်တမာချို။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကိုခွင့်ပြုပါ ဖေဖေ။ ဒီအိမ်မှာ သမီးမရှိရင် ဖေဖေ စိတ်ချမ်းသာမှာပါ"

ဦးကွန်းဖော် ရင်ထဲမှာ ဆို့နင့်ကြေကွဲသွားလေသည်။ ဒီစကားက ထေ့တာလား တကယ်လားမသိပေမယ့် သမီးရင်ထဲက ခံစားချက်ကိုတော့ နားလည်ပါသည်လေ။

❑❑❑





## အခန်း (၁၉)

အလက်ာချို စလင်းဘတ်အိတ်ထဲက ပိုက်ဆံတွေကို ထုတ်ယူလိုက်ပြီး –

"ရော့ မောင် . . . ဒီလိုမျိုး အလက်ာကို နောက်မပူဆာပါနဲ့နော်။ အလက်ာတို့က ချမ်းသာတာမဟုတ်ဘူး မောင်ရဲ့။ အမေက သူ့ဌေးနဲ့ညားလို့ သမီးက ပိုက်ဆံပေါပေါကိုင်ရတာမဟုတ်ဘူး။ ဒီငွေတွေကို အလက်ာ ဦးကွန်းမသိအောင် ယူလာခဲ့တာ။ နောက်တစ်ခါတော့ ထပ်မလုပ်ချင်ဘူး မောင်"

ထက်မြက်ဖော်၊ အလက်ာပခုံးလေးကို ဖက်လိုက်ပြီး–

"အင်းပါ . . . ချစ်ရဲ့။ မောင်လည်း ငွေအရမ်းလိုနေလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ချစ်လေးကို အကူအညီတောင်းရတာ။ နောက်တစ်ခါ မခိုင်းရက်ပါဘူး"

"တကယ်နော်"

"တကယ်ပေါ့၊ နောက်တစ်ခါဆို မသကာ ချစ်လေးလည်ပင်းက ဆွဲကြိုးလေးတောင်းရုံပေါ့ . . . ဟဲ ဟဲ"

"ဟင်"

အလင်္ကာ ထက်မြက်ဇော်မျက်နှာကို မော့ကြည့်လိုက်မိသည်။ ချစ်လို့သာ အပြစ်မမြင်ခဲ့တာ။ တကယ်ဆို ချစ်သူစဖြစ်ကတည်းက သူက ကိုယ့်အတွက် ငွေကုန်ကြေးကျမခံဘဲ ကိုယ်ချည်းပဲ အကုန်ခံနေရတာပါ။

အခုလည်း ငွေလိုလို့ဆိုပြီး အလင်္ကာကို နားပူနားဆာလုပ်လွန်းလို့ -

ကြံရာမရဘဲ -

ဦးကွန်းငွေတွေကို ယူလာခဲ့မိတာပါ။ မပေးရင် ပြုပြင်သွားမှာစိုးတယ်လေ။ ကိုယ်က ချစ်မိနေတာဆိုတော့ ပေးဆပ်ရတော့တာပေါ့။

"မောင်က စတာပါ ချစ်လေးရဲ့။ မျက်နှာကလည်း ဖြစ်သွားလိုက်တာ"





ပြောပြီး ထက်မြက်ဇော်က အလင်္ကာနှာခေါင်းကို ဖွဖွဆွဲလိမ်လေသည်။

"မောင်"

"ဗျာ"

"အလင်္ကာကို တကယ်ရောချစ်ရဲ့လားဟင်"

"ချစ်တာပေါ့ ချစ်လေးရဲ့။ ကိုယ့်ချစ်သူပဲဟာ"

"တကယ်နော်"

"အကယ်တစ်ရာ၊ တစ်ထောင်ဗျာ"

ပြောပြီးတိုးဖက်ထားလေတော့ အလင်္ကာ ကျေနပ်သွားသည်သာ။ ဒါပေမဲ့ -

"အလင်္ကာက ကြောက်နေတာ မောင်ရဲ့"

"ဟင် . . . ချစ်လေးက ဘာကိုကြောက်တာလဲ"

"မောင် အလင်္ကာကို အသုံးချနေတာလားလို့ပေါ့"

"မဟုတ်တာ ချစ်ရယ်၊ မောင်က ချစ်ကို တကယ်ချစ်တာပါ"

အလင်္ကာ သူ့ခါးကို ပြန်ဖက်ထားလိုက်သည်။

"အလင်္ကာလေ နွေရိပ်သာကို အရမ်းအားကျတာပဲသိလား။ နွေရိပ်က နှစ်ဖက်အဘိုးအဘွားတွေပေးခဲ့တဲ့ အမွေတွေနဲ့ အရမ်းချမ်းသာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သူလိုသာ ချမ်းသာရင် မောင်လိုအပ်သမျှ အလကာ ဖြည့်ဆည်းပေးနိုင်မှာ"

"နွေရိပ်ဆိုတာ ဘယ်သူလဲ ချစ်လေး"

"ဦးကွန်းဇော်ရဲ့ တစ်ဦးတည်းသော သမီးပါ မောင်။ သူ့နာမည်က နွေရိပ်ထင်တဲ့"

"နွေရိပ်ထင်"

ထက်မြက်ဇော် သံယောင်လိုက်ရွတ်လိုက်မိသည်။ နက္ခတ်တို့အိမ်ကိုလာနေတဲ့ နွေရိပ်ထင်လား။ အဲဒီကောင်မလေးကို သူ သဘောကျမိတာ အမှန်ပါ။ ဒါပေမဲ့ ကောင်မလေးက အရောမခံပေ။

"သူ့ပုံစံက ဘယ်လိုပုံစံမျိုးလဲ ချစ်လေး"

သူမေးလို့ အလကာပြောပြတဲ့ပုံစံက သေချာပါတယ်။ ဒီ နွေရိပ်ထင်ပါပဲ။ သူမက အဲဒီလောက်တောင် ချမ်းသာသတဲ့လား။

ထက်မြက်ဇော် လွန်ခနဲ ပြုံးမိသွားလေသည်။ ဒီလိုကောင်မလေးကိုသာ ကိုယ်အပိုင်ချည်နိုင်ရင် ဘယ်လောက်များကောင်းလိုက်ပါ့မလဲ။

ကြိုးစားကြည့်ရမှာပေါ့။

ခက်တာက နက္ခတ်နဲ့ပတ်သက်နေခြင်းပါပဲ။ နက္ခတ်နဲ့ယှဉ်ရင် ကိုယ်က အမြဲရှုံးတဲ့သူ။ ဒီကောင်က ကိုယ့်ထက် ဘာတွေပိုတော်





နေမှန်း မသိပါ။ ရုပ်လည်း ကိုယ့်ထက်ပိုချောသူ။ နက္ခတ်က မိသားစုအတွက် ကြေးစားအသည်းခွဲတာ။ ကိုယ်ကတော့ လောင်းကစားကို ဝါသနာပါလို့ အခြေအနေအရ ရည်းစား ထည်လဲတွဲတဲ့သူ။

ကိုယ်နဲ့ လာပတ်သက်တဲ့ မိန်းကလေးဆို စကားလုံးလှလှလေးတွေသုံးပြီး ချူနေရတာလေ။ အခုလည်း အလကာကို သူဌေးသမီးမှတ်လို့ တွဲခဲ့တာလေ။ ငွေလိုတယ်ဆိုတော့ ဖြစ်အောင်တော့ ရှာပေးသားပဲ။ ဒါကြောင့် မဖြတ်သေးတာပါ။ ကိုယ်လိုတာ မရနိုင်တော့ရင်သွားပေါ့။ အခုက ရနေသေးတော့ –

"မောင်"

"ဟင်"

"နွေရိပ်ပုံစံကို မောင် ဘာလို့မေးတာလဲ ဟင်"

"ဘာမှမဖြစ်ပါဘူး ချစ်လေးရဲ့။ ကိုယ့်အသိများလားလို့ မေးကြည့်တာပါ"

"ဟွန်းနော် ဟွန်း"

"ဘာလဲ မေးတာတောင် ချစ်လေးက မကြိုက်ဘူးလား"

"မကြိုက်ဘူး"

"ဟာ ... သဝန်ကလည်းတိုတတ်လိုက်တာကွာ။ စိတ်ချပါ ချစ်လေးရဲ့။ မောင်က ချစ်လေးကိုပဲ ချစ်တာ။ ချစ်လေးအလွဲရင်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဖွဲ ဆန်ကွဲပဲ''

''ပြောတာပါပဲ''

''တကယ်ပါဆို''

အလင်္ကာ မျက်စောင်းထိုးလိုက်ကာ -

''ဒါပဲနော်၊ အလင်္ကာက မောင့်ကိုသိပ်ချစ်တာ။ အချစ်ကြီးရင် အမျက်ကြီးတတ်တယ်တဲ့။ အလင်္ကာအပေါ် သစ္စာဖောက်လို့ကတော့ အသေပဲ''

''ဟင် . . . ချစ်လေးက ဘာလုပ်မှာလဲ''

''သတ်ပစ်မှာ''

''ဟား''

ထက်မြက်ဇော် ခေါင်းကိုမော့၍ ရယ်လေတော့သည်။ ဒီလို ခြောက်တိုင်း ကြောက်ရမှာတဲ့လား။ သူသတ်တာ ငြိမ်ခံနေရအောင် ကိုယ်က ခြေမပါ လက်မပါနဲ့ ပစ်တိုင်းထောင်မှ မဟုတ်တာ။

''ချစ်လေးစိတ်ကလည်း ကြောက်စရာကြီးပါလား''

''မရယ်နဲ့ အတည်ပြောနေတာ။ ချစ်လေးက အစွဲအလန်း ကြီးတတ်တယ် မောင်ရဲ့''

''ဟုတ်ပါပြီဗျာ၊ သတ်ရင် ဘယ်လိုသတ်မှာလဲဟင်။ သတ် မယ့်နည်းလေး ပြောပြထားပါဦး။ အဲဒါမှ ဘယ်လိုရှောင်ရမလဲဆိုတာ





သိမှာပေါ့''

''ဟင်''

စတာပဲဖြစ်ဖြစ် နောက်တာပဲဖြစ်ဖြစ် ဒီစကားကိုတော့ အလင်္ကာမကြိုက်ပေ။ ဒါ သစ္စာဖောက်မယ်ဆိုတဲ့ သဘောလား။ အလင်္ကာက အတည်ပြောနေတာလေ။ ကိုယ့်အပေါ် သစ္စာဖောက်လို့ကတော့ တကယ်သတ်ချင်သတ်မှာပေါ့။ ကိုယ့်စိတ်ကို ကိုယ်ပဲသိတာ ပါ။

''မောင်က ဒီလိုပြောတော့ သစ္စာဖောက်မယ်ဆိုတဲ့ သဘော လား မောင်''

''အင်း''

''ဘာ''

''စတာပါ ချစ်လေးရဲ့၊ စိတ်ချ မောင်က ချစ်လေး တစ် ယောက်တည်းကိုပဲ ထာဝရချစ်သွားမှာ''

''ဟွန်း''

အလင်္ကာက မျက်စောင်းထိုးလေသည်။ လောလောဆယ် သူ့မပေးတဲ့ ငွေတွေယူထားတာဆိုတော့ ဒီလိုပဲ အလျှော့ပေးပြီး ဆက်ဆံရဦးမှာပေါ့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"သွေး"

"––––"

"သွေးရေ"

ခေါ်သံကြောင့် နက္ခတ်လက်သည်းညှပ်ပေးတာကို ငြိမ်ခံနေ ရင်းမှ သွေး အိမ်ရှေ့သို့ လည်ပင်းလေးဆန့်ကာ မျှော်ကြည့်လေသည်။

"သွေး"

ခေါ်ရင်း နွေရိပ် အိမ်ပေါ်ကိုတက်လာတာ မြင်လေတော့–

"မ မ အိ ဟီး"

"ဟော ... နွေရိပ်ပါလား"





"ဒီနေ့ နက္ခတ် ဘယ်မှမသွားတော့ဘူးလား"

"မသွားတော့ပါဘူး၊ အပြင်လည်း သိပ်ထွက်ချင်စိတ် မရှိ တော့လို့ပါ"

"ဪ"

"မ၊မ ဟိ ဟား"

သွေးက လက်သည်းညှပ်ပေးတာကို ငြိမ်မနေဘဲ လက်ကို ရုန်းကာ နွေရိပ်လက်ထဲမှ ပန်းသီးထုပ်ကို လှမ်းဆွဲလေလျှင် –

"ဟော့ကောင် သွေး ... မင်း စည်းကမ်းမပျက်နဲ့နော်"

"က အိ"

"ပြောလို့မရဘူးလား၊ ငါ ရိုက်မှာနော်"

နက္ခတ် လက်ရွယ်လိုက်တော့ သွေး ဖက်ကလေးပုသွားလေ တော့သည်။ သူ့အစ်ကိုကို ချစ်သလို ကြောက်လည်းကြောက်သည် လေ။ နက္ခတ်က အလိုလိုက်တဲ့နေရာမှာ အလိုလိုက်ပြီး စိတ်မထင်ရင် ရိုက်တတ်တာကို သူသိနေတာကိုး။

"နက္ခတ်ရယ် သွေးကို အဲဒီလိုမခြောက်ပါနဲ့၊ သနားပါတယ်"

"နေပါစေ သမီး၊ သမီးက သွေးအကြောင်းမသိသေးလို့၊ ဒီကောင်က မျက်နှာသာပေးလွန်းရင် ရောင့်တက်တယ်။ အဲဒါကြောင့် တစ်ခါတလေ သနားပေမယ့် ရိုက်ပေးရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းလွင်က အဝတ်တွေကို မီးပူတိုက်ရင်းမှ လှည့်ပြောလေသည်။

"ဟုတ်တယ် နွေရိပ်ထင်။ အရင်ကဆို ဟိုဘက်အိမ်က မကြိုက်တာကို သွားတယ်။ ပန်းတွေခူးပြီး ခြွေတယ်။ အဲဒါဆို ရိုက်ရရော။ မရိုက်တော့ မရိုက်ချင်ပါဘူး။ အခုတော့ နည်းနည်းငြိမ်နေတယ်။ ဟိုဘက်ကိုသွားမယ့်အစား သူ နွေရိပ်အလာကို မျှော်တတ်နေပြီလေ"

"ဟုတ်လား"

နွေရိပ် သွေးကို ကလေးလို ခေါင်းလေးကိုပွတ်ပေးလိုက်မိသည်။ သံယောဇဉ်ဆိုတာ မမြင်ရတဲ့ကြိုးတဲ့။ နွေရိပ်ကို သူ သံယောဇဉ်ရှိနေပြီ ထင်ပါရဲ့။

အမြဲတမ်း စားစရာဝယ်လာလို့ စခင်တာ ဖြစ်နိုင်ပေမယ့် နောက်ဆို မုန့်ဆိုတာထက် နွေရိပ်ကိုပဲ မျှော်နေမလား။

တကယ်ဆိုရင် –

သွေးက လူပျိုလေးပါ။ ဒါပေမဲ့ အခုက ကလေးလိုပါပဲ။ ဒါကြောင့်ပဲ နွေရိပ် သူ့ကို ရဲရဲခင်ရဲတာပါ။

"သွေး"

နွေရိပ် ခေါ်တော့ နွေရိပ်ကိုကြည့်၍ ရယ်လေသည်။





"မမကိုခင်လား"

"ဟီး"

"သူ့ကို ခင်လားလို့မေးလို့ မရဘူး နွေရိပ်။ သူက လူအများထဲ သွားလာနေတာမဟုတ်တော့ မသိဘူးလေ။ သူသိတာက ချစ်တယ် မချစ်ဘူးဆိုတာပဲ သိတာ"

"ပြော်"

ဒါပေါ့လေ၊ နွေရိပ်က ခင်တာမကြာသေးတဲ့ သူစိမ်းဆိုတော့ သွေးအကြောင်းကို သူ့မိသားစုလောက် ဘယ်သိနိုင်မှာတဲ့လဲ။

"နက္ခတ်"

"ဟင်"

"ဟိုလေ၊ နက္ခတ်အပြင်မသွားရင် နွေရိပ်နေတဲ့တိုက်ခန်းကို လိုက်ခဲ့ပါလားဟင်။ သွေးကိုပါခေါ်ခဲ့ပေါ့။ သူ့ကို နွေရိပ် လူအများနဲ့ ထိတွေ့ဆက်ဆံပေးချင်တယ်။ ဒါမှ သူလည်း အသိဉာဏ်ပွင့်လာမှာပေါ့။ အတုမြင် အတတ်သင်ဆိုတဲ့စကားရှိတယ် နက္ခတ်။ တိရစ္ဆာန်တွေတောင် သင်ပေးရင် လေ့ကျင့်မှုအရ တတ်မြောက်ကြသေးတာပဲ။ နက္ခတ်တို့ သူ့ကို အပြင်ခေါ်သွားဖူးလား။ လူအများနဲ့ ထိတွေ့ဆက်ဆံပေးဖူးလား"

နွေရိပ်စကားတွေကြောင့် နက္ခတ် တွေခနဲဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဦးဝင်းလွင်လည်း နားစွင့်ပြီး စဉ်းစားနေသည်ထင်ပါရဲ့။ နွေရိပ် ပြောတာမှန်နေမလားလို့ပေါ့။

သူတို့ –

သွေးကို ဘယ်သူမှ အပြင်ကိုခေါ်မသွားဖူးပေ။ လျှောက်ဆော့နေရင် ထိန်းလို့မရမှာစိုးတာကြောင့် တစ်ကြောင်း သူတို့အတွက် အနှောင့်အယှက်ဖြစ်မှာစိုးတာကတစ်ကြောင်းပေါ့။ ဒါကြောင့် အိမ်မှာပဲထားတော့ အမြင်ကျဉ်းပြီး အိမ်အသိပဲ သိမှာပေါ့။ အမြင်ကျဉ်းမြောင်းလို့ပဲ ဒီလောက်အထိ ဖြစ်သွားသလား။

"ဟုတ်တယ် သွေးကို ကိုယ်တို့ တစ်ခါမှ အပြင်ခေါ်မသွားဖူးဘူး။ နေမကောင်းရင် ဆေးခန်းသွားတာလောက်ပဲရှိတာ"

"အဲဒါပဲ နက္ခတ်၊ သူ နေ့တိုင်း ဒါတွေပဲမြင်၊ ဒီစကားတွေပဲကြား၊ ဒီလူတွေနဲ့ပဲ ထိတွေ့ဆက်ဆံနေရတော့ အသိဉာဏ် မဖွံ့ဖြိုးဘူးပေါ့။ ဒါကြောင့် သူ ဒီလောက်ဖြစ်နေတာဆိုရင် လက်ခံမလား"

"သမီးပြောတာ မှန်တယ်၊ ဦးလေး လက်ခံပါတယ်၊ ဦးလေးတို့ ဒီအချက်ကို မစဉ်းစားမိခဲ့ကြဘူး။ သူ့လို မသန်မစွမ်းမပြောနဲ့ လူကောင်းတွေတောင် အပြင်လောကနဲ့ ထိတွေ့ဆက်ဆံမှုနည်းရင် လူနုံလူအတွေ ဖြစ်သေးတာပဲ"

သူတို့ ပြောဆိုနေကြတာကို သွေးကတော့ ဘာမှမသိ ဂရု





မစိုက်ပေ။ ပန်းသီးကိုသာစားနေတာ တကယ့်ကလေးတစ်ယောက်နှယ်ပါ။

"သူ TV တွေ ဘာတွေရော ကြည့်လားဟင်"

"ကြည့်တာတော့ ကြည့်ပါတယ်။ ဒါပေမဲ့ ကြာကြာမကြည့်ဘူးလေ။ အိပ်တော့တာပဲ"

"မြူးမြူးကြွကြွသီချင်းတွေရော ဖွင့်ပြဖူးလား"

"ဖွင့်မပြဖူးပါဘူး။ ဖေဖေက မကျန်းမာတော့ စိတ်ရှုပ်မှာစိုးလို့ပါ"

နွေရိပ် ခေါင်းတဆတ်ဆတ် ညိတ်လိုက်မိသည်။ ပန်းကလေးတွေတောင် သာယာတဲ့သီချင်းသံကိုကြားရင် သာမန်ထက်ပိုပြီး လှပတင့်တယ်စွာ ဖူးပွင့်ကြသည်တဲ့။ ဒါကို နွေရိပ် သတိရမိသွားလို့ပါ။

"နက္ခတ်တို့ ညီအစ်ကို နွေရိပ်အိမ်ကို လိုက်လည်မှာလားဟင်"

"နွေရိပ်က လိုက်စေချင်မှတော့ လိုက်ရမှာပေါ့"

"ဒါဆို သွားကြမယ်လေ"

နက္ခတ်ခေါင်းညိတ်လိုက်ပြီး –

"ခဏနော်၊ သွေးကို အဝတ်လဲပေးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လဲလေ၊ အေးအေးဆေးဆေးလုပ်ပါ။ နွေရိပ် စောင့်နေပါ့မယ်"

နွေရိပ် စိတ်ရှည်လက်ရှည်နှင့်စောင့်နေလေသည်။ နက္ခတ်သွေးကိုချော့ပြီး အဝတ်လဲနေရင်းမှ နွေရိပ်အကြောင်းကို တွေးမိသွားလေသည်။ ကိုယ့်ကို အလုပ်အပ်ထားတာက နွေရိပ်ရဲ့မိတ္ထွေးတဲ့လေ။ စရန်ပေးထားတဲ့ ငွေထဲကနေ နက္ခတ် တစ်ပြားတစ်ချပ်မှ မသုံးရသေးပါဘူး။ နွေရိပ်ကို အသည်းခွဲပေးရမယ်။

ဘဝကို ဖျက်ဆီးပေးရမယ်။ စိတ်ဓာတ်တွေ အဆုံးထိကျသွားအောင် လုပ်ပေးရမယ်တဲ့။ နွေရိပ်က ကိုယ့်ညီလေး သံယောဇဉ် တွယ်နေတဲ့သူ။ သူလုပ်သင့်ပါသလား။

"နက္ခတ်"

"ဗျာ ဦးလေး"

"မပြီးသေးဘူးလားကွ၊ ကလေးမလေး စောင့်နေရတာ အားနာစရာကြီး"

"ပြီးပြီ ဦးလေး၊ ပြီးပြီ"

"အေးအေးဆေးဆေး လုပ်ပါစေ ဦးလေးရယ်။ နွေရိပ် စောင့်နိုင်ပါတယ်"

ခဏကြာတော့ နက္ခတ်တို့ ထွက်လာပြီး သွေးပုံစံက





သပ်သပ်ရပ်ရပ်နှင့်သာ။ မသန်မစွမ်းလေးဖြစ်နေလို့သာ။ သွေးရုပ်ကလေးက အသန့်သားပဲ။

"သွားမယ် နွေရိပ်"

"အင်း"

သုံးရောက်သား ထွက်လာခဲ့ကြစဉ် ကားအနားမရောက်ခင်လေးမှာ ထက်မြက်ဇော်နှင့် ဆုံမိကြလေသည်။ နွေရိပ်တို့က ခပ်တည်တည်ပေမယ့် ထက်မြက်ဇော်က မထီမဲ့မြင်လိုလို လှောင်သလိုလို အပြုံးနှင့်ပါ။

"နွေရိပ်ထင်"

"____"

"ခဏနေပါဦး ပြောစရာရှိလို့"

ကိုယ်ရောက်နေတာ သူ့ခြံထဲမှာမို့ နွေရိပ် လူမှုရေးအရ ခြေလှမ်းကို ရပ်တန့်၍ စောင့်နေလိုက်သည်။

ထက်မြက်ဇော်က လျှောက်လာပြီး အနားကိုရောက်တော့

"ကိုယ့်နာမည်က ထက်မြက်ဇော်ပါ"

"ဟုတ်ကဲ့ မှတ်ထားပါ့မယ်"

"ကိုယ့်နာမည်ကို မှတ်ရုံနဲ့မပြီးသေးဘူး နွေရိပ်ထင်၊ နက္ခတ် ဘယ်လိုလူစားလဲဆိုတာ မင်းသိထားဖို့ လိုသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

နွေရိပ် မျက်မှောင်လေးကြုတ်သွားသလို နက္ခတ် ခြေလှမ်းတွေလည်း ရပ်တန့်သွားပြီး ထက်မြက်ဖော်ကို ပြန်ငုံ့ကြည့်လေသည်။

ဒါ ဘာသဘောလဲ။

နွေရိပ်ကို ဘာပြောချင်တာလဲ။

ပြောပါစေဟု ခပ်တည်တည်နဲ့ ကြည့်နေလိုက်သည်။ နွေရိပ်ကရော ဘာပြန်ပြောမလဲပေါ့။

"မင်း နက္ခတ်အကြောင်းကို ဘယ်လောက်သိလဲ နွေရိပ်ထင်။ သူက ကြေးစားအသည်းခွဲသမား၊ အသည်းခွဲနက္ခတ်"

"ဒီမှာ"

"____"

"ရှင် ဘာလို့ အဲဒါတွေ လာပြောနေတာလဲ။ နက္ခတ်က ကြေးစားအသည်းခွဲသမားပဲ ဖြစ်ဖြစ်၊ ကြေးစားလူသတ်သမားပဲဖြစ်ဖြစ် ကျွန်မ သူ့ရဲ့အတိတ်ကို စိတ်မဝင်စားဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းက အတိတ်မှာပဲ ရပ်နေတဲ့ သူတွေ မဟုတ်လို့ပါ"





မှတ်ကရော၊ နက္ခတ် ပြုံးလိုက်မိသည်။ မထိတထိ အပြုံးပါပဲ။

ဘယ်သူတွေ ဘယ်လိုပဲ သွေးထိုးထိုး လူတိုင်းက ကိုယ့်ကုသိုလ်နဲ့ကိုယ်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

လမ်းမှာကတည်းက ကစားစရာတွေ ဝင်ဝယ်လာတာ သွေးအတွက် ကစားစရာတွေက စုံစုံလင်လင်ပါ။ နွေရိပ်က သွေးနှင့်အတူ တိုက်ခန်းထဲမှာပဲ မျိုးစုံအောင် ကစားပေးလေသည်။ ပြီးတော့ မြူးမြူးကြွကြွ သီချင်းတွေကိုဖွင့်ပြီး ကပြလေတော့ သွေးလည်း လိမ်ဖယ်လိမ်ဖယ်နှင့် လိုက်ကသည်သာ။

ကလို့မောသွားကြပြီဆိုတော့ –

"ဒေါ်ထွေး"

"––––––"

"ဒေါ်ထွေး"





"လာပြီ ကလေး"

အသံနှင့်အတူ ဒေါ်ထွေး ရောက်လာလေလျှင် –

"မောကုန်ပြီ ဒေါ်ထွေးရဲ့။ အအေးလေး ဘာလေး လုပ်ပါဦး"

"အေး အေး ... ဒေါ်ထွေးလုပ်ပေးမယ် ကလေး၊ ခဏလေး စောင့်နော်"

ဒေါ်ထွေး ပြန်ထွက်သွားတော့ နွေရိပ်က သွေးကို တစ်ရှူးစနှင့် ချွေးတွေသုတ်ပေးလေသည်။ သံယောဇဉ်က မသေးပါလား။ သွေးအပေါ်မှာ နွေရိပ် ဘာလို့ ဒီလောက်သည်းခံနိုင်တာလဲ။ နက္ခတ် စဉ်းစားလို့မရပေ။

လူတော်တော်များများက သွေးကို –

မတူသလို မတန်သလို–

ရှုံ့သလို ရှာသလို ဆက်ဆံကြတာပါ။ နက္ခတ် နွေရိပ်နှင့် သွေးကိုကြည့်ပြီး သက်ပြင်းချလိုက်မိသည်။ နွေရိပ်ဘဝကို ဖျက်ဆီးပေးရမှာ တန်ပါရဲ့လား။ သွေးနဲ့ပတ်သက်ပြီး နွေရိပ်နဲ့ကိုယ့်ကြားမှာ ကျေးဇူးမကင်း ဖြစ်ခဲ့ပြီလေ။ နွေရိပ်နဲ့ ပတ်သက်တဲ့ငွေတွေကို သူမက် သင့်သေးလား။

ဟူး ...။



www.burmeseclassic.com

www.burmeseclassic.com



ခုမှ ရှေ့တိုးလည်း ထမ်းပိုး နောက်ဆုတ်လည်း လှည်းတုတ် ဖြစ်နေပါပြီ။ မလုပ်ပြန်ရင်လည်း အသည်းခွဲနက္ခတ်ဆိုတဲ့ နာမည် ပျက်ဦးမှာလေ။ မထူးပါဘူး။ ဘာမှ မတွေးတာ အကောင်းဆုံးပါပဲ။

"သွေး"

"အိ ဟိ"

"မမနဲ့ကစားရတာ ပျော်ရဲ့လား"

သွေးက ရယ်ပဲ ရယ်နေလေလျှင် –

"သွေး မမကို သေသေချာချာကြည့်"

ကြည့်ဆိုတော့ သွေးက ကြည့်လေသည်။

"မမနဲ့ ကစားရတာ ပျော်တယ်ဆိုရင် ဒီလို ခေါင်းညိတ်ပြ။ မပျော်ရင် ဒီလိုခေါင်းခါပြ"

နွေရိပ် ခေါင်းညိတ်ခေါင်းခါလုပ်ပြပြီး –

"မမနဲ့ ကစားရတာ ပျော်လား"

"အ အိ ဟိ"

သွေးက ခေါင်းညိတ်ပြလေသည်။ ပြီးတော့ သွေးကို TV ရှေ့မှာထိုင်ခိုင်းပြီး မြန်မာဟာသကားတစ်ကားကို ထည့်ပြထားလေသည်။

"ကလေး အအေးရပြီ"





"ဟုတ်ကဲ့ ဒေါ်ထွေး၊ ဒေါ်ထွေး အလုပ်ပြီးပြီလားမသိဘူး"

"ပြီးပြီ ကလေး၊ ဘာခိုင်းမလို့လဲ ပြောလေ"

"မခိုင်းပါဘူး၊ သွေးနဲ့အတူတူ ဇာတ်ကားထိုင်ကြည့်ပေးစေချင်လို့ပါ။ အဲဒါမှ ဒေါ်ထွေးရယ်ရင် သူ လိုက်ရယ်မလားလို့လေ၊ တဖြည်းဖြည်းနဲ့တော့ သူ နားလည်လာလိမ့်မယ် ထင်ပါတယ်"

"အေး အေးပါ"

ဒေါ်ထွေးက သွေးနဲ့အတူ VDO ကြည့်နေစဉ်မှာ –

"နက္ခတ်"

"ဟင်"

"သွေးကို အဲဒီလို ဟာသကားတွေပြဖူးလားဟင်"

နက္ခတ် ခေါင်းခါလိုက်ပြီး –

"ကိုယ်ရော ဦးလေးရောက နိုင်ငံခြားကားတွေပဲ ကြည့်တာ နွေရိပ်ရဲ့၊ မြန်မာကားဆို လုံးဝမကြည့်ဖြစ်သလောက်ပဲ"

"တကယ်တော့ နက္ခတ်၊ သွေးကို မြန်မာကားတွေများများ ပြပေးရမှာ။ မြန်မာကားက ကိုယ့်ဘာသာ စကားလေ၊ ဒါမှ သူ နားလည်မှာပေါ့"

"ကိုယ် နွေရိပ်လောက် မတွေးတတ်ခဲ့တာအမှန်ပါ၊ မှန်တာပေါ့။ သွေးက ကိုယ်တို့နေတဲ့ ခြံဝန်းလေးထဲမှာပဲ နေ့တိုင်း ဒါပဲပြင်



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲတွေ့နေရတာ။ ဒီခြံက သူ့အတွက် ကမ္ဘာတစ်ခုလိုပါပဲ။ ကိုယ်တို့ကလည်း အလုပ်ကို အာရုံစိုက်ပြီး သူ့အတွက် အချိန်မပေးနိုင်ဖြစ်နေခဲ့တာ။ ကိုယ်တို့ရဲ့ ညံ့ဖျင်းမှုတွေလည်း ပါပါတယ်''

''နက္ခတ်တို့မေမေက သွေး ဘယ်အရွယ်လောက်မှာ ဆုံးသွား တာလဲဟင်''

နွေရိပ်အမေးကြောင့် နက္ခတ်ရင်ထဲမှာ စူးခနဲ နာကျင်သွားရလေသည်။ သူများတွေ အမေရှိတော့မှ အမေလို့ လွှမ်းလွှမ်းဆွတ်ဆွတ် တမ်းတမ်းတတ ခေါ်ချင်တယ်တဲ့။ နက္ခတ်ကတော့ အမေဆိုတဲ့ နာမ်စားကို မကြားချင်။ နက္ခတ်တို့ မိန်းမတွေကိုမုန်းမိကြတာ။

အဲဒီအမေကြောင့် အဓိကပေါ့။

အမေက အဓိက တရားခံ။ ကိုယ့်မိသားစုကိုထားခဲ့ပြီး အသိုက်အမြုံသစ်မှာ ပျော်နေတာလေ။ ဖိုသားလေးတွေ ဘယ်မှာလဲ။ ဘယ်လိုနေကြလဲ။

ဘယ်လိုရှာဖွေစားသောက်နေကြလဲလို့ တစ်ခါလေး လာကြည့်ဖော်မရ။ အမေဆိုတာ သေသလား ရှင်သလား ကိုယ်တွေလည်းမသိပေ။ အဲဒီလောက်အထိကိုပဲ အမေက ရက်စက်ခဲ့တာပါ။

''အမေက သေသွားတာမဟုတ်ဘူးနွေရိပ်။ ဘဝသစ်ထူထောင်သွားတာပါ။ အိမ်ထောင်ရေးဖောက်ပြန်ပြီး အမေ နောက်





အိမ်ထောင်ပြုသွားတော့ သွေးက တစ်နှစ်သားကျော်ကျော်ပဲ ရှိသေးတာ''

''ဪ''

''ကိုယ်တို့က အမေ့မေတ္တာရိပ်အောက်မှာ ကြီးပြင်းခဲ့ရတာ မဟုတ်တဲ့ အမိမဲ့သားတွေပါ''

''ဆောရီးပါ နက္ခတ်။ နွေရိပ် နက္ခတ်ကို စိတ်မကောင်းစရာတွေ မေးမိသွားပြီ။ တောင်းပန်ပါတယ်နော်''

''ရပါတယ်''

နွေရိပ် တကယ်စိတ်မကောင်းပါဘူး။ ကိုယ်က အမေဆုံးသွားတာဆိုတော့ မလွှဲသာလို့ ခွဲရတာဆိုပြီး ဖြေစရာရှိပါသေးတယ်လေ။ ပြီးတော့ ကိုယ်က စည်းစိမ်ဉစ္စာ အပြည့်အစုံနဲ့ ကျန်ခဲ့ရတာပဲ မဟုတ်လား။ ကိုယ့်ဘဝကိုယ်တွေးပြီး အရာရာ အလိုမကျဖြစ်ခဲ့တဲ့ နွေရိပ်။

အခု –

ကိုယ့်ထက် ဘဝအခြေအနေဆိုးတဲ့ နက္ခတ်တို့အကြောင်း သိလိုက်ရတော့ ငါကမှ တော်ပါသေးလားလို့ နက္ခတ်တို့ကို သနားမိသည်သာ။

''နက္ခတ် အခု ဘာအလုပ်လုပ်လဲဟင်''



www.burmeseclassic.com

www.burmeseclassic.com



"ဖော်ဖော် ပြောသလိုပဲ၊ ကြေးစားအသည်းခွဲတယ်ပေါ့"

"ဟင်"

"ကိုယ် နွေရိပ်ကို မညာချင်လို့ပြောပြတာပါ။ အခြားသူတွေကို ဘယ်လောက်ပဲ လိမ်ခဲ့ညာခဲ့ပါစေ နွေရိပ်နဲ့ဆက်ဆံရင်တော့ ရိုးသားချင်တယ်"

"အဲဒီအတွက် ကျေးဇူးပါ နက္ခတ်"

"မှားနေပြီ နွေရိပ်ရဲ့"

"ဟင် ဘာမှားတာလဲ"

နက္ခတ် ရယ်လိုက်မိကာ –

"တကယ်ဆိုရင် ကိုယ်က နွေရိပ်ကို ကျေးဇူးတင်ရမှာပါ။ သွေးနဲ့ပတ်သက်ပြီး အရာရာ ဂရုစိုက်ခဲ့တဲ့ နွေရိပ်ကို ကိုယ် အရမ်းကျေးဇူးတင်ပါတယ်"

"ပြောတော့ သူများကို ကျေးဇူးမတင်တတ်ဘူးဆို"

"နွေရိပ်က တကယ်ကျေးဇူးတင်ထိုက်သူမို့လို့ ကိုယ် ကျေးဇူးတင်တာပါ"

"ဟုတ်ပါပြီ"

ဒါပဲပြောပြီး နွေရိပ်က အအေးသောက်ရင်း သွေးဘက်သို့ လှည့်ကြည့်လေသည်။ ဒေါ်ထွေးနဲ့ သွေး ရယ်နေတာ အပြိုင်အဆိုင်





ပါပဲ၊ ဟာသကားဆိုတော့ နွေရိပ်လည်း ကြည့်ပြီး ရယ်မိသွားလေလျှင်

"အဟွတ် အဟွတ် အဟွတ်"

"ဟင်"

"အဟွတ် အဟွတ်"

"နွေရိပ်"

နွေရိပ် အအေးသီးသွားလေတော့ နက္ခတ် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိပေ၊ ကျောဖိပေးဖို့လည်း လက်ကန့်၊ ရင်ဘတ်ဖိပေးဖို့က ပိုဆိုးသည်။ နက္ခတ် ဘာဖြစ်တာလဲ။ မိန်းမနှင့် စိမ်းသက်ခဲ့သူ တစ်ယောက် မဟုတ်ခဲ့ပါဘဲနှင့် နွေရိပ်အသားကို ထိဖို့ကျတော့ –

ဘာလို့ ဒီလောက်တွန့်ဆုတ်နေမိသည်မသိပေ။ ဒေါ်ထွေး တပ် နွေရိပ်ဆီသို့ထလာပြီး –

"ကလေး"

"အဟွတ် အဟွတ်"

"နားသီး နားသီး"

"အဟွတ် အဟွတ်"

"နားသီး နားသီး"

ဒေါ်ထွေးက နွေရိပ်ရဲ့ကျောနှင့် ရင်ဘတ်ကို ညှပ်ဖိပေးလေသည်။ နက္ခတ်မှာတော့ ကြည့်သာကြည့်နေရတယ်။ ဘာမှ လုပ်မပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပေ။ ခဏကြာတော့ နွေရိပ် အသီးရပ်သွားလေတော့သည်။ မျက်ရည်တွေတောင်ကျပြီး မျက်နှာလေးက ရဲနေတာပါပဲ။ နက္ခတ် ထိုမျက်နှာလေးကို ငုံ့ကြည့်ပြီး –

"နွေရိပ်၊ တော်တော်ပင်ပန်းသွားမှာပဲ၊ မျက်ရည်တွေကျပြီး မျက်နှာတောင်ရဲတယ်"

"ဟုတ်တယ်၊ တော်တော်ဆိုးတာပဲ"

"ရေသောက်မလား ကလေး"

"ဟုတ် . . . သောက်ချင်တယ် ဒေါ်ထွေး"

"တော်ကြာ ထပ်သီးနေမယ်နော် နွေရိပ်"

"ရပါတယ်၊ မသီးလောက်တော့ပါဘူး"

ဒီလောက် မရှုမလှ ဖြစ်သွားတာတောင် ကိုယ့်ကိုပြုံးပြနေသေးတဲ့ နွေရိပ်မျက်နှာလေးကို ငေးကြည့်ပြီး နက္ခတ်ရင်ထဲမှာ နွေးသလိုလို အေးသလိုလိုနှင့် ဘာတွေခံကုန်မှန်း မသိတော့ပေ။ ကိုယ် အသည်းခွဲပေးခဲ့ရတဲ့ မိန်းကလေးတွေအပေါ်မှာ ခံစားရတဲ့ ခံစားချက်နှင့်မတူဘဲ –

သီးခြားခံစားမှုတစ်ခု နက္ခတ်ရင်ထဲ ဖြစ်တည်သွားလေသည်။ အဲဒီခံစားမှုကို ဘယ်လိုကင်ပွန်းတပ်ရပါ့မလဲ။

"ဟင်"





နက္ခတ် ဖုန်းမြည်သံကြောင့် ဖုန်းကိုကိုင်လိုက်စဉ် –

"ဟယ်လို"

"နက္ခတ် မင်း အခုမြန်မြန်ပြန်လာခဲ့"

"ဟင် . . . ဘာဖြစ်လို့လဲ ဦးလေး"

"မင်းအဖေ ရောဂါတိုးနေတယ်။ အဲဒါကြောင့် မင်း မြန်မြန် ပြန်ခဲ့မှဖြစ်မယ် နက္ခတ်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ ဦးလေး။ ကျွန်တော် အခုပဲ ပြန်လာခဲ့ပါ့မယ်"

"အေး အေး"

"တီ"

တစ်ဖက်က ဖုန်းချသွားသည်နှင့် နက္ခတ် ထရပ်လိုက်ပြီး–

"နွေရိပ် ကိုယ်တို့ပြန်တော့မယ်၊ အဖေ ရောဂါတိုးနေလို့တဲ့"

"ဟင် . . . ဟုတ်လား။ ဒါဆို သွားကိုထားခဲ့လေ။ တော်ကြာ အရင်လိုရင် သွားကြောင့် နှောင့်နှေးသွားတာမျိုး ဖြစ်နေပါ့မယ်။ သွားကို စိတ်ချလက်ချထားခဲ့ပါ"

"ကျေးဇူးပဲ နွေရိပ်၊ ဒါဆို ကိုယ်သွားတော့မယ်"

နွေရိပ် ခေါင်းညိတ်တာကိုပင် မစောင့်တော့ဘဲ နက္ခတ် ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့ရှိပ်။

သွေးကို လှည့်ကြည့်ပြီး ရင်ထဲမှာမကောင်းပေ။ ရယ်နေတာ ကြည့်ပါဦး တကယ့်အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်ပါ။ သြော် သူက ဘာမှမသိရှာပဲလေ။

❑ ❑ ❑



## အခန်း (၂၂)

"အဖေ"

"____"

"အဖေ"

နကွတ် အဖေ့ရဲ့အသက်မဲ့ခန္ဓာကိုယ်ကို တင်းတင်းဖက်၍ အဖေလို့ ဝအောင်ခေါ်နေမိတော့သည်။ နောက်ဆို အဖေလို့ ခေါ်ခွင့်ရှိပေမယ့် မြင်ခွင့်မရှိတော့ဘူးလေ။ နကွတ် အပြေးပြန်လာခဲ့ပေမယ့် မမီတော့ပါဘူး။ အိမ်ကိုရောက်ရောက်ချင်းပဲ ဦးလေးက ဆီးပြောလိုက်တာ။

"အစ်ကိုကြီး ဆုံးသွားပြီ နကွတ်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရင်တစ်ခုလုံး ပြောင်းဆန်သွားခဲ့သည်လေ။ အဖေက တာဝန်ကျေခဲ့တဲ့ ဖခင်တစ်ယောက်ပါ။ သားတွေအပေါ်မှာ ဖခင်တာဝန်ကျေခဲ့ပါတယ် အဖေ။

"အဖေရယ်"

"အစ်ကိုကြီး . . . နက္ခတ် ပြန်လာပြီလေ အစ်ကိုကြီးရဲ့။ သားတွေကို စိတ်မချခဲ့တဲ့အစ်ကိုကြီး။ အခုတော့ အားလုံးကို စိတ်ချလက်ချ ထားခဲ့ပြီပေါ့ . . . အိ အိ ဟီး"

"အဖေ"

"ဟီး"

"အဖေရယ် . . . အဖေ အသက်ငွေ့ငွေ့လေးပဲကျန်နေပါစေ အဲဒီအသက်ငွေ့ငွေ့လေးက သားအတွက် အင်အားတွေပါ အဖေရဲ့။ ခုတော့ အဖေရယ် သားတို့ကို အပြီးအပိုင် စွန့်ခွာသွားပြီပေါ့ အဖေ"

"အစ်ကိုကြီး ဟီး"

"အမလေး အစ်ကိုကြီးရဲ့။ ဘယ်လိုဖြစ်ရတာလဲ အစ်ကိုကြီးရယ် . . . အီး ဟီး"

"ဟင်"

ငိုနေရင်းမှ ဦးဝင်းလွင်နှင့် နက္ခတ် အသံကြားရာဆီသို့ လှည့်ကြည့်လိုက်ကြသည်။ အသံပြိုကြီးနှင့် အော်ငိုတာက ဒေါ်မမဖော်ပါ။





ဦးမင်းထင်ကလည်း မျက်ရည်တွေ သုတ်လို့ပေါ့။ ဦးဝင်းလွင် နာကြည်းစွာနှင့် နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။ ညီအတွေးဆုံးလေးမို့ ကိုယ်တွေမှာ ငံထားမတတ်ချစ်ခဲ့ရတာ အလကားပါပဲ။

သူ့ခြံထဲမှာ အိမ်ဆောက်ပြီးနေခွင့်ပေးထားတာကလွဲရင် ညီအစ်ကိုတွေအပေါ်မှာ ဥပေက္ခာပြုနိုင်တဲ့သူ။

"အစ်ကိုကြီး"

"အဖြစ်ဆိုးလှချေလား အစ်ကိုကြီးရယ် ဟီး"

ဟွန်း . . . အစ်ကိုကြီး ဝေဒနာကို မချိမဆန့်ခံစားနေရတုန်းက သွားခေါ်တော့ မင်းထင်နဲ့မတွေ့ပါဘူး။ သူ့မိန်းမကပြောလွှတ်လိုက်တာ ကိုမင်းထင်က ဆရာဝန်မှ မဟုတ်တာ ဘာလုပ်ပေးနိုင်မှာမို့လို့လဲတဲ့။ ဒါကြောင့် ဦးဝင်းလွင် ချက်ချင်း လှည့်ပြန်လာခဲ့တာပါ။

အခု အပြစ်တင်မှာစိုးလို့ ပြောလိုက်ပြီထင်ပါ့။

ရောက်လာတာနှင့် လုပ်ငို ဖက်ငို မျက်ရည်စိုစိုနှင့်ပေါ့လေ။ မင်းထင်ဆိုတဲ့ကောင်ကလည်း ကိုယ့်အစ်ကိုမကျန်းမာပါလားလို့ တစ်လနေ့စ်ခါတောင် လာကြည့်ဖြစ်ချင်မှလာကြည့်ဖြစ်တာ။ ဆေးဖိုးပြောနဲ့ စားစရာအာဟာရတောင် ဝယ်ပေးဖော်မရတဲ့ ညီပါ။

"အစ်ကိုကြီးရော"

"မင်းထင်"



www.burmeseclassic.com

www.burmeseclassic.com



"-----"

"မင်းလာသေးတယ်နော်"

ဦးမင်းထင် မျက်ရည်တွေကို သုတ်လိုက်ပြီး -

"ကိုယ့်အစ်ကိုတစ်ယောက်လုံးဆုံးတာကို မလာလို့ ရမလား ကိုလေးရ"

"ကောင်းပါတယ်၊ သေတဲ့အချိန်မှာ လာပို့ပေးဖော်ရလို့ ကျေးဇူးတင်ပါတယ်ကွာ"

"အစ်ကိုကြီး ကျွန်တော်တို့ကို အပြီးအပိုင် ခွဲသွားပြီလား အစ်ကိုကြီးရဲ့ ဟီး"

"အစ်ကိုကြီးရေ ... ဟီး"

"အဖေ"

ဦးဝင်းလွင်က သူမျှားထက်ပိုရှုံ့တတ်သူပါ။ သူတို့က အသည်းအသန် ငိုပြနေလေတော့ -

"အစ်ကိုကြီးရယ် ... ထကြည့်နိုင်ရင် ထကြည့်လိုက်စမ်းပါ အစ်ကိုကြီးရဲ့။ အစ်ကိုကြီး အခုလိုသေတော့မှ အစ်ကိုကြီးရဲ့ ညီထွေးလေး လာပို့ဖော်ရတယ်လေ။ အစ်ကိုကြီးမြင်ရဲ့လား အစ်ကိုကြီး ကြားရဲ့လား ... ဟီး"

"ဟင်"





"ဟာ"

ငိုနေရင်းမှ ဦးမင်းထင်တို့လင်မယား ကိုယ်တွေမတ်သွားကြလေသည်။ ငိုတာတောင် လူကြားမကောင်းအောင် ပြောငိုရမလားလို့ ဒေါသထွက်သွားတာ အမှန်ပါပဲ။

"သူလာပို့ပေးတဲ့အတွက် အစ်ကိုကြီးရဲ့သေဆုံးခြင်း၊ နောက်ဆုံးခရီးအတွက် အစ်ကိုကြီးကျေနပ်လိုက်စမ်းပါ။ အစ်ကိုကြီး ဂုဏ်ယူလိုက်စမ်းပါဗျ ... ဟီး"

"အစ်ကိုလေး"

"------"

"ပတ်ဝန်းကျင်ကြားမကောင်းအောင် အစ်ကိုလေး ဘာ တွေ ပြောငိုနေတာလဲဗျ"

"ငါ မခံစားနိုင်လွန်းလို့ပါကွာ"

ငိုအားထက်ရယ်အားသန်ဆိုသလို အနားမှာ အခြားသူစိမ်းသာရှိနေလျှင် ဦးဝင်းလွင်ပြောဆိုငိုတာကိုကြည့်ပြီး ရယ်ကြမိမှာ အမှန်ပါပဲ။ နက္ခတ်တောင် ငိုနေရင်း ကြောင်တောင်တောင် ဖြစ်သွားတဲ့အထိ ဦးဝင်းလွင်က ရှုံ့တတ်သူပါ။

"ဦးလေး"

"ဟောကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုတော့လည်း ဒိုတာပေါ့ဗျာ။ အဖေ့အသုဘာကိစ္စအတွက် ကျွန်တော်တို့ စီစဉ်စရာရှိတာ စီစဉ်ရအောင်"

"အေး . . . အေးပါကွာ၊ ဒါနဲ့ သွေးကရော နက္ခတ်"

"သွေးအတွက်က စိတ်ချပါ ဦးလေး။ နွေရိပ် ခေါ်ထားလိုက်တယ်။ သူ့အချိန်တန်ရင် ပြန်ပို့ပါလိမ့်မယ်"

"အဲဒါပဲပေါ့။ ခင်ရာဆွေမျိုး မြိန်ရာဟင်းကောင်းဆိုတာ။ သူစိမ်းကောင်းတော့ ဆွေမျိုးထက်သာတယ်တဲ့"

"ကိုဝင်းလွင် ဘယ်သူ့ကိုပြောတာလဲ"

ဒေါ်မမဇော်က မျက်နှာထားတင်းတင်းနှင့် မေးလျှင် –

"နွေရိပ်ထင်ကို ပြောတာလေ။ ကြင်နာတတ်တဲ့ နှလုံးသားရှိလို့ ပြောတာ ရှင်းလား"

❑❑❑



## အခန်း (၂၃)

နွေရိပ်ရဲ့ကူညီဖေးမမှုတွေကြောင့် အခုဆိုရင် သွေးရဲ့အသိဉာဏ်တွေ တော်တော်ဖွံ့ဖြိုး တိုးတက်လာပါပြီ။ စကားပီပီသသ မပြောတတ်ပေမယ့် အ အ အိ အိကနေ ကို မ ဆိုတာတော့ ခေါ်တတ်နေပါပြီ။ နွေရိပ်နဲ့နက္ခတ်လည်း တော်တော် ရင်းနှီးနေခဲ့ပြီပေါ့။

အခုထိ –

ချစ်တဲ့အကြောင်းတော့ မပြောရသေးပေ။ နက္ခတ် ဒီ ချစ်တယ်ဆိုတဲ့စကားကို ခဏခဏ သုံးနေရတော့ မသုံးချင်ပါဘူးလေ။ နွေရိပ်အပေါ်မှာ သူ့ အခြားမိန်းကလေးတွေနဲ့ တန်းတူ နှိုင်းယှဉ်ပြီး မဆက်ဆံချင်တာအမှန်ပါ။ စရန်ပေးထားတဲ့ငွေထဲကနေ သုံးမိနေတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမှန်းမသိတော့ပေ။ နွေရိပ်နဲ့ပတ်သက်ပြီး –

နက္ခတ်

ဒီအလုပ်ကို မလုပ်ချင်တော့ပါဘူး။

"အို သွေး"

"ဟင်"

နွေရိပ် ပန်းပွင့်ကို လှမ်းခြွေလိုက်တဲ့ သွေးလက်ကို ဖမ်းဆုပ်ပြီး ပန်းစည်းကိုလည်း သွေးနဲ့ဝေးအောင် လွှဲဖယ်လိုက်ကာ–

"ဒီပန်းပွင့်တွေကို မခြွေရဘူး သွေးရဲ့။ ဒါ ဘုရားမှာကပ်မယ့် ပန်း။ ဘုရားကို သွေးသိလား၊ ဦးတော်ချရတယ်လေ"

"ဒါတော့ သူသိပါတယ်။ ညဘက်ဆို ဦးလေး ဘုရားဝတ်တက်ရင် သူလိုက်ပြီး ဦးချတယ်လေ။ ဒီလို အပြင်ထွက်ပြီး ဘုရားဖူးတာပဲ သူ မဖူး,ဖူးသေးတာပါ"

"ဪ"

"သွေး"

"—————"

"ဒီပန်းတွေက မခြွေကောင်းဘူး သွေးရဲ့။ အိမ်မှာ သွေး ဒီလိုဦးချတဲ့ ဘုရားကိုကပ်ဖို့ သွေးရဲ့"

နက္ခတ် ဦးချတဲ့ဟန်ပန်လုပ်ပြလေတော့ သွေးက





ခေါင်းညိတ်ပြလေသည်။ ဒါကြောင့် ဘုရားပေါ်ပဲ ဆက်တက်ခဲ့ကြတော့၏။ ဒီနေ့ သွေးရဲ့မွေးနေ့ပါ။ ဒါကြောင့် ဘုရားလာခဲ့ကြတာလေ။ ဘုရားရှေ့ကိုရောက်တော့ –

"သွေး"

"—————"

"ဘုရားကို ဦးချလိုက်နော်"

ပထမတော့ သွေး ရွှေတိဂုံစေတီတော်မြတ်ကြီးကို မော့ကြည့်လေသည်။ ပြီး ... နက္ခတ်နဲ့နွေရိပ် ဦးချတာမြင်မှ သူတို့လိုက်ပြီဦးချလေသည်။ နက္ခတ် ဘုရားကိုဦးချပြီးတာနှင့် နွေရိပ် မျက်နှာလေးကို ငေးကြည့်နေမိတော့၏။

"နက္ခတ်"

"ဟင်"

"ဘာကြည့်နေတာလဲ"

"နွေရိပ်ကိုကြည့်နေတာလေ"

"အဲဒါတော့ သိတာပေါ့။ ဘာလို့ကြည့်နေတာလဲလို့ မေးတာ"

"ချစ်ဖို့ကောင်းလို့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



နွေရိပ် မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားလေသည်။

"တကယ်ပြောတာ။ နွေရိပ်ကိုမြင်ရတာ နာမည်နဲ့မလိုက်အောင် အရမ်းအေးချမ်းတာပဲ"

နွေရိပ် ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားလေသည်။ နွေရိပ်က အေးချမ်းတယ်တဲ့လေ။ နွေရိပ်ဘဝ မအေးချမ်းတာကိုကျတော့ သူမှ မသိဘဲ မေတ္တာတရားဆိုတဲ့ စမ်းရေတွေ နွေရိပ်အတွက် ခန်းခြောက်သွားခဲ့ပြီလေ။ အဲဒီမေတ္တာတရားကိုပဲ နွေရိပ်ကလိုချင်တာ။ စည်းစိမ်ဥစ္စာ ဂုဏ်ပကာသနတွေကို နွေရိပ်မလိုချင်ပေ။

"အဲဒါ နက္ခတ်ရဲ့အမြင်ပါ။ တကယ်တမ်းမှာ နွေရိပ်ဘဝက မအေးချမ်းဘူး နက္ခတ်။ နွေရိပ်က ဘိုးဘွားပိုင်အမွေပစ္စည်းတွေနဲ့ အရမ်းချမ်းသာပြီး သုံးနိုင်ဖြုန်းနိုင်လို့ အချို့က နွေရိပ်ဘဝကို အားကျကြတယ်"

"ဪ . . . ဟုတ်လား"

"တကယ်က အဲဒါ ချမ်းသာခြင်း အစစ်မှမဟုတ်တဲ့နက္ခတ်ရယ်။ နွေရိပ် မေတ္တာတရားကို ငွေနဲ့ဝယ်လို့ရရင် ရှိသမျှ စည်းစိမ်ပုံအောပေးပြီး ဝယ်လိုက်ချင်ပါတယ်"

"အခု နွေရိပ်က မေတ္တာငတ်နေတာလား။ နွေရိပ်မှာ ဆွေမျိုးသားချင်းတွေ မရှိကြဘူးလား"



"နွေရိပ်မှာ ဖေဖေ ရှိပါတယ်။ ဖေဖေက နောက်အိမ်ထောင်နဲ့လေ။ မိထွေးမှာက နွေရိပ်နဲ့ရွယ်တူ သမီးတစ်ယောက်ရှိတယ်"

ဒီအကြောင်းကို နက္ခတ်သိပါသည်။ ဒါပေမဲ့ နွေရိပ် ခံစားချက်ကိုတော့ မသိခဲ့ပါဘူး။ အခုသိလိုက်ရတော့ လက်ခံထားတဲ့ အလုပ်ကို ဖျက်လိုက်ချင်ပေမယ့် ငွေကသုံးမိနေပြီလေ။ နွေရိပ်ကိုဖွင့်ပြောပြီး အကူအညီတောင်းရကောင်းမလား။

ဟူး။

မဖြစ်သေးပါဘူး။ ဒီအကြောင်းတွေကို နွေရိပ် သိသွားရင် ကိုယ့်ကိုမုန်းသွားမလား။ မုန်းတာတော့ နောက်လည်းအမုန်းခံရမှာပဲ။

"အဲဒါတွေ ထားလိုက်ပါတော့။ ဘုရားလာပြီး စိတ်မကောင်းစရာတွေ ပြောရတာ မကောင်းပါဘူး။ နွေရိပ်တို့ သွားရအောင်"

"အင်း . . . သွားမယ်လေ။ နွေရိပ် ဘယ်သွားဦးမလဲ"

"ဘုရားကိုတစ်ပတ် ပတ်ဖူးမယ်လေ။ ပြီးရင် သွေးကို ကစားတွင်းလိုက်ပို့ကြတာပေါ့"

"ကိုယ် တကယ်မထင်ထားဘူး သိလား။ နွေရိပ် သွေးအပေါ် တော်တော်သံယောဇဉ် ကြီးတာပဲနော်"

သူတို့ စကားတပြောပြောနှင့် လျှောက်လာကြစဉ် ရှေ့မှလာတဲ့ အမျိုးသမီးက နက္ခတ်ရှေ့မှာပိတ်ရပ်လိုက်လေတော့ နက္ခတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးမျက်နှာကို ကြည့်လိုက်စဉ် –

"ဟင်"

"ဘယ်လိုလဲ နက္ခတ်၊ ကေရီကို မှတ်မိပါလေစ"

ခနဲ့တဲ့တဲ့ မေးလေလျှင် –

"မှတ်မိပါတယ်၊ မမှတ်မိစရာအကြောင်းမှမရှိတာ"

"ဘုရားတွေ ဘာတွေ လာဖူးတော့ အံ့သြမိတာ အမှန်ပဲ။ တို့က နက္ခတ်ကို ဘုရားတရားကိစ္စတွေ နားမှလည်ပါ့မလားလို့ ထင်ထားတာ"

"ငါ ကိုးကွယ်တာ ဗုဒ္ဓဘာသာ"

"ဟုတ်လား၊ မထင်ရဘူးနော်။ ကေရီက နက္ခတ်ကိုးကွယ်တာ ငွေလို့ပဲ ထင်ထားတာ။ ဗုဒ္ဓဘာသာ ကိုးကွယ်တယ်ဆိုလို့ အံ့သြမိပါရဲ့"

ခနဲ့စရာဖြစ်လို့ ခနဲ့တာ ခနဲ့ပါစေပေါ့။ နက္ခတ်က အလုံးလည်း မလျော့ အရပ်လည်းမလျော့ပေ။ ဒါပေမဲ့ ကေရီက နွေရိပ်ကိုကြည့်ပြီး မဲ့ပြုံးပြုံးလိုက်ကာ –

"သူကရော ဘယ်လောက်စားလဲ။ ကြေးကြီးလား ကြေးလေးလား နက္ခတ်"

"ဘာ"





ဘာဆိုတာ နက္ခတ်နှုတ်က ထွက်သွားတာပါ။ နွေရိပ်က တော့ တည့်တည်ငြိမ်ငြိမ်ပါပဲ။

"ဒီမှာ ကေရီ"

"ပြောလေ"

"မသိရင် မှတ်ထား။ သူက ငါ့အတွက် ကြေးကြီးလည်း မဟုတ်ဘူး၊ ကြေးလေးလည်း မဟုတ်ဘူး။ တန်ဖိုးဖြတ်လို့မရတဲ့ ရတနာ"

"ဩော် . . . ဟုတ်လား"

ကေရီ ကိုယ်ကိုနွဲ့လိုက်ပြီး နွေရိပ်မျက်နှာကို တည့်တည့် ကြည့်ကာ –

"မင်း နက္ခတ်အကြောင်းကို ဘာမှမသိဘူးလား။ မသိဘူး ဆိုရင်တော့ သနားစရာပဲ"

"နက္ခတ်က ဘာဖြစ်လို့လဲ"

"ကြေးစားအသည်းခွဲသမားလေ။ မင်းကိုလည်း ငွေ ဘယ်လောက်ရလို့ ချဉ်းကပ်နေလဲမှမသိတာ"

"နွေရိပ်"

"ဟင်"

"ကိုယ်တို့သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ် နွေရိပ်နဲ့ သွေးလက်ကို ဆွဲခေါ်လာခဲ့တော့သည်။ သူ ဒီမိန်းမနဲ့ ရှေ့ဆက်စကားပြောနေမိရင် တစ်ခုခုလုပ်မိမှာ အသေအချာပါပဲ။

ကိုယ်မှားခဲ့တာပေမယ့် –

ကိုယ်ကလည်း ကိုယ့်အလုပ်ကိုယ်လုပ်ခဲ့တာပဲလေ။ သူတို့ လွတ်အောင် မရှောင်နိုင်တာတော့ ဘာတတ်နိုင်မှာတဲ့လဲ။

❑❑❑



## အခန်း (၂၄)

“ဟာ . . . မောင်ကလည်း ငွေက လိုပြန်ပြီလား။ ဒီတစ်ခါတည်းပါ ဒီတစ်ခါတည်းပါနဲ့။ အလင်္ကာပေးနေရတာ ဘယ်နှစ်ခါရှိနေပြီလဲ။ မောင့်ကြောင့် အလင်္ကာလည်း အိမ်တွင်းသူခိုးဖြစ်နေပြီမောင်။ အခု ဦးကွန်းက အလင်္ကာတို့သားအမိကို သိပ်မယုံတော့ဘူး။ အဲဒါကို မောင်သိရဲ့လား”

“ချစ်လေးကလည်း ဒီတစ်ခါ မောင်လိုတာ မများပါဘူး။ သုံးသိန်းတည်းရယ်။ နောက်ထပ် တကယ်မတောင်းတော့ပါဘူးကွာ။ စိတ်ချ။ ဒီတစ်ခါတော့ ဖြစ်အောင်လုပ်ပေးပါဦး ချစ်လေးရယ်နော်။ အဲဒီသုံးသိန်းမပေးနိုင်ရင် ဝေလဆိုတဲ့ကောင် မောင့်ကို ထိုးတော့မှာကွ။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ဒဏ်ရာရနာကျင်စေတာမျိုး ချစ်လေး မြင်ချင်လား ပြော”

အလက်ာ သက်ပြင်းချလိုက်မိသည်။ ကိုယ်မှားနေပြီဆိုတာ သိပေမယ့် နောက်ဆုတ်လို့လည်း မရတော့ဘူးလေ။ သူ့ကိုချစ်လွန်းလို့ ဘဝကိုလည်းပုံအပ်ခဲ့ပြီးပြီ။ မိန်းကလေးတွေက ချစ်မိပြီဆိုရင် ယောကျ်ားလေးတွေထက် ပို၍ စွန့်စားတတ်ကြသည်။ အယုံလွယ်ကြသည်။

အချစ်ဆိုတာ သူမအတွက် ငါးစာလား။

ငါးစာကိုသာ ဟပ်လိုဇောနဲ့ ငါးမျှားချိတ်ကိုမမြင်။ အခု သူက အလက်ာကို အချစ်နဲ့မျှားနေတာလေ။ ပိုကာရှုံးလို့ ပိုက်ဆံတောင်းတာ ခဏခဏ။ ဒါကိုပဲ သိသိနဲ့ ရှာပေးနေမိတာ ဘယ်လောက်မိုက်မဲလိုက်ပါသလဲ။ အချစ်ကြောင့် အလက်ာ မျက်လုံးတွေရော၊ နားတွေရော ကန်းနေခဲ့ပါပြီ။

“ခက်တယ် မောင်ရယ်”

“ဘာတွေခက်နေတာလဲ ချစ်လေးရဲ့”

“ဦးကွန်းက အရင်လို ပိုက်ဆံကို လွယ်လွယ်မထားတော့ဘူးမောင်ရဲ့။ မေမေ့ဆီ တောင်းရင်လည်း ရမှာမဟုတ်ဘူး။ ချစ်လေး ဘာလုပ်ရမလဲ”

“ချစ်လေးကလည်း လွယ်ပါတယ်ကွာ”





“ဟင်”

ပြောပြီး သူက အလက်ာနှင့် ပါးချင်းကပ်ထားလေသည်။ နွေရိပ် အိမ်မှာရှိနေရင်တော့ အလက်ာလှုပ်ရှားရတာ လွယ်တာပေါ့။ ဘာပဲပျောက်ပျောက် နွေရိပ်ယူသလိုလိုနဲ့ နွေရိပ်အပေါ် ပုံချလို့ ရသေးတာပေါ့။ အခု နွေရိပ်က အိမ်မှာမနေတော့တာ ကြာပြီပဲလေ။

နွေရိပ်က လူကင်းပါးတာလား

တကယ် တိုယ်တွေနဲ့ တစ်အိမ်တည်း နေရတာကို စိတ်ညစ်လို့လားမသိပါဘူး သူပျောက်မယ့်လမ်းကို သူဘာသာရွေးချယ်သွားတာ။ ဒါပေါ့လေ သူက သူ့ရွေးမဆိုတော့ ဘယ်သူ့ကို ဂရုစိုက်နေမှာတဲ့လဲ။

“ချစ်လေး”

ထက်မြတ်ဇော် အလက်ာလည်ပင်းက ရွှေဆွဲကြိုးကို ကိုင်လိုက်ပြီး –

“ချစ်လေးဆွဲကြိုးကို မောင် ပေါင်လိုက်မယ်လေ။ ပြီးတော့ အိမ်မှာ ပိုက်ဆံတောင်းပြီးရင် ချစ်လေးဆွဲကြိုးကို ‘မောင်’ ပြန်ရွေးပေးပါ့မယ်ကွာ နော်”

ထို့နောက် ချစ်တာတွေ မခွဲနိုင်တာတွေနဲ့ ချွဲပျစ်ပြလျှော့ အလက်ာ ဆွဲကြိုးကိုချွတ်ပေးလိုက်လေတော့သည်။ ပြန်မရတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို အလက်ာသိတာပေါ့။ ဒါပေမဲ့ ဒီနွံထဲကနေ ရုန်းမှမထွက်နိုင်ပဲလေ။

အိမ်ကိုရောက်တော့ –

"ဘာ . . . ဆွဲကြိုးကျပျောက်လို့ ဟုတ်လား သမီး၊ ခါးပိုက်နှိုက်နဲ့တွေ့တာလား၊ ဒါမှမဟုတ် ပြုတ်ကျတာလား"

"မသိတော့ပါဘူး မေမေရယ်၊ ဘယ်နေရာမှာ ဘယ်လိုပျောက်လို့ပျောက်မှန်းတောင်မသိဘူး၊ အိမ်ရောက်လို့ ရေချိုးကာနီးမှ ဆွဲကြိုးမရှိမှန်း သိရတာ"

ဒေါ်တမာချို ခေါင်းခါလိုက်မိသည်။ သူ့မသမီးကို မသက်ာဖြစ်နေတာကြာပါပြီ။ အိမ်မှာ ပိုက်ဆံတွေ ခဏခဏပျောက်နေတာ။ ကိုကွန်းက မယုံသင်္ကာဖြစ်နေပြီလေ။ ကိုယ်လည်းမယူ၊ မျိုးကလည်း သူ့အလုပ်နဲ့သူပဲဟာ။ ပြီးတော့ အခန်းရှင်းတာ ဘာညာဆိုလည်း အနားမှာ ကိုယ်ရှိနေတာက များသည်လေ။

မရှိတဲ့အခါလည်း –

ဗီရိုသော့ထားတဲ့နေရာကို မျိုးမှမသိတာ။ ထို့ကြောင့်–

"သမီး"

"ရှင်"

"ဆွဲကြိုးက တကယ်ပျောက်တာရော ဟုတ်ရဲ့လား"





"ဟင်"

သူ့မအမေးကြောင့် အလက်ာ မျက်နှာပျက်သွားတာကို ဒေါ်တမာချို သတိထားလိုက်မိသည်။

"ဟာ . . . မေမေကလည်း တကယ်ပျောက်တာပါ။ မဟုတ်ဘဲနဲ့ သမီးက ညာပါ့မလား"

"ပြောလို့မရဘူး အလက်ာ။ လူကြီးဆိုတာ လူငယ်ဘဝကို ဖြတ်သန်းလာခဲ့ကြရတဲ့ လူတွေပါ။ နင် ခြေလှမ်းပျက်နေတာ ကြာပြီ"

"မေမေကလည်း သမီးက ဘာဖြစ်နေလို့လဲ၊ ခြေလှမ်းပျက်ရအောင် သမီး ဘာတွေလုပ်နေလို့လဲ"

"အဲဒါတော့ နင့်ကိုယ်နင် အသိဆုံးပဲ ဖြစ်မှာပေါ့"

အလက်ာ မျက်လွှာချလိုက်မိသည်။ ဘယ်လိုလုပ်ပြီး စိတ်လုံမှာတဲ့လဲ။ ဒါပေမဲ့ ဟန်ကိုယ့်ဖို့ထက်။

"သမီး တကယ် ဘာမှမလုပ်ပါဘူး မေမေ။ ပုံမှန်အတိုင်းပါပဲ"

"အေးလေ ထားပါတော့။ ဒါပေမဲ့ မေမေတစ်ခုတော့ သတိပေးမယ် သမီး"

"––––––"

"ဒီနေရာကိုရောက်ဖို့ မေမေ မနည်းကြိုးစားခဲ့ရတာ သမီး



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်။ ကိုကွန်ဆာက်က ယုံကြည်မှုနည်းပါးသွားရင် မေမေတို့မှုလနေရာကို ပြန်ရောက်သွားနိုင်တယ်နော်။ အဲဒါကိုတော့ သမီးသိထားပါ"

"ဟုတ်ကဲ့ပါ မေမေ ... သမီး သိပါတယ်"

ချက်ချင်းလှည့်ထွက်သွားရင် ရိပ်မိမှာစိုးလို့ အလက်ာ မေမေ့ရှေ့မှာ ပေကပ်ပြီး ထိုင်နေရသေးသည်သာ။ နွေဆိုသာ အိမ်မှာရှိနေရင် ဘယ်လောက်ကောင်းမလဲ။ သူသာအိမ်မှာရှိနေရင် ကိုယ် ဘာပဲလုပ်လုပ် သူ့အပေါ် ပုံချလို့ရသည်လေ။ အခု သူမရှိလို့ မေမေကိုယ့်ကို မသင်္ကာဖြစ်နေတာပေါ့။

"သိပါတယ်ဆိုရင် ဆင်ခြင်ပါလို့ပဲ မေမေပြောချင်တယ်သမီး"

"ဟုတ်"

"သမီးမှာ ချစ်သူရှိနေပြီလား"

"ရှင်"

အလက်ာ မေမေ့မျက်နှာကို ဖျတ်ခနဲ မော့အကြည့် မေမေက အလက်ာမျက်လုံးကို စိုက်ကြည့်နေလေလျှင် ချက်ချင်း မျက်လွှာပြန်ချပစ်မိ၏။

"မေမေ့ကို မညာနဲ့နော်၊ မေမေ သိနေတယ်"





"-----"

"သမီး"

"-----"

"မေမေ မေးနေတာဖြေလေ"

"ဟုတ်ကဲ့ ... ရှိ၊ ရှိပါတယ် မေမေ"

"ဘယ်ကလဲ ဘယ်သူ့သားလဲ၊ သူ့မိဘတွေက ဘာအလုပ်လုပ်ကြလဲ သမီး။ သူကရော ဘာအလုပ်လုပ်လဲ"

"မေးခွန်းတွေကလည်း များလိုက်တာ မေမေရယ်"

"မေးရမယ် သမီး၊ မေမေက မေးသင့်လို့ မေးနေတာပါ"

"ခဏနော် မေမေ၊ သမီး ဗိုက်ထဲရစ်လာလို့ ရေအိမ်ဝင်လိုက်ဦးမယ်"

ပြောပြီး အလက်ာထသွားလေတော့သည်။ မသွားလို့မရဘူးလေ။ မေမေ မေးတာတွေဖြေဖို့ အလက်ာမှာအဖြေမှမရှိတာ။

ဘာဖြစ်လို့လဲဆိုတော့ –

အလက်ာ မောင့်အကြောင်းကို ဘာမှ ဂဃနဏမသိလို့ပါပဲ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

သမီးကို လွမ်းလို့ဆိုပြီးရောက်လာတဲ့ ဖေဖေ့ကိုကြည့်ပြီး နွေရိပ်ရင်ထဲမှာ ဆို့နစ်သွားလေသည်။ နွေရိပ်လည်း လွမ်းတာပါပဲ။ ဟိုသားအမိနဲ့ မျက်နှာချင်းမဆိုင်ချင်လို့သာ အိမ်မပြန်ဘဲ ဒီမှာ ပေ တေပြီး နေခဲ့တာပါ။ သားအဖတွေ ဘယ်တုန်းကများ ဒီလောက် အကြာကြီး ခွဲခွဲဖူးလို့လဲ။

ဒါကြောင့် –

ဖေဖေ လာတွေ့တိုင်း ဝမ်းနည်းဝမ်းသာနှင့် မျက်ရည်လည် ခဲ့ရသည်သာ။ ဖေဖေ ဘယ်လောက်များ စိတ်ဆင်းရဲနေရလဲမသိပါဘူး။ အခုတစ်ခေါက်လာတာများ မျက်နှာတွေ ချောင်ကျနေသည်။





"ဖေဖေ"

"သမီး"

"ဖေဖေ နေကောင်းရဲ့လားဟင်"

ဒီအမေးဟာ သူစိမ်းဆန်နေသလားလို့ ဦးကွန်းဇော် ရင်ထဲ မှာ ဆို့နင့်နင့်ကြီးပါပဲ။

"နေကောင်းပါတယ် သမီးရဲ့။ သမီး အဲဒီလိုမေးတော့ သူစိမ်းဆန်သလားလို့ ဖေဖေ ဝမ်းတောင်နည်းတယ်"

"ဖေဖေကလည်း သမီးက သူစိမ်းဆန်စရာလား။ ဖေဖေ့ မျက်နှာတွေ ချောင်ချနေလို့ မေးတာပါ"

ဦးကွန်းဇော် ပြုံးလိုက်မိပါသည်။ မချိပြုံးပဲပေါ့။

"လူက နေကောင်းပါတယ် သမီးရယ်။ စိတ်မကောင်းပဲ ဖြစ်ရတာပါ။ ဖေဖေ့သမီးလေးမှာ ဖေဖေတစ်ယောက်လုံး ရှိပါလျက်နဲ့ ဖေဖေ မေတ္တာရိပ်အောက်မှာ နေခွင့်မရခဲ့ဘူး။ ဖေဖေ မှားခဲ့တာပါ"

"လူတိုင်းက တစ်ခါမဟုတ် တစ်ခါတော့ မှားတတ်ကြတာပါ ပဲ ဖေဖေ။ သမီး ဖေဖေတို့နဲ့အတူ မနေတော့တာကလေ သမီးကြောင့် ဖေဖေ စိတ်ဆင်းရဲရမှာစိုးလို့ပါ။ ဖေဖေ့အပြစ်မဟုတ်ပါဘူး။ ပြီးတော့ ဖေဖေက သမီးကို နှင်ထုတ်ခဲ့တာမှ မဟုတ်တာ။ သမီးဘာသာသမီး"

"ဒါတော့ဒါပေါ့ သမီးရယ်။ ဒါပေမဲ့ ဖေဖေ ဘယ်လိုလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကောင်းနိုင်မှာတဲ့လဲ။ သမီးကိုပြန်ခေါ်ချင်ပေမယ့် အခြေအနေက သမီး အိမ်မှာမရှိတာပဲ ကောင်းပါတယ်။ အဲဒါကြောင့် ဖေဖေ သမီးကို ပြန်မခေါ်တာပါ''

သားအဖနှစ်ယောက်ကိုကြည့်ပြီး ဒေါ်ထွေးကတော့ မျက်ရည်ဝဲရသည်သာ။ သူမလည်း ကလေးကို ဂရုစိုက် ကြင်နာယုယပေးရုံကလွဲပြီး ဘာမှ လုပ်မပေးနိုင်ပေ။

''အိမ်မှာ ပိုက်ဆံတွေ ခဏခဏ ပျောက်နေတယ် သမီး''

''ဟင်''

''သမီးသာ အိမ်မှာရှိနေရင် သမီးကိုပဲ လက်ညှိုးထိုးပြီး ထင်ယောင်ထင်မှား ဖြစ်အောင် ပြောကြဦးမှာ။ အခု သမီးအိမ်မှာ မရှိတော့ သူတို့သမီးခေါင်းပေါ်ကို အပြစ်ပုံချလို့မရဘူးပေါ့။ ပိုက်ဆံက ခြေထောက်ပေါက်ပြီး ထွက်သွားတတ်တဲ့အရာ မဟုတ်တော့ အဖြေက ရှင်းရှင်းလေးပဲ''

နွေရိပ် နှုတ်ခမ်းလေးကို တင်းတင်းစေ့လိုက်မိသည်။ တော်တော် အကြံပက်စက်ကြတဲ့ သားအမိပါလား။ ဘာတွေများ ဒီလောက် ပိုက်ဆံတွေကုန်အောင် သုံးနေပါလိမ့်။ နွေရိပ်က ကိုယ့်စည်းစိမ်နဲ့ ကိုယ့်အလျှံအပယ်မို့လို့ တော်သေးတာပေါ့။ မဟုတ်ရင် နွေရိပ်ကို ဘာတွေ မကောင်းကြံပြီး လုပ်ကြံမယ်မသိဘူး။





''ဖေဖေ''

''ပြောလေ သမီး''

''ဖေဖေ နေတာ ထိုင်တာ၊ စားတာ သွားတာ သတိရှိပါနော်။ အဲဒီသားအမိကို သမီးမယုံဘူး။ ဖေဖေ့ရှေ့မှာ ဖေဖေ့မိန်းမ မကောင်းကြောင်း ပြောရတာ ပြောတော့မပြောချင်ပါဘူး''

''စိတ်ချပါသမီးရယ်။ ဖေဖေလည်း သူတို့ကိုမယုံဘူး။ အစကတည်းက တမာချို့ ဖေဖေ့ကို ထောင်ချောက်ဆင်ပြီး အမိဖမ်းခဲ့တာ။ လူကို တကယ်ချစ်မြတ်နိုးလို့မှ မဟုတ်တာ''

''သတိတော့မလစ်စေနဲ့ပေါ့ မောင်ကွန်းရယ်။ ကိုယ်က အလင်းရောင်အောက်မှာနေတာ၊ သူတို့က အမှောင်ထဲကလူ။ ငယ်လင် ငယ်မယားလည်းမဟုတ်တော့ မထွေး စိုးရိမ်တယ်ကွယ်''

''ဟုတ်ကဲ့ပါ မထွေး။ ကျွန်တော့်အတွက်က စိတ်ချပါ။ မထွေးသာ သမီးလေးကို ဂရုစိုက်ပါဗျာ''

''အဲဒီအတွက်တော့ ဘာမှမပူပါနဲ့ကွယ်။ ကလေးကို မထွေးက ကိုယ့်တူမသားချင်းအရင်းလို ချစ်တာပါ။ မထွေး တတ်နိုင်သလောက် ဂရုစိုက်စောင့်ရှောက်ပါ့မယ်ကွယ်''

အဲဒါကိုတော့ ဦးကွန်းဇော် ယုံပါသည်။ မထွေးက အိမ်မှာကတည်းက သမီးအတွက်ဆို အစစအရာရာ ဂရုစိုက်လွန်းတဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



သမီးစားချင်တာ သမီးယူဆာတာဆို တတ်နိုင်သလောက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးတဲ့သူပါ။ ဒါကြောင့် စိတ်ချရတာပေါ့။

"သမီး"

"ရှင် ဖေဖေ"

"သမီးလိုအပ်တာရှိရင် ဖေဖေ့ကို ဖုန်းဆက်နော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဖေဖေ သွားတော့မယ်"

နွေရိပ် ခေါင်းညိတ်ပြီး ငုံ့သွားတဲ့ခေါင်းက ပြန်မော့မလာတော့ပေ။ ငိုနေပြီဆိုတာ ဒေါ်ထွေးသိတာပေါ့။ ဒါကြောင့် သူ့အဖေ မြင်ကွင်းထဲက ပျောက်သွားမှပဲ နွေရိပ်ပခုံးလေးကိုဖက်လိုက်ကာ –

"မငိုပါနဲ့ကလေးရယ်။ ဖြစ်ပျက်သမျှ အရာအားလုံးကို ဝဋ်ကြွေးရှိလို့ ပေးဆပ်ရတယ်လို့သာ သဘောထားလိုက်ပါ။ ဝဋ်ကြွေးကြေတဲ့နေ့ကျရင် အရာရာက ပြီးဆုံးသွားမှာပါကွယ်"

နွေရိပ်ဆီမှ အင့်ခနဲ ရှိုက်သံလေးကြားရပြီး ဒေါ်ထွေးရင်ခွင်ထဲသို့ တိုးဝင်ပြီး ဒေါ်ထွေး ခါးကိုဖက်ထားလေသည်။

ဩော် လူတွေလူတွေ တစ်ဖက်ကပြည့်စုံရင် တစ်ဖက်က ချို့ယွင်းချက်တွေနဲ့ အရာရာပြီးပြည့်စုံတဲ့သူဆိုတာ အရှားသားပါလား။

❑❑❑



## အခန်း (၂၆)

"အင်း ဟင်း ဟင်း"

"ဟင်"

ဒီနေ့ နွေရိပ် အိပ်ရာထနောက်ကျနေလို့ နှိုးရအောင် လာတဲ့ ဒေါ်ထွေး။ နွေရိပ်ရဲ့ညည်းသံကြောင့် မျက်နှာလေးကို ငုံ့ကြည့်လိုက်သည်။ ပြီးတော့ နဖူးလေးကို စမ်းကြည့်လိုက်တော့ –

"ဟယ် ကိုယ်တွေပူနေပါလား"

"အင်း ဟင်း ဟင်း"

"ကလေး"

"အင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ကလေး . . . နွေရိပ် ကလေး"

"အင် ဟင်"

ဒေါ်ထွေးက ပန်းလေးကို လှုပ်နှိုးလေမှ နွေရိပ် မျက်လုံးဖွင့်ကြည့်လေ၏။

"ကလေး"

"ဩော် . . . ဒေါ်ထွေး"

"ကလေး နေမကောင်းဘူးလား။ နဖူးစမ်းကြည့်တာ ပူနေတယ်။ ပြီးတော့ ကလေးညည်းနေတယ်လေ"

"ဟုတ်လား၊ မသိပါဘူး ဒေါ်ထွေးရယ်။ ခေါင်းတွေက ကိုက်နေတယ်၊ ပြီးတော့ ကိုယ်တွေလက်တွေလည်း ကိုက်နေတယ်"

နွေရိပ်က နားထင်ကို လက်ညှိုးလေးနှင့်ထောက်ပြီး ပြောလေတော့ –

"ဒါဆို တုပ်ကွေး ကွေးချင်လို့ထင်တယ်။ ကြိုပြီး ဆေးခန်းသွားလိုက်ပါလား ကလေး"

"ရပါတယ်၊ ဆေးသောက်လိုက်ရင် ပျောက်သွားမှာပါ"

"ဟယ် . . . မပေါ့နဲ့လေ ကလေးရဲ့။ တော်ကြာ အပ်နဲ့ထွင်းရမှာကို ပုဆိန်နဲ့ပေါက်ရတာမျိုး ဖြစ်နေပါ့မယ်ကွယ်"

"ရပါတယ်ဆို၊ ဒါနဲ့ ဘယ်အချိန်ရှိပြီလဲ ဒေါ်ထွေး"





"ကိုးနာရီထိုးပြီလေ"

"ကော်တော် နောက်ကျနေပြီပဲ"

"ကလေး သွားစရာရှိလို့လား"

"သွားစရာမရှိပါဘူး။ အိပ်ရာထနောက်ကျနေလို့ပြောတာပါ"

"ဩော်"

နွေရိပ် ကိုယ်ပေါ်ကစောင်ကိုခွာလိုက်ပြီး အိပ်ရာပေါ်ကနေဆင်းလိုက်သည်။ ခေါင်းက တော်တော်ကိုက်လာတာမို့ မျက်နှာလေးက ခပ်မှုံမှုံပါပဲ။

"တီး တောင် တီး တောင်"

"ဟင်"

"တီး တောင် တီး တောင်"

"ဘယ်သူလဲမသိဘူး ဒေါ်ထွေး တံခါးသွားဖွင့်ပေးလိုက်ပါဦး"

"အေး အေး"

ဒေါ်ထွေး ခပ်သုတ်သုတ်ပဲ ထွက်လာခဲ့သည်။ တံခါးဖွင့်ပေးလိုက်တော့ နက္ခတ်ပါ။

"ဩော် . . . မောင်နက္ခတ် လာ ဝင်"



www.burmeseclassic.com

www.burmeseclassic.com



နက္ခတ်ဝင်ခဲ့ပြီး ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်သည်။ ပြီးတော့ မျက်လုံးက ဟိုကြည့် ဒီကြည့်ပါပဲ။ နွေရိပ်ကိုရှာနေတာလေ။ သူ နွေရိပ်မျက်နှာကို မမြင်ရတာ ကြာရင် သတိရပြီး လွမ်းဘောက်နေပါပြီ။

"သွေးမပါဘူးလား မောင်နက္ခတ်"

"သွေး ကောင်းကောင်းနေမကောင်းဘူး ဒေါ်ထွေး။ အဲဒါကြောင့် ခေါ်မလာတာပါ"

"ဟုတ်လား ဘာဖြစ်တာလဲ"

"တုပ်ကွေးပါ၊ ဒီမနက်ပဲ ဦးလေးနဲ့ ဆေးခန်းလွှတ်လိုက်ပါတယ်"

"ဩော် . . . သူတို့နှစ်ယောက်က စိတ်ချင်းများဆက်နေသလား မသိပါဘူး။ နွေရိပ်လည်း ကောင်းကောင်း နေမကောင်းဘူး ဖြစ်နေ တယ် နက္ခတ်ရဲ့"

"ဗျာ"

နက္ခတ် ကိုယ်လေးမတ်သွားပြီး –

"ဒါဆို အခု နွေရိပ် ဘယ်မှာလဲ ဒေါ်ထွေး"

"ရှိပါတယ် နက္ခတ်ရဲ့"

အသံကြားပြီး နွေရိပ်ရောက်လာတော့ ဒေါ်ထွေးက မီးဖိုခန်းဘက်သို့ ဝင်သွားလေသည်။ နွေရိပ်ထိုင်တဲ့အထိ စောင့်မနေနိုင်ဘဲ





နက္ခတ်။ နွေရိပ် အနားသို့ထသွားလိုက်ကာ –

"မှန်းစမ်း"

နဖူးကို လက်နှင့်စမ်းကြည့်ပြီး –

"ကိုယ်တွေပူနေပါလား၊ ဘာဆေးသောက်ထားလဲ။ ဆေးခန်းသွားမလား ကိုယ်လိုက်ပို့ပေးမယ်လေ"

"ရပါတယ် နက္ခတ်ရဲ့။ ဆေးသောက်လိုက်ရင် ပျောက်သွားမှာပါ"

"မရနိုင်လေ၊ တော်ကြာ ပိုဆိုးနေမယ်။ ဆေးခန်းသွားရအောင်"

"မသွားပါဘူးဆို"

"ဟာ . . . ပြောမ်ကောင်း ဆိုမကောင်းပါလား"

ပြောပြီး နက္ခတ်က ခေါင်းကိုပုတ်လေလျှင် နွေရိပ်က မျက်စောင်းထိုးလေတော့၏။ ထိုမျက်စောင်းလေးကြောင့်ပဲ နက္ခတ် အသည်းယားသွားကာ –

"အရမ်းချစ်ဖို့ ကောင်းတာပဲ"

"ဟင်"

"နွေရိပ်"

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"နွေရိပ်ကို ကိုယ်ပြောစရာရှိတယ်။ ကိုယ်ပြောရင် နွေရိပ် စိတ်ဆိုးမှာစိုးလို့"

"ပြောစရာရှိတာ ပြောလေ။ နွေရိပ် စိတ်မဆိုးပါဘူး"

"တကယ်နော်"

"အင်း"

ခေါင်းညိတ်လိုက်တဲ့ နွေရိပ်ပုံက တကယ့်ကလေးလေးလိုပါ။ ဒီတစ်ခါ နကွတ်ပြောမှာ အရင်ကလို ငွေရေးကြေးရေးကြောင့် မဟုတ်ဘဲ တကယ့်ကို ရင်ထဲ အသည်းထဲကလာတဲ့စကားပါ။ မိန်းကလေးတွေနဲ့ မစိမ်းသက်ခဲ့သူမို့ ကိုယ့်ကိုယ်ကိုယ် တကယ်မချစ်တတ်ဘူးလို့ ထင်ခဲ့တာ။ အခု သူတကယ်ချစ်တတ်ခဲ့ပါပြီ။

အချစ်ဆိုတာ -

ရင်ထဲကို မထင်မှတ်ဘဲ ဝင်ရောက်လာသောအရာ။ တကယ်ကို မထင်မှတ်ခဲ့ပါဘူး။

"နွေရိပ်"

"ဘာလို့ ခဏခဏ ခေါ်နေတာလဲ၊ ပြောစရာရှိတာ ပြောတာ မဟုတ်ဘူး"

"ပြောမယ်၊ သေသေချာချာ နားထောင်နော်။ ကိုယ် နွေရိပ်ကို အရမ်းချစ်မိနေပြီ"





"ဟင်"

ပြောလိုက်တော့လည်း ဆိုင်းမဆင့် ဗုံမဆင့်ပါ။ နကွတ် ကိုယ့်အပြစ်တွေကို နွေရိပ်ဆီမှာ ဝန်ခံမည်။ ကိုယ့်ဘဝမှန်ကို နွေရိပ်က လက်မခံဘူးဆိုရင် ကိုယ့်ကုသိုလ်နဲ့ ကိုယ်ပေါ့။ တကယ်လို့ နားလည် ခွင့်လွှတ်ပေးနိုင်မယ်ဆိုရင် ကိုယ် ဒေါ်တာမာချိုပေးထားတဲ့ ငွေတွေကို ပြန်ပေးမည်။

သုံးမိတဲ့ငွေတွေကို ပြန်ထည့်ဖို့အတွက် သူ ရိုးသားတဲ့အလုပ် တစ်ခု လုပ်ပြီးကြိုးစားမည်။

"ချစ်တယ်ဆိုတဲ့စကားက ကိုယ့်ပါးစပ်ဖျားနဲ့ မစိမ်းသက်ခဲ့ တာတော့ အမှန်ပဲနွေရိပ်။ ကိုယ် လျှာဖျားကို သကာလူးပြီး ခဏခဏ ပြောခဲ့ဖူးတဲ့စကားပါ။ ဒါပေမဲ့ အခု နွေရိပ်ကို ပြောတာကတော့ တကယ်ရင်ထဲ အသည်းထဲကလာတဲ့စကားပါ။ ကိုယ် နွေရိပ်ကို ချစ် တယ်"

"နွေရိပ် ဘယ်လိုယုံရမှာလဲ နကွတ်။ နကွတ်က တကယ်ပဲ သူများတွေပြောသလို"

နွေရိပ်က စကားကိုဖြတ်ထားပြီး သူ့မျက်နှာကို မော့ကြည့် လာသည်။ နကွတ် သက်ပြင်းချပြီး ခေါင်းညိတ်ပြလိုက်မိတော့၏။ ဒီတစ်ခါတော့ အချစ်စစ် အချစ်မှန်မို့ လိမ်လည်လှည့်ဖျားခြင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မပါစေချင်တော့ပါဘူးလေ။

"အမှန်ပါ နွေရိပ်၊ ကိုယ် နွေရိပ်ကို မညာချင်ဘူး"

"ဒါဆို နွေရိပ်ကနေ ကြေးဘယ်လောက်လဲနက္ခတ်။ ဟို တစ်ယောက်မေးသလို ကြေးလေးလား ကြေးကြီးလား"

"ဟာ"

နွေရိပ်အမေးကြောင့် နက္ခတ်ရင်ထဲမှာ နင့်နင့်ကြီးဖြစ်သွားလေသည်။ ဒီလိုမေးပြီဆိုမှတော့ ဘာလို့မယုံတာလဲလို့ မေးစရာမလိုတော့ပါဘူး။

"ဆောရီးနွေရိပ်။ ကိုယ့်စကားကို ကိုယ်ပြန်ပြီး ရုပ်သိမ်းပါတယ်။ ကိုယ် ကိုယ့်ဘဝကို ပြုပြင်ပြီး ဖြူစင်ရိုးသားတဲ့လမ်းကြောင်းမှန်ကို လျှောက်ဖို့ ဆုံးဖြတ်ပြီးမှ ဒီလိုအမေးခံလိုက်ရတာ။ ပြင်ဆင်မှုကို ခွင့်လွှတ်မပေးနိုင်ဘူးဆိုမှတော့ ကိုယ် နောက်ပြန်လှည့်ရုံပဲပေါ့"

နက္ခတ် နွေရိပ်ရှေ့ကနေ လှည့်ထွက်လိုက်စဉ် –

"နက္ခတ်"

နွေရိပ်က နက္ခတ် လက်မောင်းကို လှမ်းဆွဲထားလေသည်။ သံယောဇဉ်ဆိုတာ နွယ်တစ်ပင် မြက်တစ်ပင်မဟုတ်လေတော့ ခွင်းလွှတ်နိုင်ခြင်းတို့နှင့်သာ။

"နက္ခတ် တကယ်ပြုပြင်မှာလားဟင်"





"ကိုယ် ကတိကို လွယ်လွယ်မပေးတတ်ဘူး နွေရိပ်။ လူတစ်ယောက်ရဲ့ အကျင့်စရိုက်တွေကို ပြုပြင်ပြောင်းလဲဖို့ဆိုတာ အတော်ခက်ခဲပါတယ်။ အချိန်တော့ ယူရမှာပေါ့။ ဒါပေမဲ့ ကိုယ်ပြုပြင် ပြောင်းလဲမှာပါ။ အတိတ်က အရိပ်ဆိုးတွေကို တတ်နိုင်သလောက် ဆေးကြောရဦးမှာပေါ့"

"တကယ်ပြုပြင်မယ်ဆိုရင် နွေရိပ် ဝမ်းသာပါတယ်။ အကူအညီလိုရင်လည်း နွေရိပ်ကို ပြောပါ။ နွေရိပ် တတ်နိုင်သလောက် ကူညီပါ့မယ်"

နက္ခတ် နွေရိပ်ဘက်သို့ ပြန်လှည့်ပြီး ရပ်လိုက်သည်။ မျက်လုံးချင်းဆုံပြီး တစ်ယောက်ကိုတစ်ယောက် အကြာကြီး ကြည့်နေမိကြ၏။

နွေရိပ် ကိုယ့်ကိုယ်ကိုယ် မညာချင်ပါဘူးလေ။ သူ့ကို နွေရိပ် တိတ်တဆိတ် ချစ်ခဲ့တာ အခုမှ မဟုတ်ခဲ့ပါဘူး။ မိန်းကလေးအဖြစ်နဲ့ တွေ့တုန်းက ငေးကြည့်ပြီး ခင်မင်လိုစိတ် ဖြစ်ခဲ့မိသည်။ ယောကျ်ားလေးမှန်းသိလိုက်ရတော့ သဘောကျခဲ့သည်ပေါ့။ နောက်တော့ ချစ်မိသွားခဲ့သည်။

"နွေရိပ် ကူညီဖို့မလိုပါဘူး။ ကိုယ်ပြုပြင်မှာတော့ သေချာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နက္ခတ်ပြုပြင်မယ်ဆိုရင် နွေရိပ် ခွင့်လွှတ်နိုင်ပါတယ်။ နွေရိပ်ဖတ်ဖူးတာလေးရှိတယ်။ ရေးတဲ့သူကိုတော့ မမှတ်မိတော့ဘူး။ အတိတ်ကိုပဲကြည့်ပြီး မဆက်ဆံပါနဲ့။ အတိတ်မှာပဲ အဲဒီလူက ရပ်နေမှာမဟုတ်လို့ပါတဲ့"

"ဒါဆို နွေရိပ်က"

"ဘယ်အရာမဆို လက်တွေ့ကျချင်တဲ့နွေရိပ်ကို ချစ်လားလို့ မမေးပါနဲ့ နက္ခတ်။ တစ်နေ့နေ့ နက္ခတ်သိလာပါလိမ့်မယ်"

ပြောပြီး နွေရိပ် သူ့ကို ရှောင်တိမ်း၍ ဆိုဖာပေါ်မှာ သွားထိုင်လိုက်သည်။ ပါးစပ်က ချစ်ပါတယ်လို့ တဖွဖွပြောပြီး အဲဒီအချစ်ကို ဘယ်လောက်ချစ်ကြောင်း သက်သေမပြနိုင်ရင် ဘာလုပ်ရမှာလဲ။ ချစ်တယ်ဆိုတဲ့စကားက တစ်ခါပြော ၁၅၀၀ နဲ့ သတ်မှတ်ပြီး ဝယ်နေရတာမှ မဟုတ်ဘဲလေ။

နွေရိပ်က –

သူများတွေနဲ့မတူချင်သူမို့ အချစ်ကိုလည်း ချစ်ပါတယ်လို့ ပြောပြီး မကြိုက်တာတွေ ကြိုက်တာတွေ ခွဲခြမ်းစိတ်ဖြာပြခြင်းနဲ့ လူတစ်ယောက်ရဲ့ လွတ်လပ်မှုကို မပိတ်ပင် မထားဆီးချင်ပေ။

"ကိုယ်တစ်ခုတော့ ဝန်ခံပါရစေ နွေရိပ်။ ကိုယ်လုပ်နေတဲ့ အလုပ်ကို စွန့်လွှတ်ဖို့ ကိုယ် ဘယ်တုန်းကမှ မတွေးခဲ့ဘူး။ နွေရိပ်ကို





ချစ်မိသွားမှ ဒီလိုဆုံးဖြတ်ခဲ့တာပါ"

"နွေရိပ် . . . နက္ခတ်ကို မယုံလို့မဟုတ်ဘူးနက္ခတ်။ နွေရိပ်တို့ နှစ်ယောက်စလုံး အချစ်ဆိုတာကို ဘယ်လောက် ဘယ်သူက အလေးအနက်ထားကြောင်း လက်တွေ့သက်သေပြကြတာပေါ့"

နက္ခတ် မျက်နှာဝင်းပသွားလေသည်။ သူက တောင်းဆိုမှ မဟုတ်တာ နွေရိပ်ရဲ့စကားအသွားလာကို အဓိပ္ပာယ်ဖွင့်ဆိုလို့ ရတာပေါ့။

ချစ်တယ်လို့ မပြောသေးတာကလွဲရင်။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၇)

ဒေါ်တမာချိုမျက်နှာ တင်းခနဲ ဖြစ်သွားလေသည်။ ကိုယ်ကြားချင်တာက အဆင်ပြေပါတယ်ဆိုတဲ့စကား။ ကြားလိုက်ရတဲ့စကားက အခြားဖြစ်နေတာမို့ မကျေနပ်မှုတွေက ချက်ချင်း ရင်ထဲမှာ အုံဖွဲ့လာလေသည်။

"ဘာ ...မင်းက ဒီအလုပ်ကို မလုပ်နိုင်တော့ဘူး။ ငွေပြန်ပေး မယ် ဟုတ်လား နက္ခတ်"

"ဟုတ်တယ်၊ ကျွန်တော် အန်တီအပ်ထားတဲ့အလုပ်ကို မလုပ်နိုင်တော့ဘူး အန်တီ။ အန်တီ ငွေတွေကို ပြန်ယူပါ"

"မင်း ယောက်ျားမဟုတ်ဘူးလား နက္ခတ်၊ ယောက်ျားဆိုတာ





ကတိတည်ရတယ်ကွ၊ လက်ခံထားပြီးမှ မင်း ဒီလို လွယ်လွယ်ဖျက်လို့ရမလား"

"ကောင်းသောအလုပ်အတွက် ကတိမတည်ရင် လူတွေ ရှုံ့ချကဲ့ရဲ့ကြမှာ အမှန်ပဲအန်တီ၊ အခုလို မကောင်းတဲ့အလုပ်အတွက် ကတိပျက်ခြင်းကိုတော့ သိသူတိုင်းက လက်ခုပ်ဩဘာပေးပြီး ကောင်းချီးပေးကြမှာပါ။ အရမ်းရိုးသားဖြူစင်တဲ့ နွေရိပ်ဘဝကို ကျွန်တော် ဖျက်ဆီးမပေးနိုင်ပါဘူး။ လိပ်ပြာလည်း မလုံဘူးဗျာ"

"မင်းစကားကို လွယ်လွယ်မပြောနဲ့ နက္ခတ်။ ဒါ ငွေရေးကြေးရေးနဲ့ တန်ရာတန်ကြေး ပေးဆိုင်းတဲ့အလုပ် လက်ခံပြီးမှတော့ မင်း လုပ်ကိုလုပ်ရမယ်"

"ကျွန်တော် မလုပ်နိုင်ပါဘူး အန်တီ"

နက္ခတ်ကိုကြည့်နေတဲ့ ဒေါ်တမာချိုအကြည့်တွေက စူးစူးရဲရဲပါ။ သူမအကြံအစည်တွေပျက်လို့ မဖြစ်ဘူးလေ။ ဒီကောင်မလေး ဘဝပျက်ပြီး စိတ်ဓာတ်တွေကျတာကိုပဲ သူမ မြင်ချင်တာ။ သူ့အဖေအနားကို ပြန်မလာရဲလေ ကောင်းလေပါပဲ။ ဖြစ်နိုင်ရင် အခြားကမ္ဘာတစ်ခုကိုတောင် ထွက်သွားစေချင်တာ။

ဒါမှ –

သူမ ဦးကွန်းအပေါ်မှာ ချယ်လှယ်ချင်တိုင်း ချယ်လှယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရမှာ။ သမီးနဲ့ပတ်သက်ပြီး ဖအေကလည်း စိတ်ဓာတ်တွေကျ ရောဂါ ဖြစ်၊ လင်သေရင်မယားစားတဲ့၊ ရောဂါတစ်ခုဖြစ်ရင် သူမအတွက် အကွက်ဝင်ပေမယ့် ဦးကွန်းဇော်က ခေါင်းတောင်မကိုက်ပေ။

သူမထင်သလို ဖြစ်မလာရင်တော့ –

အခြားတစ်မျိုးပြောင်းပြီး စီစဉ်ရမှာပေါ့။ အဓိက,က နွေရိပ် ကို ဘဝပျက်စေချင်တာ။ အများအမြင်မှာ ကိုယ့်သမီးက ဖြူစင်ရိုး သားတဲ့ မိန်းကလေးအဖြစ်နဲ့ တန်ဖိုးမြင့်စေချင်တာလည်း ပါသည်။ သူမအတွေးအခေါ်တွေက အတ္တဖုံးပြီး အရူးလိုဖြစ်နေပြီလားတော့ မသိပါဘူး။

“နေပါဦး၊ နွေရိပ်ဘဝပျက်သွားတော့ အန်တီ့အတွက် ဘာ အကျိုးအမြတ်တွေ ရှိလာမှာမို့လို့လဲ၊ အန်တီမှာလည်း သမီးမွေးထား တာ။ သမီးချင်း ကိုယ်ချင်းစာမှပေါ့ဗျ”

“အို မစာနိုင်ပါဘူး။ ငါ ငါ့သမီးကို ချစ်တယ်။ ငါ့သမီးဘာ ကောင်းစားရေးအတွက်ပဲ စဉ်းစားတယ်။ ဒါပဲ”

“ဟာ ... ခင်ဗျား တော်တော်တရားပါလား။ ကိုယ့်သမီးကျ တော့ အရမ်းချစ်တတ်ပြီး သူများသားသမီးကျတော့ ဖျက်လိုဖျက်ဆီး နဲ့။ ခင်ဗျားမှာ မိခင်ချင်း ကိုယ်ချင်းစာစိတ်မှ မရှိတာ”

“ဟုတ်တယ် မရှိဘူး။ ကဲပါ မင်းနဲ့ငါ အလုပ်ကိစ္စပဲ ပြော





ရအောင်။ မင်းလုပ်မှာလား မလုပ်ဘူးလား။ ဒါပဲပြော”

“မလုပ်ဘူးဗျာ”

ဒေါ်တမာချို မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး –

“ကောင်းပြီလေ၊ မင်း မလုပ်နိုင်ဘူးဆိုလည်း လုပ်နိုင်တဲ့သူ ကို ခိုင်းရမှာပေါ့”

“ဟင်”

“မင်းသာ ငါ စရန်ပေးထားတဲ့ငွေကို နှစ်ဆပြန်လျော်ပေး ပေါ့”

နက္ခတ် ခါးမတ်သွားလေသည်။ နှစ်ဆပြန်ပေးရမယ်တဲ့လား။ ခက်တာပေါ့။ ဒီအလုပ်ကို လက်ခံတိုင်း သူပြောခဲ့တဲ့စကားက အဆင် မပြေရင် နှစ်ဆပြန်လျော်မယ်ဆိုတာပါပဲ။ ဒေါ်တမာချိုကို ဒီစကား မပြောခဲ့ပေမယ့် ကိုယ့်တာဝန် ကိုယ်ကျေ၊ ကိုယ့်စကားကိုယ် တန်ဖိုး ထားရမှာမို့လား။

ထို့ကြောင့် စိတ်ညစ်သွားတာ အမှန်ပါ။

နှစ်ဆဆိုရင် သိန်းလေးဆယ်။ ကိုယ့်မှာက သူပေးတဲ့ နှစ် ဆယ်တောင် အကုန်မရှိတော့ပေ။ အရင်ကရတာတွေကျတော့ အဖေ့ အတွက် ညီလေးအတွက် ဆေးဖိုးဝါး ကုန်တာနဲ့ အိမ်မှာလိုအပ်တာ တွေ ဝယ်တာနဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟူး ...

"ဘယ်လိုလဲနက္ခတ်၊ မင်းကြိုက်တာကိုရွေးပါ။ နွေရိပ်က တော့ မင်းမဖျက်ဆီးလည်း သူများဖျက်ဆီးလို့ ပျက်စီးရမှာပဲ။ မင်း ငွေကိုပဲ နှစ်ဆပြန်လျော်မလား"

နွေရိပ် နှုတ်ခမ်းကို ဖိကိုက်မိလိုက်သည်။ သူမ နက္ခတ်ဆီကို လာခဲ့တာလေ။ အိမ်ဝရောက်မှ အိမ်ထဲက မိန်းမသံကြားလို့ ဘယ်သူလဲ ရပ်နားထောင်နေခဲ့တာ။ လက်စသတ်တော့ ဒေါ်တမာချိုပဲ။ နက္ခတ် ဘာမှပြန်မပြောခင်ဘဲ နွေရိပ် နောက်လှည့်ပြန်လာခဲ့တော့သည်။

ဒေါ်တမာချို-

တော်တော် ယုတ်မာတဲ့မိန်းမကြီးပဲ။ အခု သူမရဲ့ယုတ်မာမှု တွေကို ရှင်းရှင်းလင်းလင်း သိရပြီဆိုတော့။ လမ်းရောက်မှ ဖေဖေ့ဆီ ဖုန်းဆက်လိုက်သည်။ ဖေဖေ့အတွက် ပိုပြီးစိတ်ပူလို့ပါလေ။ ဖေဖေ့ကို ရော သူတို့ ဘယ်လိုလုပ်ကြဦးမှာလဲ။

"ဖေဖေ"

"အေး သမီး ပြော"

"ဖေဖေ့ကို သမီးပြောစရာရှိတယ်။ ဖေဖေ သမီးကို တစ်မျိုး မထင်ပါနဲ့နော်"

"သမီးရယ် ... ဖေဖေက သမီးကို တစ်မျိုးထင်စရာလား





သားအဖချင်းကို သမီးပြောစရာရှိတာကိုပဲ ပြောစမ်းပါ"

"ဖေဖေ"

"----"

"ဖေဖေ သတိ ဝီရိယနဲ့နေပါနော်။ ဖေဖေ့မိန်းမကို မယုံပါနဲ့။ သမီး ဖေဖေ့ကို စိုးရိမ်လို့ပြောတယ်ဆိုတာ ဖေဖေ နားလည်ပေးပါ"

"သမီး"

"ရှင်"

"သမီး ဘာတွေသိထားလို့လဲ"

"သမီးက ဖေဖေ့ကို လက်တွေ့ကျကျ မြင်စေ ကြားစေချင် ပေမယ့် ဖေဖေက သမီးအနားမှာ မရှိဘူး။ သမီး လက်တွေ့ကျကျ ချမပြနိုင်တဲ့အတွက် ဘာမှ မပြောပါရစေနဲ့ ဖေဖေ"

ဦးကွန်းဇော် သက်ပြင်းချလိုက်မိသည်။ သမီး ဒီလိုတွေ ပြောနေတာ အကြောင်းမဲ့မဟုတ်ဘူးဆိုတာ သိပေမယ့် မေးလို့ရတော့ ဘာတတ်နိုင်မှာလဲ။ တမာချို ဘာတွေလုပ်နေလဲ။ သမီး ဘာတွေ သိထားလို့လဲ။ ကိုယ်လည်း တမာချိုကို မယုံပေ။ ကိုယ့်ကိုရအောင်ယူ ခဲ့တာ ကလိမ်ကကျစ်နည်းနဲ့လေ။

နောက်ထပ် ဘာတွေကြံနေလဲ။

လက်တွေ့ ဘာမှမပြနိုင်သေးတော့ နေဦးပေါ့။ သော်တော့



www.burmeseclassic.com

www.burmeseclassic.com



ထားနေမှပါ။

"ဖေဖေ"

"ပြောလေ သမီး၊ သမီး ဘာပြောဦးမလဲ"

"မပြောတော့ဘူး ဖေဖေ။ ဒါပါပဲ။ သမီး ဖုန်းချလိုက်တော့မယ်နော်"

"အေး အေး သမီး"

နွေရိပ် ဖုန်းချလိုက်ပြီး တွေတွေငေးငေးလေး ဖြစ်သွားလေသည်။ နက္ခတ်မှာ ပြန်လျှော်စရာငွေ မရှိဘူးလား။ နွေရိပ်ကပေးရင်လည်း ယူမှာမဟုတ်ပေ။

ဒီတော့။

❑ ❑ ❑



## အခန်း (၂၈)

"ဘယ်လို ဘယ်လို၊ မောင်က ကောင်မလေးတစ်ယောက်နဲ့ တတွဲတွဲဖြစ်နေတယ် ဟုတ်လား၊ စုမြတ်"

"ဟုတ်တယ် အလက်ဘ်။ တွဲတယ်ဆိုတာ သာမန်ရင်းနှီးတဲ့ အဆင့်မဟုတ်ဘူး၊ ငါတွေ့ခဲ့တာက ပြည်သူ့ရင်ပြင်မှာ။ ဟိုဟာ သူက ကောင်မလေးရဲ့ နှုတ်ခမ်းကို ဟိုးဒင်း"

စုမြတ် ဆက်မပြောတော့ဘူးဆိုကတည်းက အလက်ဘ် သဘောပေါက်လိုက်ပါပြီ။ ဒီစကားကို ကြားလိုက်ရတာ ခေါင်းကို မိုးကြိုးပစ်ချခံလိုက်ရသလိုပါပဲ။ ဟုတ်မှ ဟုတ်ရဲ့လား။ လောကမှာ လူတူမရှား နာမည်တူမရှားဆိုတော့ စုမြတ် တွေ့ခဲ့တာ မောင်ရော



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ရဲ့လား။

လူမှားနေတာများလား။

မဟုတ်ပါစေနဲ့လို့ ရင်ထဲမှာ အကြိမ်ကြိမ် အခါခါ ဆုတောင်းမိပါသည်။ အလက်ဘ မောင့်ကိုသိပ်ချစ်တယ်။ အရမ်းချစ်တယ်။ အလက်ဘဘဝမှာ မောင်မရှိလို့ မဖြစ်ပါဘူး။

ဒါကြောင့် မောင့်ဆန္ဒ မောင်ပူဆာသမျှ အလက်ဘ ဖြည့်ဆည်းပေးခဲ့တာပါလေ။

"နင်မြင်ခဲ့တာ မောင်ရော ဟုတ်ရဲ့လား စုမြတ်ရယ်။ လူမှားနေတာများလား"

"အလက်ဘရယ် ... ငါက မဟုတ်တာနဲ့ သူများချစ်သူတွေကြားမှာ အမုန်းခံပြီးပြောပါ့မလား။ ငါ တွေ့ခဲ့တာ နင့်ချစ်သူဆိုတဲ့ကောင်။ ထက်မြက်ဇော်မှ ထက်မြက်ဇော်အစစ်ပဲ။ ဝတ်ထားတဲ့ အင်္ကျီက နင် ဝယ်ပေးတဲ့အင်္ကျီ။ သူ့ကို နင် ငါ့ရှေ့မှာပဲ ဒီအင်္ကျီကို လက်ဆောင်ပေးခဲ့တာ ငါ မမှတ်မိဘဲ နေပါ့မလား"

ကိုယ်က မဟုတ်ပါစေနဲ့လို့ အကြိမ်ကြိမ် ဆုတောင်းပေးမယ့် ပြောတဲ့သူကလည်း အတိအကျပါ။ ရင်ထဲမှာ နင့်နင့်သည်းသည်းနဲ့ ဘယ်ခံစားချက်နဲ့မှ မတူအောင် ပူလောင်လွန်းလိုက်တာ။ သူ တကယ် ကိုယ့်အပေါ် သစ္စာဖောက်တာမှန်လို့ကတော့ –





"အလက်ဘ"

"-----"

"နင် သူ့ကို မေ့လိုက်ပါ ဟာ"

အလက်ဘ ခေါင်းခါလိုက်ရင်း မျက်ရည်တွေကျလာလေသည်။

"ငါ သူ့ကို အရမ်းချစ်တယ်ဟာ။ ဘယ်လိုလုပ်ပြီး မေ့လို့ရမှာလဲ။ အရမ်းချစ်လို့ သူ့ဆန္ဒမှန်သမျှလည်း ငါ ဖြည့်ဆည်းပေးခဲ့တယ်။ ဒါတောင် ငါ့အချစ်ကို နားမလည်ပဲ သစ္စာဖောက်တာ မှန်လို့ကတော့"

"အလက်ဘ နင် ဘာမှ စိတ်လိုက်မာန်ပါ မလုပ်နဲ့နော်။ နင် တစ်ခုခုလုပ်လိုက်ရင် နင်လည်း ပြန်ခံရမှာပဲ"

"မသိဘူးဟာ။ အခု ငါ အရမ်းခံစားနေရတာပဲ သိတယ်။ ငါ သူ့ကို အရမ်းချစ်တယ်"

ပြောပြီး အလက်ဘ ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။ ဒါ ကိုယ်တိုင်လက်တွေ့ မြင်ရတာမဟုတ်သေးပါဘူး။ လက်တွေ့သာ မြင်လိုက်ရရင် ဘာတွေဖြစ်ကုန်မလဲ မသိပေ။ စုမြတ်လည်း ဖြစ်နိုင်ရင် ပြောမပြချင်ပါဘူး။ ပြောမပြရင်လည်း ကိုယ့်သူငယ်ချင်းပဲ ခံရှာလေ။



www.burmeseclassic.com

www.burmeseclassic.com



အလက်ာက စုမြတ်ရဲ့ အချစ်ဆုံးသူငယ်ချင်းပဲဥစ္စာ။ ကိုယ့်သူငယ်ချင်း နစ်နာမှာကို ဒီအတိုင်းကြည့်နေလို့ ရမလား။ ထက်မြက်ဇော်က လောင်းကစားသမား။

ယောက်ျားပိုင်းလုံး သူ့ပိုက်ဆံတောင်းရင် ပေးနိုင်မယ့် မိန်းကလေးတွေကိုမှ ရွေးပြီးကြိုက်တာတဲ့။ သူ့ငွေသားဆိုပေမယ့် မိဘတွေကလည်း ဟန့်ပဲရှိတာဆိုပဲ။

"နင့်ကို မငိုပါနဲ့ မခံစားပါနဲ့လို့တော့ ငါ မတားပါဘူး အလက်ာ။ နင် ဝအောင်ငိုပါ။ ပြီးရင်တော့ သူက နင့်အချစ်နဲ့မတန်တဲ့သူလို့ သတ်မှတ်ပြီး မုန်းနိုင် မေ့နိုင်အောင် ကြိုးစားပါ"

"အီ အီ ဟီး"

စုမြတ်၏ အလက်ာပခုံးကို ဖက်ထားလိုက်မိသည်။ အချစ်ကြီးတတ်လိုက်တဲ့ အလက်ာပါလား။

"ငါ သူ့အကြောင်းကို စုံစမ်းမယ်စုမြတ်။ နင်ပြောသလိုတကယ်သူ ငါ့အပေါ် သစ္စာဖောက်တာ သေချာလို့ကတော့ သူ့ကိုငါ ခွင့်မလွှတ်ဘူး"

"နင်ကလည်း စိတ်လျှော့စမ်းပါ အလက်ာရယ်။ လောကမှာ သူ့ထက်သာတဲ့ ယောက်ျားတွေ အများကြီးပါဟ။ နင့်ရုပ် နင့်ရည်နဲ့ သူ့ထက်သာတာကို ရနိုင်တာပဲဥစ္စာ"





ပြောတော့ လွယ်လိုက်တာ။ အချစ်ဆိုတာကို အသာအနာတွက်ရအောင် ချိန်ခွင်နဲ့ ထည့်ဆက်လို့ရသလား။ အစားထိုးရ လွယ်တဲ့ ပစ္စည်းတစ်ခုလား။

မောင်ရယ်။

ရက်စက်လိုက်တာ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၉)

နွေရိပ် သူမအကြိုကို အကောင်အထည်ဖော်ဖို့ နက္ခတ်ကို ဖုန်းဆက်လိုက်သည်။ သူ့အခက်အခဲတွေ ပြေလည်ပါစေလေ။ နွေရိပ် သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေပြတော့မှာပါ။

"နွေရိပ် . . . ဘာပြောမလို့လဲ ပြောလေ"

"နက္ခတ်"

"ပြောပါဆို"

"နွေရိပ် ကလပ်သွားမလို့။ အဲဒါ နက္ခတ်လိုက်ပို့လေ နော်"

"ဟင်"

"လိုက်ပို့ရမှာလား"





"နွေရိပ် သွားချင်တယ်ဆိုရင် လိုက်ပို့မှာပေါ့။ ကိုယ်လာခဲ့မယ်လေ"

"Ok အဲဒါကြောင့် ချစ်တာသိလား"

"ဘယ်လို"

ပြန်မေးလိုက်စဉ်မှာပဲ နွေရိပ်က ဖုန်းချသွားလေသည်။ နက္ခတ် ပြုံးလိုက်မိတော့၏။ ချစ်တယ်ဆိုတဲ့စကားကို ကိုယ်သာ လွယ်လွယ်ပြောတတ်ခဲ့ဖူးပေမယ့် နွေရိပ်က လွယ်လွယ်ပြောတတ်သူ မဟုတ်ပေ။ ဒါ ကိုယ့်အတွက် မျှော်လင့်ချက်ရောင်ခြည်တန်းပေါ့။

ထို့ကြောင့် –

ချက်ချင်းအဝတ်လဲပြီး သွက်လက်စွာ ထွက်လာခဲ့တဲ့ ခြေလှမ်းတွေက တစ်ခုခုကို သတိရမိသွားတော့ နှေးကွေးလေးလံသွားလေသည်။ ဒေါ်တမာချိုကို သူ ငွေပြန်ပေးဖို့ ဘယ်လိုရှာရလဲ။ မသမာတဲ့နည်းနဲ့တော့ သူ ငွေမရှာချင်တော့ပေ။

လွယ်လွယ်နဲ့ရတဲ့ငွေက –

လွယ်လွယ်နဲ့ပဲ ကုန်သွားတာပါပဲ။ နက္ခတ် ကိုယ့်အပြစ်တွေကို ဘယ်လိုဆေးကြော သန့်စင်ရမလဲ။ အခုချိန်မှာ သူ အတတ်နိုင်ဆုံး ဖြူစင်ရိုးသားချင်ပါသည်။ အဲဒါ နွေရိပ်ကို တကယ်ချစ်မိသွားလို့ ချစ်တဲ့စိတ်က သူ့ရဲ့ခပ်ပေါ့ပေါ့ အတွေးတွေကို ပြုပြင်ပြောင်းလဲပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပါ။

သူ နွေရိပ်အိမ်ကိုရောက်တော့ –

"တီး တောင် တီး တောင်"

"––––––"

"တီး တောင် တီး တောင်"

လူခေါ်ဘဲလ်ကိုနှိပ်လိုက်တော့ တံခါးလာဖွင့်ပေးသူက နွေရိပ်ပါ။

"ဟော . . . နက္ခတ်တောင် ရောက်လာပြီ"

နွေရိပ်ကို နက္ခတ် ခွေးခွေးငေးငေးလေး ကြည့်နေမိသည်။ စိတ်ထဲကနေ လှလိုက်တာ နွေရိပ်ရယ်လို့ ပြောမိတော့၏။ အမြဲတမ်း ပြင်ဆင်ခြယ်သမှုမရှိဘဲ ဖြစ်သလိုနေတဲ့ နွေရိပ်က အခုတော့ သနပ်ခါးကြောင့် မျက်နှာလေးက ပို၍ ဖွေးနုသန့်စင်နေသည်လေ။

သနပ်ခါးဆိုပေမယ့် . . .

ခါတိုင်းလိုမဟုတ်ဘဲ မိတ်ကပ်ကရင်မ်ဘာတ်တွေနဲ့ ခြယ်သထားခြင်းပါ။ ပြီးတော့ နှုတ်ခမ်းနီ အုတ်ခဲရောင်ကို မထင်မရှားလေး ဆိုးထားတော လှလိုက်သည့်ဖြစ်ခြင်းပါပဲ။

"နက္ခတ်"

"ဟင်"





"ဘာလို့ အဲလောက်ကြည့်နေတာလဲ။ နွေရိပ် မနေတတ်တော့ဘူး"

"လှလို့ကြည့်တာပေါ့ နွေရိပ်ရဲ့။ မင်း ဒီနေ့ အရမ်းလှတာပဲ"

"ဟုတ်လား အဲဒါထားပါ။ လာ အထဲဝင်"

အိမ်ထဲဝင်ပြီး ခဏပဲထိုင်ကာ နှစ်ယောက်သား ထွက်လာခဲ့ကြစဉ် –

"နွေရိပ်"

"ရှင် ဒေါ်ထွေး"

"စောစော ပြန်ခဲ့နော် ကလေး"

"ဟုတ်ကဲ့ပါ ဒေါ်ထွေး"

ဟုတ်ကဲ့လို့ပြောပေမယ့် အိမ်ကို စောစောပြန်ရောက်မှာ မဟုတ်ပေ။ ဘာဖြစ်လို့လဲဆို နွေရိပ်က ကိုယ့်အကြံနဲ့ကိုယ် သွားတာကို။

"ဒီနေ့ နွေရိပ်ကို တကယ်ကြည့်လို့ မဝဘူး သိလား။ အရမ်းလှတာပဲ"

"အဲဒါဆို ကြည့်လေ၊ နွေရိပ်ကားမောင်းမယ်။ နက္ခတ်က နွေရိပ်ကိုပဲ ကြည့်နေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ ကြည့်မယ်"

နှစ်ယောက်သား ရယ်ရင်း မောရင်းနှင့် ကားပေါ်တက်ကာ ထွက်လာခဲ့ကြတော့သည်။ ကလပ်ကိုရောက်တော့ -

"နကွတ်"

"ဟင်"

"သောက်လေ"

နွေရိပ်ပေးတဲ့ဖန်ခွက်ကို နကွတ် လှမ်းယူလိုက်ပြီး -

"နွေရိပ်ရော သောက်မှာလား"

"အင်း ... သောက်မှာပေါ့။ သောက်မယ် မူးမယ်၊ ပျော်မယ်။ နကွတ်နဲ့အတူတူ ကမယ်"

"ဟင်"

"ကမယ် မဟုတ်လား"

"အင်း ... ကမှာပေါ့။ ကိုယ့်ချစ်သူနဲ့ကရမှာပဲဟာ။ ကိုယ့်အတွက် ဒီနေ့ အပျော်ဆုံးပဲ"

"အဟွန်း ... စိတ်ချပါ။ နကွတ် ဒီထက်ပျော်စေရမယ်။ နွေရိပ် နကွတ်အတွက် ပျော်ရွှင်စရာကမ္ဘာလေးတစ်ခု ဖန်ဆင်းပေးမယ် နော်"

ပြောပြီး နွေရိပ် နကွတ်အနားမှာ ပူးပူးကပ်ကပ် ဝင်ထိုင်ပြီး





နကွတ်လက်မောင်းကို ဖက်ထားလိုက်မိသည်။ နောက်တော့ စားသောက်ပြီး ရီဝေဝေဖြစ်လာတဲ့အချိန်မှာတော့ တီးလုံးသံတွေနဲ့ ကခုန်ရင်း ဒီအပျော်တွေနဲ့ ယစ်မူးနေမိကြသည်သာ။

နကွတ်က တကယ်မူးနေပေမယ့် နွေရိပ်က မမူးပေ။ ဘယ်မူးပါ့မလဲ နွေရိပ်က ဖန်ခွက်ကိုကိုင်ပြီး သောက်တော့မလိုဟန်နှင့် တကယ်က နှုတ်ခမ်းနှင့်တော့ရုံလောက်နဲ့ စကားတွေ ဖောင်ဖွဲ့လိုက် နကွတ်ကိုတိုက်လိုက်ပါ။ နကွတ်ကိုလည်း လူမှန်းသူမှန်းမသိ မူးအောင် မတိုက်ပါဘူး။

နွေရိပ်က ပါးနပ်သူပါ။

ယောကျ်ားတစ်ယောက် လူမှန်းသူမှန်း မသိအောင်မူးနေမှ တော့ သူများကိုသိဖို့မပြောနဲ့ သူ့ကိုယ်သူတောင် ဘာမှန်းသိမှာမဟုတ်ပေ။ ဝတ္ထုတွေ၊ ဗီဒီယိုတွေထဲမှာ လူမှန်းသူမှန်းမသိအောင် မူးပြီး မှားကြတယ်။ နွေရိပ် စဉ်းစားကြည့်တာ ဘာမှန်းညာမှန်းမသိမှတော့ ဘယ်လိုလုပ်ပြီး မှားနိုင်မှာလဲ။

ဒီတော့ -

ကိုယ်က မာယာကိုအသုံးချရမည်သာ။ ကနေရင်း နွေရိပ် နကွတ်လည်ပင်းကိုဖက်ကာ ခြေဖျားလေးထောက်ပြီး နကွတ်နှုတ်ခမ်းကို နမ်းလိုက်မိသည်။ သူကလည်း ပြန်နမ်းသည်သာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"နက္ခတ်"

"နွေရိပ်ကို ကိုယ်အရမ်းချစ်တယ်"

"အင်း . . . နွေရိပ် အရမ်းမူးနေပြီ၊ မကချင်တော့ဘူး နက္ခတ်ရယ်"

"ဒါဆို ပြန်မလား နွေရိပ်"

"အင်း ပြန်မယ်လေ"

"ဒါဆို ပြန်မယ်"

နက္ခတ် နွေရိပ်ပခုံးလေးကိုဖက်၍ ကလပ်ထဲကနေ ပြန်ထွက်လာခဲ့တော့သည်။ ကားထဲကိုရောက်တော့ –

"နက္ခတ်"

"ဟင်"

"ကားမောင်းနိုင်ရဲ့လား"

"မောင်းနိုင်ပါတယ် နွေရိပ်ရဲ့။ ကိုယ် အရမ်းမမူးပါဘူး"

"ပြီးရော"

ကားစထွက်ပြီဆိုတာနှင့် နွေရိပ် ဘာစကားမှ မပြောတော့ပေ။ မျက်စိကို မှိတ်ထားလိုက်မိ၏။ အချစ်အတွက် ပေးဆပ်ခြင်းက အရမ်း စွန့်စားရာကျမှန်း နွေရိပ် သိပါသည်။ ဒီလိုမှမလုပ်ရင် မရဘူးလေ။ သူပြန်ပေးရမယ့်ငွေကို နွေရိပ်က ရှင်းပေးမယ်ဆိုရင် –





သူ လက်ခံမှာမှ မဟုတ်တာ။ ပြီးတော့ –

နောက်ဆက်တွဲ ပြဿနာတွေ ရှိလာနိုင်သေးသည်လေ။ ဒေါ်တမာချိုက ဒီလောက်လည်တာ သံသယမရှိဘဲ နေပါ့မလား။ ဒီမိန်းမကြီး ခလောက်ဆန်လို့ ဖေဖေ သိသွားရင် ပြဿနာက ပိုရှုပ်သွားနိုင်သည် မဟုတ်လား။

"နက္ခတ်"

"–––––"

"နက္ခတ်"

"ဟင်"

"ကားခဏလောက်ရပ်လိုက်ပါလား"

"ဘာဖြစ်လို့လဲနွေရိပ်"

"ခဏလေးပါ"

ကားအသွားအလာ နည်းနည်းရှင်းတဲ့နေရာမို့ လမ်းဘေး ချမရပ်လည်းရပေမယ့် ခဏ ဟုတ်မဟုတ် မသိလေတော့ နက္ခတ် ကားကို လမ်းဘေးသို့ ချရပ်လိုက်လေသည်။

"နက္ခတ်"

"ဘာဖြစ်လို့လဲ နွေရိပ်၊ ကိုယ် ဘာလုပ်ပေးရမလဲ ဟင်"

"ဘာမှ လုပ်ပေးစရာမလိုပါဘူး။ နွေရိပ် နက္ခတ်ရဲ့ရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ အိပ်ချင်တယ်”

“ဟင်”

“နွေရိပ် နက္ခတ်ကိုချစ်တယ်”

“နွေရိပ် တကယ်ပြောတာလား”

“တကယ်ပေါ့”

“ဝမ်းသာလိုက်တာ နွေရိပ်ရယ်။ ကိုယ် နွေရိပ်ကို တကယ် ချစ်တာပါ။ အရမ်းချစ်တယ်၊ မြတ်မြတ်နိုးနိုးနဲ့ကို ချစ်မိတာပါကွာ”

ပြောပြီး နွေရိပ်ကိုယ်လေးကို နက္ခတ် ကိုယ့်ရင်ခွင်ထဲမှာ ပွေ့ဖက်နမ်းရှိုက်လိုက်မိသည်။ နွေရိပ်က သူ့လည်ပင်းကို ပြန်ဖက်ထား လေတော့ တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ထားမိကြတာ တင်းတင်းကျပ် ကျပ်ပါ။

နွေရိပ် –

အစွမ်းကုန် မြူဆွယ်လိုက်တော့ နက္ခတ် ထိုမာယာထဲမှ စီးမြောလိုက်ပါပြီ။

ထို့နောက် –

ထို့နောက်မှာတော့။

❑❑❑



## အခန်း (၃၀)

ဖုန်းမြည်သံကြောင့် အလင်္ကာ ဖုန်းကို ကောက်ကိုင်ပြီး နံပါတ်ကိုကြည့်လိုက်တော့ စုမြတ်ဆက်တာပါ။ အလင်္ကာရဲ့အချစ်ဆုံး သူငယ်ချင်းစုမြတ်။

“ဟယ်လို ... ပြော စုမြတ်”

“အလင်္ကာ ... နှင့်ကိုငါ အရေးကြီးတာပြောစရာရှိလို့ ဆက် လိုက်တာ”

“အေး ... ပြောလေ စုမြတ်”

“ထက်မြက်ဇော်နဲ့ နင် အခြေအနေက ဘယ်လိုလဲ”

ရင်ထဲမှာ နင့်ခနဲဖြစ်သွားရလေသည်။ အခု အလင်္ကာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်နေတာ သူ့ကြောင့်ပေါ့။ အလက်ာကို သူ အဆက်အသွယ် မလုပ်တော့ဘူးလေ။

"သူ ငါ့ကို အဆက်အသွယ်မလုပ်တော့ဘူး စုမြတ်။ ငါ ဖုန်းဆက်တော့လည်း ဆက်မရဘူး။ သူ ဆင်းကတ်ပြောင်းလိုက်ပြီ ထင်ပါတယ်"

"အေး . . . သူက နင့်ကို အဆက်အသွယ် ဘယ်လုပ်တော့မှာလဲ။ အသစ်နဲ့ မြူးတူးပျော်ပါးနေတာလေ။ အခု ငါ သူတို့ကို တွေ့လို့ နင့်ကို လှမ်းပြီး ဖုန်းဆက်တာ"

"ဟုတ်လား။ ဒါဆို အခု သူတို့ ဘယ်မှာလဲ။ ငါ လာခဲ့မယ် စုမြတ်"

"အခုကတော့ ကန်တော်ကြီး ကရဝိတ်တက်မှာ အလက်ာ။ သူတို့ တော်တော်နဲ့တော့ ပြန်မှာမဟုတ်သေးဘူး။ ငါ စောင့်ကြည့်နေမယ်လေ။, နေရာပြောင်းရင် ငါ နင့်ကို ဖုန်းထပ်ဆက်မယ်"

"Ok ကျေးဇူးပဲ စုမြတ်။ ငါ အခုလာခဲ့မယ်၊ နင်စောင့်နေပေး"

"အေးပါ . . . အေးပါ"

အလက်ာ ရင်ထဲမှာ နင့်နေအောင် ခံစားရပါသည်။ ကိုယ်က ချစ်သလောက် ကိုယ့်အပေါ် တန်ဖိုးမထားတဲ့လူ တွေ့ကြသေးတာပေါ့





အလက်ာ ကားသော့ကို ယူပြီး ထွက်လာခဲ့စဉ်။

"သမီး"

"----"

"သမီး အလက်ာ"

အလက်ာ နောက်သို့လှည့်ကြည့်ပြီး –

"ရှင် မေမေ"

"ဟင်"

လှည့်ကြည့်လာတဲ့သမီးရဲ့ မျက်ဝန်းအိမ်မှာ မျက်ရည်တွေ နှင့်မို့ ဒေါ်တမာချို ရင်ထိတ်သွားကာ –

"သမီး ဘာဖြစ်လို့လဲ၊ မျက်လုံးမှာလည်း မျက်ရည်တွေနဲ့ပါလား။ ဘာဖြစ်လို့လဲ မေမေ့ကိုပြောစမ်းသမီး။ မေမေ ရင်ထိတ်လိုက်တာကွယ်"

"ဘာမှမဖြစ်ပါဘူး မေမေ"

"ဘာမှမဖြစ်ပဲနဲ့ မျက်ရည်ကျမလား၊ အခု ဘယ်သွားမလို့လဲ သမီး"

"စုမြတ်ဆီ ခဏသွားမလို့ပါ မေမေ။ သမီး သူနဲ့ရှင်းစရာ ရှိလို့ ခဏလေးပါ"

"ဟဲ့ သမီး"



www.burmeseclassic.com

www.burmeseclassic.com



အလက်ာ အချစ်ဆိပ်တက်နေသဖြင့် မိခင်ခေါ်တာကိုပင် လှည့်မကြည့်တော့ဘဲ ကားပေါ်သို့တက်၍ ထွက်လာခဲ့တော့သည်။ သူမအတွက် အလိုအပ်ဆုံးအရာတစ်ခုကိုလည်း ဝင်ဝယ်လာခဲ့၏။

ထက်မြက်ဇော်။

အလက်ာ အချစ်ကိုတန်ဖိုးမထားတဲ့သူ။ ဒီလောက် လိုသမျှ ဖြည့်ဆည်းပေးပြီး ချစ်ပြတာတောင် ကိုယ့်အချစ်ကို ဥပေက္ခာပြုပြီး သစ္စာဖောက်တယ်ဆိုတော့ ဒါ သူ့လမ်းကိုသူရွေးတာပဲ။ အလက်ာ သူ့ကို အရမ်းချစ်တယ်။ သူ့အချစ်ကို ကိုယ်မှမရရင် သူများလည်း မရစေရပါဘူး။

ကန်တော်ကြီးထဲကိုရောက်တော့ –

"စုမြတ် . . . သူတို့ ဒီကနေ ဘယ်မှမသွားသေးဘူးမို့လား"

"မသွားဘူး အလက်ာ။ အဲဒါကြောင့် နင့်ကိုငါ ဖုန်းထပ်မဆက်တာ"

"အခု သူတို့ ဘယ်မှာလဲ။ ငါ ဘယ်နေရာကိုလာရမလဲ"

စုမြတ်က လာရမယ့်နေရာကို ပြောပြလိုက်လေတော့ ပြောတဲ့နေရာကိုသွားနေတဲ့ အလက်ာခြေလှမ်းတွေက တလွှားလွှားပါ။

"အလက်ာ သူတို့ ဟိုမှာတွေ့လား"

စုမြတ် လက်ညှိုးထိုးပြတဲ့နေရာကို စူးစူးစိုက်စိုက်ကြည့်ပြီး





အလက်ာ မျက်ဝန်းတွေက မှေးကျဉ်းသွားလိုက်၊ စူးရဲလာလိုက်ပါ။ သူတို့က ရယ်လို့ မောလို့ ပြုံးလို့ပျော်လို့ပါ။ အလက်ာ လက်ကိုင်အိတ်ထဲက ဓားကိုထုတ်ယူလိုက်ပြီး –

"ဖျောက်"

"ဟင်"

"တွေ့ကြသေးတာပေါ့"

"အလက်ာ"

စုမြတ် အလက်ာ လက်ကို ဆုပ်ကိုင်လိုက်ပြီး –

"နင် ဘာလုပ်မလို့လဲ အလက်ာ။ ပြဿနာကို ပါးစပ်နဲ့ပဲ ဖြေရှင်းပါဟာနော်။ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့။ နင် စိတ်လိုက်မာန်ပါ လုပ်ရင် နင်လည်း ပြန်ခံရမှာပဲလေ သူငယ်ချင်းရဲ့"

"အဲဒါတွေ ငါမသိဘူးဟာ။ ငါ သူ့ကိုသတ်ချင်တာပဲ သိတယ်"

"မဟုတ်ဘူးလေ အလက်ာရဲ့"

"ငါဖြစ် ငါခံပဲ"

အလက်ာ စုမြတ်လက်ကိုဖယ်ချပြီး ထွက်သွားလေလျှင်–

"ဟာ . . . ဒုက္ခပါပဲ၊ ငါတော့ ပြောပြမိတာ မှားပြီထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စုမြတ် ညည်းတွားရင်းဖြင့် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပေ။ အလင်္ကာကတော့ ထက်မြက်ဇော်တို့ဆီ ဦးတည်သွားပြီး သူတို့နောက်ကျောဘက်မှာ ခြေလှမ်းတွေ ရပ်တန့်သွားချိန်မှာတော့–

"နှင်းက ကိုကို ဘယ်လောက်ချစ်တာလဲ ပြောပါဦး"

"ကိုကလည်း ဒီလောက် ခဏခဏ ပြောနေတာကို ဘာလို့ ထပ်မေးနေတာလဲ"

"နှင်းကလည်း ကိုယ့်ချစ်သူ နှုတ်ဖျားက ပြောတာလေးကို ခဏခဏ ကြားချင်လို့ပေါ့။ ကိုကတော့ နှင်းကို ချစ်လွန်းလို့ ချစ်တယ်လို့ တဖွဖွပြောနေရတာကို အရမ်း ကျေနပ်တယ်။ နှင်းကလည်း ကိုကို ဘယ်လောက်ချစ်ကြောင်းတွေ ပြောပေါ့"

အလင်္ကာ မဲ့ပြုံးပြုံးလိုက်မိပါသည်။ ကိုယ့်တုန်းကလည်း ဒီစကားမျိုးတွေ ပြောခဲ့တာပါပဲ။ ဒီအချစ်တွေက ကိုယ့်အတွက်ပဲ မှုပိုင်လို့ ထင်ခဲ့တာ။ အခုတော့ သူ့အချစ်တွေကပေးလို့ မကုန်လှုလို့ မခမ်းနိုင်ပါလား။

"ပြောပါ ချစ်ရဲ့"

"ကိုရယ် ... အချစ်ကိုတိုင်းတာလို့ရတဲ့အရာမှ မရှိတာ။ နှင်း ကိုကို ချစ်တာ ပြောမပြတတ်အောင်ပါပဲ"

"တကယ်"





"တကယ်ပေါ့"

"အား ... ပျော်လိုက်တာကွာ"

နားခါးလိုက်တဲ့စကားတွေ။ အလင်္ကာ အောက်နှုတ်ခမ်းကို ဖိကိုက်ထားလိုက်မိတာ ပြုတ်ထွက်လုမတတ်ပါပဲ။ ပြီးတော့ –

"သိပ်ပျော်နေကြတယ်ပေါ့လေ ဟုတ်လား"

"ဟင်"

နှစ်ယောက်စလုံး နောက်လှည့်ကြည့်ပြီး အလင်္ကာ့ကို မြင်တော့ ထက်မြက်ဇော် ချက်ချင်းထရပ်ပြီး အလင်္ကာနှင့် မျက်နှာချင်းဆိုင်လိုက်လေသျှင် –

"ချစ်တယ်ဆိုတဲ့စကားက နှင့်အတွက် ဘယ်တော့မှ ပြောလို့ မကုန်ပါလား ထက်မြက်ဇော်။ ငါ အသိနောက်ကျသွားတယ်"

"အလင်္ကာ"

"ကို"

ကောင်မလေးကပါ ထရပ်ပြီး အလင်္ကာ့ကိုကြည့်ကာ–

"သူက ဘယ်သူလဲ ကို"

ထက်မြက်ဇော်က မဖြေပေ။

"ကို"

"–––––" ၁၀



www.burmeseclassic.com

www.burmeseclassic.com



"နှင်း မေးနေတယ်လေ၊ သူက ဘယ်သူလဲလို့"

"ကို မသိဘူး နှင်း"

"ဘာ"

အလက်ာနှုတ်က ထွက်သွားတဲ့ 'ဘာ' ဆိုတဲ့အသံက ခပ်တိုးတိုးပေမယ့် နောက်ကွယ်မှာတော့ လှုသတ်လက်နက်ကိုကိုင်ဆောင်ထားသည်သာ။ ရင်ထဲမှာ နာကြည်းမှုတွေက ထုထည်ကြီးမားလာပြီး မျက်ဝန်းတွေက တစ္ဆေတစ်ကောင်လို ကြောက်မက်ဖွယ်အတိနှင့်ပဲပေါ့။

"ကို မသိဘူးဆိုရင် သူ့နာမည်ကို ဘာလို့ ခေါ်လိုက်တာလဲ။ သိလို့ခေါ်တာ မဟုတ်ဘူးလား"

"အဲဒါ"

"သူ မပြောရင် ငါပြောပြမယ်"

"————"

"ငါက မင်းအရင်က သူ ချစ်တယ် ချစ်တယ်လို့ တဖွဖွအပြောခံခဲ့ရတဲ့ သူ့ရဲ့ချစ်သူပဲ။ ငါ့နာမည်က အလက်ာချို။ အခုတော့ ငါ့ဘဝကို အလက်ာမချိုအောင် သူလုပ်ခဲ့တာ"

"ဟင်"

ကောင်မလေးက သူ့ကိုမော့ကြည့်လေလျှင် –

"အလက်ာ မင်း ဘာတွေလာပြောနေတာလဲ။ ဘာလဲ ရူးနေ





ပြီလား။ မင်းနဲ့ငါ မပတ်သက်ချင်လို့ အဆက်အသွယ်ဖြတ်ထားပြီလေ နားမလည်ဘူးလား"

"ဟုတ်တယ် ငါရူးနေပြီ၊ အဲဒါ နှင့်ကြောင့်"

"မင်း"

"မိန်းကလေးတစ်ယောက်ကို ချစ်ပါတယ်လို့ တဖွဖွပြောပြီး မာယာနဲ့ သိမ်းသွင်းတယ်။ ပြီးတော့ အပျိုစင်ဘဝကို ဖျက်ဆီးတယ်။ ငွေလိုလို့ ခဏခဏတောင်းတယ်"

"တော်တော့ မင်း ဆက်မပြောနဲ့။ မင်း ဘာဖြစ်ချင်တာလဲ အလက်ာ"

"ဘာဖြစ်ချင်လဲ ဟုတ်လား"

"ဟုတ်တယ်၊ မင်း ဘာဖြစ်ချင်တာလဲ ပြော"

"အေး . . . ငါ ဖြစ်ချင်တာကတော့"

အလက်ာ လက်ကိုလှုပ်ရှားလိုက်တာ မြန်မြန်ပါ။ ထက်မြက်ဖော် ရှောင်တိမ်းချိန်မရလိုက်ဘဲ –

"ခွပ်"

"အား"

"အမလေး"

"ကဲ"



www.burmeseclassic.com

www.burmeseclassic.com



"စွပ်"

"အား"

"ကဲဟာ"

"စွပ်"

ဓားသုံးချက်၏ထိုးစိုက်မှုဒဏ်ကြောင့် ထက်မြက်ဖော် တစ်ယောက် မျက်လုံးပြူးပြီး ခွေကျသွားလေတော့သည်။ နှင်းကတော့ မျက်နှာကို လက်ဝါးနှင့်အုပ်ထားမိရာကနေ မဖွင့်တော့ပေ။

"သေ သေစမ်း။ ငါ့အချစ်ကို တန်ဖိုးမထားတဲ့ကောင် သေ"

"အလက်ာ သူငယ်ချင်း"

"ဟား ဟား ဟား ဟား"

"ဒုက္ခပါပဲ အလက်ာရယ်။ နင် ဘယ်လိုလုပ်လိုက်တာလဲ"

"သူနဲ့တန်တာ အဲဒါပဲလေ"

"အလက်ာရယ်"

"သူသေမှ အေးမှာ။ သူသေမှ သူ့အချစ်ကို ဘယ်သူမှ မရမှာ။ ငါမရတဲ့သူ့အချစ်ကို သူများလည်းမရစေရဘူး။ သေ သေစမ်း ငါ့အချစ်ကိုစော်ကားတဲ့ကောင်။ ငါ့ဘဝကို ဖျက်ဆီးတဲ့ကောင်။ ငါ့ဆီက ငွေတွေကို လိမ်ယူခဲ့တဲ့ကောင်၊ သေ သေ"

"သူငယ်ချင်း သတိထား"





"ဟား ဟား ဟား ဟား"

"ဒုက္ခပါပဲ"

အလက်ာကတော့ အရူးတစ်ယောက်လို ကျေနပ်စွာနှင့် ဟက်ဟက်ပက်ပက် ရယ်မောနေတော့သည်။

ခင်းသေမှ –

နောက်ထပ်မိန်းကလေးတွေ ဒုက္ခမရောက်မှာ။ ကိုယ်ဖြစ် ကိုယ်ခံပါပဲ။ အလက်ာ ခုလိုလုပ်လိုက်ရသည့်အတွက် ကျေနပ်တယ် လေ။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

နွေရိပ် ဒေါ်တွေးကိုခေါ်ပြီး အိမ်သို့ပြန်လာခဲ့ပါပြီ။ ဖခင်ဖြစ်သူကတော့ ဝမ်းသာအားရနဲ့ ကြိုဆိုတာပေါ့။ တကယ်တော့ နွေရိပ်အခုလို ပြန်လာရတဲ့အကြောင်းရင်းက ဖေဖေ့အတွက် ဝမ်းသာစရာမဟုတ်ပါဘူး။ ဒေါ်တမာချိုကို ပက်ပက်စက်စက် ပြောချင်လို့လေ[...]

သမီးမွေးထားပြီး သမီးချင်း ကိုယ်ချင်းမစာတတ်တဲ့ မိန်း[...]ကြီး။ ဒင်းကို ပက်ပက်စက်စက်ပြောပြီး နွေရိပ် အားလုံးနဲ့ဝေးရာကိုထွက်သွားတော့မှာပါ။ အိမ်ရောက်မှထွက်သွားတော့ ဒေါ်တွေးကိုဘယ်သူမှလည်း အပြစ်တင်လို့ မရဘူးပေါ့။

"ဖေဖေ ဝမ်းသာလိုက်တာ သမီးရယ်။ ဖေဖေ ဝမ်းသာ





လိုက်တာ။ သမီး ဖေဖေ့မေတ္တာရိပ်အောက်ကို အခုလို ပြန်ဝင်လာတာဖေဖေ အရမ်းကျေနပ်တယ် သမီး"

"သမီးက ဖေဖေ့သမီးပဲ ဖေဖေရဲ့။ ပြန်လာမှာပေါ့။ သမီးဟိုမှာ သွားနေတာ အခြေအနေတစ်ခုကြောင့် အခိုက်အတန့်လေးပါ"

"အေးပါ သမီးရယ်"

ဖေဖေ့မှာတော့ ဝမ်းသာလွန်းလို့ မျက်ရည်တွေတောင် လည်နေရှာသည်။ နွေရိပ် စိတ်မကောင်းပါဘူးလေ။ သမီးရဲ့မိုက်ပစ်တွေကိုခွင့်လွှတ်ပါလို့ စိတ်ထဲကနေသာ တောင်းပန်မိတော့၏။

"ကိုကွန်း"

"_____"

"အမလေး ကယ်ပါဦး ကိုကွန်းရယ်။ ကျွန့်မသမီးလေးကိုကယ်ပါဦး ကိုကွန်းရဲ့"

"ဟင်"

"ဒုက္ခတွေတော့ ရောက်ကုန်ပါပြီ ကိုကွန်းရယ်။ ကျွန်မသမီးလေးကို ကယ်ပါဦးရှင်"

ဒေါ်တမာချို သုတ်သီးသုတ်ပျာနှင့် ရောက်လာပြီး ချုံးပွဲချ၍ ငိုကြွေးလေတော့သည်။

"ဘာဖြစ်လို့လဲတမာ။ အလကား ဘာဖြစ်လို့လဲ၊ ဒိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းအောင်ပြောစမ်းပါ"

"လူသတ်မှုဖြစ်လို့ ကိုကွန်းရဲ့"

"ဟင်"

"ဟာ"

"ကိုယ်ကျိုးတော့ နည်းကုန်ပါပြီရှင်။ ကျွန်မသမီးလေးကို ကယ်ပါဦးကိုကွန်းရယ်"

"လူသတ်မှုဖြစ်တယ် ဟုတ်လား"

"ဟုတ်တယ် ... ဟီး ဟီး"

"အခု သူက အသတ်ခံရတာလား တမာ"

ဒေါ်တမာချို ခေါင်းကို ခါယမ်းလိုက်ပြီး –

"မဟုတ်ဘူး သမီးက သူချစ်သူကောင်လေးကို သူ့အပေါ် သစ္စာဖောက်လို့ဆိုပြီး သတ်ပစ်လိုက်တာတဲ့။ အခုပဲ စုမြတ် ဖုန်းဆက်ပြီးပြောတာ။ ကိုယ်ကျိုးတော့နည်းကုန်ပါပြီရှင်"

"အဲဒါ ... မင်းဆိုနေရုံနဲ့ မပြီးဘူးလေကွာ။ လိုက်သွားမှဖြစ်မှာပေါ့"

"ဟုတ် ... ကျွန်မ အခုပဲလိုက်သွားမလို့ပါ"

"ဒါဆို သွားမယ် ... လာ"

ဦးကွန်းဇော်နှင့် ဒေါ်တမာချို ချက်ချင်းပဲ ထွက်သွားကြလေ





တော့သည်။ ဒေါ်တမာချိုတစ်ယောက် အရူးမီးဝိုင်းဖြစ်သွားပုံကို ကြည့်ပြီး နွေရိပ် မဲ့ပြုံးပြုံးလိုက်မိသည်။ ဒီလို မဲ့ပြုံးမျိုး နွေရိပ် ပြုံးတတ်အောင် သင်ပေးခဲ့တာ သူတို့သားအမိပဲပေါ့။

သူတို့လောက် နွေရိပ်က စိတ်ထားမယုတ်ညံ့တော့ ပြောဖို့ ရင်ထဲမှာတေးမှတ်လာတဲ့ စကားလုံးတွေကို မပြောတော့ပါဘူး။ ကိုယ်ချင်းစာလို့ပဲပေါ့လေ။ သူများကို ဖျက် ကိုယ်အရင်ပျက်တဲ့။ ဒီစကားဟာ သိပ်မှန်တာပါပဲလား။ နွေရိပ်ဘဝကို ဖျက်ဆီးဖို့ ကြိုးစားခဲ့လို့ အခု သူ့သမီးဘဝ အရင်ပျက်သွားပြီလေ။

အဲဒါ ...

ဝဋ်လည်တာပဲ ဒေါ်တမာချို။ နွေရိပ်ဘဝလည်း ပျက်တော့ ပျက်ခဲ့ပါပြီ။ ရှင်လည်း တူသောအကျိုးပေးတာ ခံလိုက်ရပြီဆိုတော့ နောက်နောင်ဆိုတဲ့အချိန်တွေမှာ ရှင် သားသမီးချင်း ကိုယ်ချင်းစာတတ်ပါစေလို့ ကျွန်မ ဆုတောင်းပေးပါတယ် ဒေါ်တမာချို။

"ကလေး"

"နွေရိပ်"

နွေရိပ် လှည့်ကြည့်လိုက်တော့ ဒေါ်ထွေးနှင့် မျိုးပါ။

"တမာ အရူးမီးဝိုင်းဖြစ်နေပုံကိုကြည့်ပြီး ဒေါ်ထွေး ဖိုက်ကောင်းလိုက်တာကွယ်။ အရင်က သူ့အပေါ် ဘယ်လိုပဲ ပြုခဲ့ပါစေ



www.burmeseclassic.com

www.burmeseclassic.com



ခုလိုကျတော့ မိခင်ချင်း ကိုယ်ချင်းစာစိတ်နဲ့ သနားမိတာ အမှန်ပဲ ကွယ်''

''ဟုတ်တယ် ဒေါ်ထွေး။ နွေရိပ်လည်း သူ့ကို ဟက်ပက်စက် စက်ပြောပစ်ဖို့ စကားလုံးတွေ သယ်ဆောင်ပြီး ပြန်လာခဲ့တာ။ အခု တော့ မပြောတော့ပါဘူး။ နောက်လည်း ဘယ်တော့မှ မပြောတော့ ဘူး။ ကိုယ်ပြုသည့်ကံ ကိုယ်သာခံရမှာပါ''

''မှန်တယ် နွေရိပ်၊ မျိုးလည်း နွေရိပ်ကို တောင်းပန်ပါရစေ''

နွေရိပ်ကြည့်လိုက်တော့ မျိုး မျက်လွှာချသွားလေသည်။

''ဘာအတွက် တောင်းပန်ချင်တာလဲ မျိုး''

''အရင်က မျိုး နွေရိပ်အပေါ်မှာ မချေမငံ ဆက်ဆံမိတာတွေ အတွက်ပါ။ အဲဒီတုန်းက သူတို့သားအမိနှစ်ယောက်လုံး မျိုးကို မုန့်ဖိုး ပေး အဝတ်အစား ဝယ်ပေးနဲ့ စည်းရုံးထားတာလေ။ မျိုးလည်း အဲဒါတွေကို မက်မောမိခဲ့ပါတယ်။ အဲဒါကြောင့် သူတို့မြှောက်ပေးတိုင်း နွေရိပ်ကို အကောင်းမမြင်ဘဲ မချေမငံ ဆက်ဆံမိခဲ့တာပါ။ မျိုး အခု နားလည်သွားပါပြီ။ နွေရိပ်ကို တောင်းပန်ပါတယ်၊ မျိုးကို ခွင့် လွှတ်ပါနော်''

မျိုး လှိုက်လှိုက်လှဲလှဲနဲ့ တောင်းပန်နေတဲ့ စကားလုံးတွေက ရှည်လျားစွာ။





''ပြီးခဲ့တာတွေ ထားလိုက်ပါတော့မျိုးရယ်။ နွေရိပ် အမှတ် မထားပါဘူး။ အမှားသိလို့ အမှန်ပြင်တာကို နွေရိပ် ခွင့်လွှတ်ပါတယ်''

''ဝမ်းသာလိုက်တာ နွေရိပ်ရယ်''

မျိုး နွေရိပ်လက်ကို ဆုပ်ကိုင်ပြီး ဝမ်းသာလွန်းလို့ မျက်ရည် များတောင် လည်မိပါသည်။

''တွေ့လားမျိုး။ ငါ့ကလေးက တကယ်စိတ်ထားဖြူစင်တဲ့ မိန်းကလေးပါအေ''

''မျိုးသိပါပြီ ဒေါ်ထွေးရယ်။ မျိုးလေ နွေရိပ်ကို ပြောပြစရာ တွေ ရှိသေးတယ်''

''ဘာများလဲ မျိုးရဲ့''

''တကယ်တော့ ဦးကွန်းရဲ့ပိုက်ဆံတွေပျောက်သမျှ အလက်ာ ယူခဲ့တာပါ''

''ထင်ပါတယ်''

''ပြီးတော့ အလက်ာက သူ့ချစ်သူကောင်လေးကို ပေးနေတာ လေ။ မျိုးကိုယုံတော့ သူ အကုန်ပြောပြတယ်။ အခု အဲဒီလူက သစ္စာဖောက်လို့တဲ့။ အခုသတ်လိုက်တယ်ဆိုတာ အဲဒီတစ်ယောက်ပဲ ဖြစ်မှာပါ။ အချစ်ကြီးလို့ အမျက်ကြီးသွားတာပေါ့''

ဒါတင်မကဘဲ မျိုးက ဒေါ်တမာချိုတစ်ယောက် နွေရိပ်



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို ပျက်စီးလို၍ လုပ်ရှားပြီး ဘဝပျက်ခိုင်းတာကအစ ပြောပြလေတော့သည်။ နွေရိပ်က သိထားပြီးသားမို့ မအံ့ဩပေမယ့် –

ဒေါ်ထွေးကတော့ မျိုးပြောပြသမျှ နားထောင်ပြီး အံ့ဩစွာနှင့် ဟင်ခနဲ ဟယ်ခနဲ ဖြစ်သွားသည်သာ။ မျိုး စကားဆုံးသွားလေတော့ –

"အဲဒါ တူသောအကျိုးပေးတာပဲ။ သူများအရင် ဖျက်၊ ကိုယ်အရင်ပျက်တဲ့။ အခု သူ့သမီးဘဝ ပျက်သွားပြီလေ။ ဪ လူတွေ လူတွေ တရားကျဖို့ကောင်းလိုက်တာ"

"ဟုတ်တယ် ဒေါ်ထွေး၊ အခု ဒေါ်တမာချိုက သူပြုတဲ့ကံ သူ့ထံပြန်သွားတာပါ"

နွေရိပ်ရင်ထဲမှာ ရှုခနဲ နာကျင်သွားလေတော့သည်။ ကိုယ်ကရော ဘဝမပျက်ခဲ့လို့လား။ ကြည်ဖြူစွာပေးဆပ်ခဲ့ပေမယ့် ပျက်သွားတာပဲလေ။ ကိုယ့်ဘဝပျက်သွားတာက လူမသိ သူမသိ။ ဝဋ်ကြွေးရှိလို့ ဆပ်ရတယ်လို့ပဲ သတ်မှတ်ပါတယ်လေ။

"ကဲပါ ပြောမနေကြနဲ့တော့။ သူ့ကွယ်ရာပြောရင် သူ့အတင်းပဲ၊ ကိုယ်လုပ်စရာရှိတာပဲ လုပ်ကြပါ"

"ကလေး လန်းသွားအောင် ရေချိုးလိုက်ပါလား"

"ဟုတ် . . . ချိုးမလို့ပါ"





"အဲဒါဆို သွားချိုးလေ"

"ဟုတ်ကဲ့ ဒေါ်ထွေး"

လှည့်ထွက်သွားတဲ့ နွေရိပ်ရဲ့ကျောပြင်ကိုကြည့်ပြီး ဒေါ်ထွေးနဲ့မျိုး ခေါင်းတညိတ်ညိတ်နှင့်သာ။

"နွေရိပ်က တကယ့်ကိုပဲ စိတ်ထားဖြူစင်ပြီး မြင့်မြတ်တဲ့ မိန်းကလေးပါ"

"ငါက အစကတည်းကသိတယ်လေ။ နင်ပဲမသိတာ"

"ဪ . . . ဒါကတော့ ဒေါ်ထွေးရယ်၊ ဒေါ်ထွေးက အစကတည်းက ဒီအိမ်ကလူခံကိုး။ မျိုးက ဒေါ်တမာချိုခေါ်လို့ နောက်မှရောက်လာတဲ့သူဆိုတော့ ဘယ်သိမှာတဲ့လဲ"

ဒါလည်း ဟုတ်တာပါပဲလေ။ မက်လုံးတွေလည်း ပေးတော့ လူငယ်ဆိုတော့ကာ မက်တာမဆန်းဘူးပေါ့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဟင်"

တိုက်ခန်းတံခါးသော့ခတ်ထားတာကိုကြည့်ပြီး နက္ခတ်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားလေသည်။ နေ့ရိုပ် တစ်နေရာရာကို သွားရင်တောင် ဒေါ်ထွေးက အမြဲတမ်းကျန်ခဲ့တာပဲဟာ။ အခု သော့ခတ်ထားတယ်ဆိုတော့ နှစ်ယောက်စလုံး မရှိလို့ပေါ့။ ဘယ်များသွားကြပါလိမ့်။

"ကို ကို"

"‐‐‐‐‐"

"ကို မ"

သွေးက ကို မနဲ့ခေါ်ပြီး သူ့လက်ကိုယူကာ လှုခေါ်ဘဲလ်ကို





နှိပ်ခိုင်းနေသည်။ မမနဲ့တွေ့ချင်နေပြီဆိုတဲ့ သဘောပေါ့။ နက္ခတ်ခေါင်းကုတ်လိုက်ကာ –

"ဒါကိုနှိပ်တော့ရော ဘာထူးမှာလဲ သွေးရဲ့။ အထဲမှာ တံခါးလာဖွင့်ပေးမယ့်သူမှ မရှိတာ"

"ဟင်"

ဒါကျတော့ သိသည်။ သွေး ချက်ချင်း မျက်နှာညှိုးသွားပြီး

"မ မ"

သော့ခတ်ထားတာကိုကြည့်ပြီး မ မနှင့် ခေါ်နေတာ သွေးကိုလည်းသနား။ ကိုယ့်ရင်ထဲမှာလည်း ဘာတွေ ခကုန်မှန်းမသိတော့ပေ။

"မ မ"

သွေးက ခေါ်ပြီး မျက်ရည်တွေကျလာလေလျှင် –

"ဟာ . . . သွေး။ မငိုရဘူးလေကွာ။ သူတို့က ရှိမှမရှိတာ ဘယ်လိုလုပ်မလဲကွ။ နေဦး ငါ ဟိုဘက်အခန်း လူတွေကို မေးကြည့်လိုက်ဦးမယ်"

"အိ အိ မ ဟီး"

"မငိုပါနဲ့ဆိုကွာ။ မင်းငိုရင် ငါ ရှာမပေးတော့ဘူးနော်"

သူပြောတော့ သွေးက ချက်ချင်းမျက်ရည်တွေကို သုတ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သံယောဇဉ်ကြိုးက အဲဒီလောက်တောင် ခိုင်မာသွားခဲ့သလား။ ကိုယ်က ပိုဆိုးတာပေါ့။ နွေရိပ်ကို တကယ်ချစ်မိသွားသည်နှင့်အမျှ ကိုယ်လုပ်ခဲ့တဲ့အလုပ်အတွက် နကွတ် နောင်တတွေ အကြီးအကျယ် ရခဲ့ပါပြီ။

တကယ်ဆိုရင် –

နွေရိပ်က ကိုယ်နဲ့ ဘယ်လိုမှမထိုက်တန်တဲ့ တော်ဝင်ပန်းတစ်ပွင့်ပါ။ ဒါပေမဲ့ ကိုယ်က ခြွေခဲ့မိပြီဆိုတော့ ကိုယ့်တာဝန် ကိုယ်ယူရမှာပေါ့။

"ဒေါက် ဒေါက် ဒေါက်"

"ဟင်"

ဒေါက်ဖိနပ်သံကြောင့် နကွတ်မျှော်လင့်ကြီးစွာနှင့် လှည့်ကြည့်လိုက်မိသည်။ နွေရိပ် ပြန်လာလေသလားပေါ့။ နွေရိပ် မဟုတ်လို့ အခြားသူဆိုရင်လည်း စုံစမ်းကြည့်လို့ရနိုင်မလားဆိုတဲ့ အတွေးနှင့်ပါ။ ဒေါက် ဒေါက်သံပေးလာတဲ့ ဒေါက်ဖိနပ်ပိုင်ရှင် လူလုံးပေါ်လာပြီဆိုတော့ –

"ဟင်"

မျက်နှာကိုမြင်လိုက်တာနှင့် နကွတ် တချွေချွေခြောက်ခံလိုက်ရသလိုပါ။ သူမကတော့ နကွတ်ကိုမြင်ပြီး အံ့သြတုန်လှုပ်မှုကင်းမဲ့စွာနှင့်





မဲ့ပြုံးတစ်ချက် ပြုံးလေသည်။ ဆုံမှဆုံတတ်လေပါ့နော်။

"လက်စသတ်တော့ မင်းကိုး။ ငါ့ကိုတော့ မှတ်မိမယ် ထင်ပါတယ်။ မြသဥ္ဇာနွယ်ပါ။ အချစ်ဆိုတာကို ယုံပြီး မင်းရင်ခွင်ထဲမှာ ဘဝကို ပုံအပ်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်ပေါ့"

နကွတ် မျက်နှာလွှဲပစ်လိုက်မိသည်။ အခုချိန်မှာ ကိုယ်လည်း အချစ်ဆိုတာကို နားလည်နေပြီမို့ ကိုယ်ချင်းစာစွာ တောင်းပန်ချင်ပါသည်။

"ဘယ်လိုလဲ၊ အခု မင်း ကိုယ်ချင်းစာတတ်ပြီလား။ ဝဋ်မလည်သေးဘူးလား နကွတ်။ ဝဋ်ဆိုတာက အခုမလည်လည်း နောက်တော့ လည်မှာနော်။ တစ်နည်းမဟုတ် တစ်နည်းနဲ့ပေါ့"

"ကျွန်တော့်ကို မခနဲ့ပါနဲ့ မသဥ္ဇာ။ ကျွန်တော် ငွေမက်လို့မှားခဲ့တာကို ဝန်ခံပါတယ်။ အဲဒီအတွက် တောင်းပန်ပါတယ်ဗျာ"

"အဟွန်း"

မြသဥ္ဇာနွယ် နကွတ်ကို ခပ်စူးစူးကြည့်လိုက်ကာ –

"တောင်းပန်ပါတယ် ဟုတ်လား နကွတ်။ မင်း အဲဒီလို တောင်းပန်ရုံနဲ့ ငါ တန်ဖိုးထားခဲ့တဲ့ ငါ့ရဲ့အပျိုစင်ဘဝကတော့ ပြန်မရတော့ဘူးဆိုတာ"

"ကျွန်တော့်ကို မသဥ္ဇာကြိုက်တဲ့အပြစ်ပေးပါ။ လက်ထပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



က လွဲရင် သတ်လည်း ကျွန်တော် အသေခံဖို့မယ်''

''ဩော် . . . တော်တော် တရားတာပဲ။ ကျွတ် ကျွတ်''

သူ ဘယ်လိုပဲ ပြောပြော ခံရတော့မှာပေါ့။ နက္ခတ်မှာ ပြောစရာစကားမှ မရှိတော့ဘဲလေ။

''ဒီမှာနက္ခတ်''

''အခုအချိန်မှာ မင်းဘက်က လက်ထပ်ဖို့တောင်းဆိုလာရင်တောင် ငါ့ဘက်က လုံးဝ 'နိုး' ပဲ။ ဘာဖြစ်လို့လဲသိလား။ မင်းလို စိတ်ဓာတ်အောက်တန်းကျတဲ့သူမျိုးကို ငါ့ရဲ့ခင်ပွန်းအဖြစ် ဘယ်တော့မှ ပွဲထုတ်ပြီး စင်မြင့်မှာ မတင်ချင်လို့ပဲ။ တူသောအကျိုးတော့ ပေးတယ်ကွ''

''ဟုတ်ပါတယ်၊ အခု ကျွန်တော်လည်း ဝဋ်လည်နေပါပြီဗျာ''

''တကယ်လား''

နက္ခတ် ကျေနပ်စွာနှင့် ခေါင်းညိတ်ပြလေသည်။ သူမက ဝဋ်လည်စေချင်နေတာဆိုတော့ အမှန်ကိုသိပြီး ကျေနပ်ပါစေတော့။

''ငါ ကျေနပ်တယ် နက္ခတ်''

''ကို ကို''

''ဟင်''

''မ မ ဟီး''





မြသဉ္ဇာနွယ်က သွေးကို တစ်ချက်သာငဲ့ကြည့်ပြီး ကျောခိုင်းသွားလေတော့သည်။ ဘယ်သူဘယ်ဝါ သူမ စိတ်မဝင်စားတော့ဘူးလေ။

သွေးက –

နက္ခတ်လက်ကို ကိုင်လှုပ်ပြီး မ မနှင့်ခေါ်ပြီး ငိုပဲငိုနေသဖြင့် နက္ခတ် နွေရိပ်နေခဲ့တဲ့အခန်းကို လှမ်းမော့ကြည့်ပြီး ထွက်လာခဲ့ရတော့သည်သာ။ လမ်းရောက်လို့ ဖုန်းဆက်ကြည့်တော့ ဖုန်းဝင်ပြီး မကိုင်ပေ။

''ဒါဆို နွေရိပ်ကရော ကြေး ဘယ်လောက်လဲနက္ခတ်။ ဟို တစ်ယောက်မေးသလို ကြေးလေးလား ကြေးကြီးလား''

နွေရိပ်ပြောဖူးတဲ့စကားကို ကြားယောင်မိတော့ ရင်ထဲမှာ နင့်နင့်သည်းသည်းကြီးပါ။ ချစ်တယ်ဆိုပြီး ဘာလို့ ရှောင်သွားတာလဲ နွေရိပ်ရယ်။ ကိုယ့်ကို ကြေးစားအသည်းခွဲနက္ခတ်ဆိုပြီး ရှေ့မဆက်ချင်လို့လား။

''နက္ခတ်ပြုပြင်မယ်ဆိုရင် နွေရိပ် ခွင့်လွှတ်နိုင်ပါတယ်။ နွေရိပ် ဖတ်ဖူးတာလေး ရှိတယ်။ ရေးတဲ့သူကိုတော့ မမှတ်မိတော့ဘူး။ အတိတ်ကိုပဲ ကြည့်ပြီး မဆက်ဆံပါနဲ့။ အတိတ်မှာပဲ အဲဒီလူက ရပ်နေမှာ မဟုတ်လို့ပါတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နွေရိပ်က"

"ဘယ်အရာမဆို လက်တွေ့ကျချင်တဲ့နွေရိပ်ကို ချစ်လားလို့ မမေးပါနဲ့ နက္ခတ်။ တစ်နေ့နေ့ နက္ခတ် သိလာပါလိမ့်မယ်"

နွေရိပ်က လက်တွေ့ကျချင်တယ်တဲ့။ ကိုယ့်ကို ချစ်တဲ့ အကြောင်း ဘဝနဲ့ရင်းပြီး သက်သေပြသွားတာလား။ သက်သေပြတာ ဆိုရင် -

အခု -

ဘာလို့ရှောင်ထွက်သွားရတာလဲ နွေရိပ်ရယ်။

❑❑❑



## အခန်း (၃၃)

နွေရိပ်တို့ တစ်အိမ်သားလုံး နွေရိပ်ပျောက်လို့ လိုက်ရှာနေကြတာ ပျာယာခတ်လို့ပါ။ တစ်အိမ်လုံး ဘယ်မှာမှ ရှာလို့မတွေ့။ ဘာကြောင့် ဘယ်ကိုသွားမှန်းလည်းမသိကြပေ။ ဒေါ်တာမာချိုကတော့ သူ့သမီးကို သွားတွေ့ဖို့ အချိန်နှောင့်နှေးသွားသဖြင့် စိတ်ညစ်နေသည့်ပုံပါ။

"မျိုး တွေ့လား"

"မတွေ့ဘူးဒေါ်ထွေး။ ဒေါ်ထွေးရော မတွေ့ဘူးလား"

"ဟဲ့ . . . ငါမတွေ့လို့ နင့်ကိုမေးနေတာပေါ့"

"ကျွတ် ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ လုပ်မနေနဲ့။ သူ့သူငယ်ချင်းတွေဆီ ဖုန်းဆက်မေးကြည့်မှဖြစ်မယ်"

"ဒေါ်ထွေးက ဖုန်းနံပါတ်တွေသိလို့လား"

"အေး ... အဲဒါလည်း ဟုတ်တာပဲ။ စိတ်ညစ်လိုက်တာဟယ်။ သေသာသေလိုက်ချင်တော့တာပဲ"

"သေတော့ မသေပါနဲ့ဦး။ သူ့အခန်းထဲမှာ သဲလွန်စလေးဘာလေး ရှာရအောင်၊ လာ သွားမယ်"

"အေး ... အေး"

နှစ်ယောက် အပေါ်ထပ်သို့ ခပ်သုတ်သုတ်တက်ခဲ့ကြပြန်သည်။ လှေကားအကွေ့မှာ ဦးကွန်းဇော်နှင့် ဆုံကြလေတော့-

"နင်တို့ရော ရှာလို့မတွေ့ဘူးလား"

"မတွေ့ဘူး ဦးကွန်း"

"ကျွတ်"

"အခု သဲလွန်စလေးဘာလေးများ တွေ့မလားလို့ သူ့အခန်းထဲကို သွားရှာမလို့ပါ"

"ဘာသဲလွန်စလဲ"

"ဟို စာတွေ ဘာတွေများ ရေးထားခဲ့မလားလို့"

"သွား သွား ... မြန်မြန်သွားရှာကြ"





သမီးကို ရှာလို့မတွေ့တော့ ဦးကွန်းဇော် ငယ်ထိပ်မြွေကိုက်နေပြီလေ။ သူ့မှာ သမီးလေးတစ်ယောက်ပဲရှိတာ။ တစ်ခုခု ဖြစ်ရင် ကိုယ်ပဲရင်ကျိုးရမှာလေ။ သမီးက ရန်ကုန်မြို့ကလွဲရင် တစ်ယောက်တည်း အခြားဒေသတွေကို မသွားဖူးပေ။ သူစီးတဲ့ကားက အိမ်မှာဆိုတော့ ဒါ ခြေရာဖျောက်သွားတာများလား။

ဘာဖြစ်လို့လဲ သမီးရယ်။

သမီးလေး ဘာတွေ ဘယ်လောက်တောင် ခံစားနေရလို့လဲ။ တမာချိုတို့ကြောင့် ဆိုရင်တော့ သူ ပြတ်ပြတ်သားသား ဆုံးဖြတ်မှဖြစ်တော့မည်။

"ကိုကွန်း"

"-----"

"ကိုကွန်း"

"ဘာလဲဟာ"

"သမီးကိုသွားတွေ့ဖို့ နောက်ကျနေပြီ ကိုကွန်းရဲ့"

"ငါ့ကိုစောင့်မနေနဲ့။ မင်း ကိုယ့်ဘာသာကိုယ်ပဲ ဖြစ်သလိုသွားတော့။ ငါလည်း ငါ့သမီးပျောက်လို့ ဒီလောက် သောကရောက်နေတာ။ မင်း ကိုယ်ချင်းစာတတ်ဖို့တော့ ကောင်းတယ်"

ဒေါ်တမာချို မျက်ရည်လေး ဝေ့ဝေ့နှင့် ခင်ပွန်းဖြစ်သူကို



www.burmeseclassic.com

www.burmeseclassic.com



မော့ကြည့်ကာ–

"တမာ ကိုယ်ချင်းစာတတ်ပါပြီ ကိုကွန်းရယ်။ ရှာပါ၊ ကိုကွန်း နွေရိပ်ကိုတွေ့အောင်ရှာပါ။ တမာလေ၊ နွေရိပ်အပေါ် သမီးချင်း ကိုယ်ချင်းစာပြီး ကိုယ့်သမီးလေးအရင်းလို သဘောထားပါ့မယ်လို့ ကတိပေးပါတယ်ရှင်"

ဒေါ်တမာချို ဒီစကားကို တကယ့်စိတ်ရင်းခံနဲ့ ပြောတာပါ။ သူမ နားလည်သွားပြီလေ။ သူများကို မကောင်းကြံရင် ကိုယ်အရင် ဘေးဒဏ်ထိတယ်ဆိုတာကိုပေါ့။ မယုံကြည်လို့ မရအောင်ကိုပဲ အဖြစ်အပျက်တွေက လက်တွေ့သင်ခန်းစာပေးသွားခဲ့တာပါ။

နွေရိပ်ကို ပျက်စီးရာပျက်စီးကြောင်း မကောင်းကြံခဲ့လို့ အခု ကိုယ့်သမီးလေး ဒုက္ခရောက်နေပြီ။ ဒါ တူသောအကျိုးပေးခြင်းပေါ့။

"တမာ ကိုယ့်ဘာသာကိုယ်ပဲ သွားလိုက်ပါ့မယ် ကိုကွန်း။ တမာ့ကို ခွင့်ပြုပါဦး"

ဦးကွန်းဇော် ခေါင်းပဲညိတ်ပြလိုက်မိသည်။ သူမကိုယ်တိုင်လည်း သူမ သမီးအတွက် သောကရောက်နေသည်ဆိုတော့ တကယ် နောင်တရနေပြီ ထင်ပါရဲ့။ လူတွေက ကိုယ်တိုင်ကြုံဖူးမှ ပိုပြီး ကိုယ်ချင်းစာတတ်ကြတာပါ။

"မောင်ကွန်း၊ မောင်ကွန်းရေ၊ ဒီမှာ ဖုန်းတော့တွေ့တယ်ကွဲ့။





နွေရိပ် ဖုန်းထားခဲ့တယ်"

"ဟင်"

"ဖုန်းထဲမှာ သူ့သူငယ်ချင်းတွေ ဖုန်းနံပါတ်ရှာပြီး ဆက်ကြည့်ပါဦးကွယ်"

"ပေး ပေး"

ဦးကွန်းဇော် ဖုန်းကို အမြန်ယူပြီး နာမည်ရိုက်ထားတာတွေကိုကြည့်လိုက်တော့ မြူဆိုတဲ့နာမည်ကို တွေ့တာနှင့် နှိပ်လိုက်သည်။ မြူဆိုတာ သမီးရဲ့အရင်းနှီးဆုံးသူငယ်ချင်း မြူဝေနှင်းပဲ ဖြစ်မှာပေါ့။

"ဟယ်လို"

"အေး ... သမီး အန်ကယ်လ်က နွေရိပ်ရဲ့ဖေဖေ ဦးကွန်းဇော်ပါကွယ်"

"ဩော် ... နွေရိပ်က ဖုန်းထားခဲ့တာလား။ အန်ကယ်လ်"

"ဟုတ်တယ် သမီး။ နွေရိပ် ဘယ်သွားတာလဲ သမီး သိလား။ သိရင်ပြောပြပါ သမီးရယ်။ အန်ကယ်လ်ကိုသနားပါ။ သမီးလေးကို စိတ်ပူလွန်းလို့ပါ"

"ဟုတ်ကဲ့ ... မြူပြောပြပါ့မယ် အန်ကယ်လ်"

"----"

"သူ မြောင်းမြကို သွားမယ်လို့ ပြောတယ် အန်ကယ်လ်"



www.burmeseclassic.com

www.burmeseclassic.com



"မြောင်းမြ"

"ဟုတ်"

မြောင်းမြဆိုတာက နွေရိပ်အမေရဲ့ အမျိုးတွေရှိတဲ့နေရာပါ။ ဒါဆို ဒဂုံရောအဝေးပြေးကိုသွားမှာပေါ့။

"သမီး အခုပဲ သူ့ကို ဒဂုံရော အဝေးပြေးလိုက်ပို့လိုက်တာပါ အန်ကယ်လ်။ အခု မြို့ လမ်းမှာပဲရှိပါသေးတယ်"

"ကျေးဇူးပါ သမီးရယ်။ ကျေးဇူးပါနော်"

ဦးကွန်းဇော် ဖုန်းချပြီး ကားသော့သွားယူလိုက်သည်။ သမီး နောက်ကို လိုက်သွားမည်ပေါ့။ ကားသော့ယူပြီး ပြန်အလှည့်မှာ ခေါင်း ထဲမှာ မိုက်ခနဲ ဖြစ်သွားလေသည်။

"အား"

"ဟင်"

"မောင်ကွန်း"

"ဦးကွန်း"

ဒေါ်ထွေးနဲ့မျိုး အခြေအနေကို ရိပ်မိပြီး တစ်ယောက် လက် မောင်းတစ်ဖက်စီ ပြေးကိုင်ပြီး ထိန်းပေးလိုက်ကြသည်။ ဦးကွန်းဇော်က လက်ကာပြီး ရတယ်ဆိုပေမယ့် -

"မောင်ကွန်း . . . ခဏထိုင်ပြီး အနားယူလိုက်ပါလားကွယ်"





"ရ ရပါတယ်"

"မရနဲ့လေ ဦးကွန်းရဲ့။ ဒီလောက်ဖြစ်နေတာကို"

"ဒေါ်ထွေး ဘာဖြစ်လို့လဲ"

အနားရောက်လာတဲ့အသံပိုင်ရှင်ကို ဒေါ်ထွေး မော့ကြည့် လိုက်တော့ -

"ဟင် နက္ခတ်"

"ဘယ်သူ့ကိုမှ ခွင့်မတောင်းဘဲ ဝင်လာမိတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ် ဒေါ်ထွေး။ ခြံတံခါးက ပွင့်နေလို့ ဝင်လာမိတာပါ"

"ရပါတယ်ကွယ်"

"ဒါနဲ့ အန်ကယ်လ်က ဘာဖြစ်လို့လဲ ဒေါ်ထွေး"

ဒေါ်ထွေး သက်ပြင်းချလိုက်ပြီး -

"ခေါင်းထဲမူးသွားတာ ထင်ပါတယ်။ သူလည်း သမီးစိတ် ဟိုစိတ် ဒီစိတ်နဲ့ တော်တော်ပင်ပန်းနေပါပြီ။ နွေရိပ် အိမ်ကနေ ထွက် သွားလို့ နက္ခတ်"

"ဗျာ"

"မြောင်းမြကိုသွားမယ်လို့ သတင်းရထားတယ်။ အဲဒါ အခုပဲ ဒဂုံရော အဝေးပြေး မောင်ကွန်းလိုက်သွားမလို့ လုပ်နေတုန်း ခုလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာ''

နက္ခတ် ရင်ဘတ်ကို အလေးတစ်ခုနဲ့ ဖိချလိုက်သလို ခံစားလိုက်ရသည်။

ဘာလို့ ထွက်သွားချင်ရတာလဲ နွေရိပ်ရယ်။ မင်းကို ကိုယ် ထွက်သွားခွင့်မပြုနိုင်ဘူး နွေရိပ်။

''ဟာ . . . ဒါဆို နွေရိပ်နောက်ကို အမီလိုက်သွားမှ ဖြစ်မှာ ပေါ့''

''ဟုတ်တယ် နက္ခတ်''

''ဒါဆို ကျွန်တော် အခုပဲလိုက်သွားလိုက်မယ် ဒေါ်ထွေး''

''မထွေး''

''ပြောလေ မောင်ကွန်း''

ဦးကွန်းဇော် ကားသော့ကို လှမ်းပေးကာ –

''သူ့ကို ကားသော့ပေးလိုက်ပါ''

''အေး . . . အေးပါ''

နက္ခတ် ကားသော့ကိုယူပြီး သုတ်သီးသုတ်ပျာနှင့် ထွက်သွား လေလျှင် –

''နက္ခတ်''

''_____''





''ကားကို သတိနဲ့မောင်းနော်သား။ စိတ်မလောနဲ့''

''ဟုတ်ကဲ့''

နက္ခတ် ကားပေါ်တက်ပြီး မောင်းထွက်လာခဲ့တော့သည်။

ဘယ်ကိုရှောင်ထွက်သွားမလို့လဲ နွေရိပ်ရယ်။ မင်း ဘယ်မှမသွားပါနဲ့။ ကိုယ့်ရင်ခွင်က မင်းအတွက်ပဲ ဖြစ်စေရမယ်။ ကိုယ့်ကိုမထားခဲ့ပါနဲ့။ ကိုယ့်ဘဝမှာ မင်းမရှိရင် မဖြစ်လို့ပါ နွေရိပ်ရယ်။

မင်းက ကိုယ့်ဘဝ –

ကိုယ့်ကမ္ဘာပါ။

ကိုယ်ကတော့ မင်းရဲ့ကမ္ဘာထဲမှာ မှိန်ဖျော့ဖျော့အလင်းရောင် ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ ကိုယ့်ကိုကြိုးစားခွင့်ပေးပါ။ ကိုယ် အထွန်း တောက်ဆုံး နေမင်းကြီးဖြစ်တဲ့အထိ ကြိုးစားမယ် နွေရိပ်။ ဒါ နွေရိပ် ဘဝကို အပူပေးဖို့ မဟုတ်ဘူး။ အလင်းရောင်ပေးချင်လို့ပါ။

နွေရိပ်

နွေရိပ်

နွေရိပ်

''နွေရိပ်''

စိတ်ထဲမှ တဖွဖွခေါ်ရတာ အားမရသလို နှုတ်မှ ဖွင့်ဟခေါ် လိုက်မိသည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်ထဲမှာ –

၁၅၀၀ အချစ်မရှိဘူးလို့ ထင်ခဲ့တာ။ ရှိလာပြီဆိုတော့ ၁၅၀၀ မကတဲ့ ၂၀၂၈ ချစ်ခြင်းတို့ဖြင့်သာ ရင်မှာ ရသမျိုးစုံ ခံစားနေရပြီလေ။

❑ ❑ ❑



## အခန်း (၃၄)

နွေရိပ် . . .

ကားမထွက်သေးသဖြင့် ထိုင်နေရာမှ သွားလာနေတဲ့လူတွေကို ဘာရယ်မဟုတ် လိုက်ကြည့်နေမိသည်။ ဈေးသည်တွေကလည်း သူတို့ရောင်းတဲ့ ပစ္စည်းတွေကို မျက်နှာရှေ့လာပြပြီး ရောင်းနေကြတာ အလုအယက်ပါ။ နွေရိပ် ကိုယ့်တာသာကိုယ် စိတ်ညစ်ပြီး တွေးချင်ရာတွေး ငေးချင်ရာငေးနေတာမို့ ဘာတစ်ခုမှ မဝယ်ပေ။

"ခရီးသည်တွေ စုံပြီလား။ ကားထွက်တော့မယ်။ ကားပေါ်သို့ တက်နိုင်ကြပါပြီ ခင်ဗျာ"

နွေရိပ်ကိုယ်လေး မတ်သွားလေသည်။ သူမလူတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



လှုပ်လှုပ်ရှုရှု ဖြစ်ကုန်ပြီမို့ နွေရိပ် ခရီးဆောင်အိတ်ကို ကိုင်ပြီး ထရပ်လိုက်မိတော့၏။ ပြီး ကားပေါ်တက်ရန် ထွက်လာခဲ့စဉ်မှာပဲ–

"ဟဲ့ သားငယ် ... ဘယ်ရောက်သွားပြီလဲ။ တင်တင် သားငယ်ရော။ ဒီကောင်လေး ဘယ်ရောက်သွားပါလိမ့်နော်"

"မုန့်ဝယ်ဆိုပြီး ထွက်သွားတာပဲ မမရဲ့။ ဟော ဟိုမှာ ပြန်လာပြီ"

"သားငယ် ဘယ်သွားနေတာလဲ။ ကားထွက်တော့မယ်။ ဒီကောင်လေးတော့လေ"

အမျိုးသမီးကရှေ့ကနေ ကိုရီးကားယား လုပ်နေသဖြင့် နွေရိပ်ရပ်နေလိုက်ရသည်။

"နွေရိပ်"

"––––"

"နွေရိပ်"

"ဟင်"

ကိုယ့်နာမည်ကို ခေါ်သံကြားလိုက်ရသည်မို့ နွေရိပ် ရင်ထိတ်သွားလေသည်။ တစ်ယောက်ယောက် လိုက်လာတာလား။ ဘယ်သူပါလိမ့်လို့ မျက်လုံးကလိုက်ရှာကြည့်နေစဉ် –

"နွေရိပ်"





"ဟင်"

အနားရောက်လာတဲ့လူကို မော့ကြည့်ပြီး နွေရိပ် အံ့သြသွားလေသည်။

"နက္ခတ်"

"ဒါ ဘယ်ကိုသွားမလို့လဲ"

နွေရိပ်ကမဖြေ။

"နွေရိပ် ဘယ်မှ မသွားရဘူး။ စိတ်ထင်တာ လျှောက်လုပ်မနေနဲ့ နွေရိပ်။ အခု နွေရိပ်ရဲ့ ဖွတ်တရွတ်ဆန်မှုကြောင့် နောက်မှာ ဘယ်သူဘာဖြစ် ကျန်ခဲ့လဲ သိလား"

"မသိဘူး၊ နွေရိပ် မသိချင်ဘူး"

"မသိချင်လည်း ပြောပြရမှာပဲ နွေ့ရိပ်။ နွေရိပ်ရင်ထဲမှာ ဘာတွေရှိနေလဲ၊ ဘာတွေ ခံစားနေရလဲ။ တစ်ယောက်ယောက်ကို ရင်ဖွင့်တိုင်ပင်တာ မရှိဘဲ ခုလိုလုပ်သွားတာတော့ မကောင်းပါဘူး"

"––––"

"မင်း ကိုယ့်ကို ဥပေက္ခာပြုချင်ပြုပါ။ အန်ကယ်လ်ကိုတော့ ဥပေက္ခာ မပြုသင့်ပါဘူး"

"ဟင်"

"အခု အန်ကယ်လ် ဆေးရုံတင်လိုက်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

နွေရိပ် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားလေသည်။ ဖေဖေ ဖေဖေ ဘာဖြစ်တာလဲ။

ဆေးရုံတင်လိုက်ရတဲ့အထိ ဖြစ်သွားတယ်လား။ ကိုယ့်ကြောင့်လားဆိုတဲ့ အတွေးက နောင်တနှင့်အတူ မျက်ရည်မြစ်နှစ်သွယ်က စီးဆင်းလုလုပါ။

"ဖေဖေ ဘာဖြစ်တာလဲဟင် နက္ခတ်"

"ဟိုရောက်ရင် သိရလိမ့်မယ်။ လာ ပြန်လိုက်ခဲ့"

နက္ခတ်က လက်ဆွဲခေါ်လေတော့ နွေရိပ်လိုက်သွားပြီး စိတ်ထဲမှာ သံသယဝင်မိသွားပြန်သည်။ နက္ခတ် သူမကို ညာခေါ်တာလားလို့ပေါ့။

ထို့ကြောင့် –

"နက္ခတ်"

"_____"

"ဖေဖေ ဆေးရုံတင်ထားရတယ်ဆိုတာ ဟုတ်လို့လား"

"အံမယ် . . . လူကို မယုံသင်္ကာနဲ့။ အခု ကျွန်တော်မောင်းလာတာ ခင်ဗျားတို့အိမ်ကကား။ ကျုပ်ကားတော့ မနိုးဘူး။ ခိုးချင်ရင် လူပဲခိုးမယ်။ နားလည်လား"





နွေရိပ် ဘာမှ ဆက်မပြောတော့ဘဲ လိုက်လာခဲ့ရာ မှန်ပါသည်။ ကားက နွေရိပ်တို့အိမ်က ဖေဖေစီးတဲ့ကားပါပဲ။ ဖေဖေတာ သူ့ကားကို အကြောင်းမဲ့ နက္ခတ်ကို ပေးစီးမှာမှ မဟုတ်တာ။ ထို့ကြောင့် ယုံကြည်စွာနှင့် –

ဖေဖေ့အတွက် စိုးရိမ်နေမိသည်သာ။ ဖေဖေ ဘာမှ မဖြစ်ပါစေနဲ့။

❑❑❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဟင် . . . ဘာဖြစ်လို့လဲ"

နက္ခတ် ကားကိုရပ်လိုက်သဖြင့် နွေရိပ် မေးလိုက်ခြင်းပါ။ ဖေဖေ့ကို စိုးရိမ်လွန်းလို့ ကားမောင်းတာကို နှေးတယ်လို့တောင် ထင်နေတာ။ ဒါကို သူက ကားရပ်လိုက်တော့ စိတ်တိုသွားမိသည်သာ။

"နက္ခတ်"

"-----"

"ကားကို ဘာလို့ရပ်လိုက်တာလဲ။ နွေရိပ် အိမ်ကို မြန်မြန် ရောက်ချင်နေပြီ။ ဖေဖေ့ကို စိုးရိမ်လို့ သေတော့မယ်၊ မောင်းပါ"





"ထားတုန်းက ထားသွားပြီး အခုမှ စိုးရိမ်မနေနဲ့။ ခင်ဗျား လေးအဖေ ဘာမှမဖြစ်ဘူး စိတ်ချ။ ကျုပ်သာ ရင်ကွဲပက်လက် မျက်ရည်ထွက်ပြီး သေတော့မယ်"

"ဟင်"

နွေရိပ် မျက်မှောင်လေးကြုတ်သွားကာ -

"ဒါဆို နက္ခတ်ညာတာပေါ့"

"ဟုတ်တယ် ညာတာ။ အန်ကယ်လ်က ခေါင်းမူးရုံပဲ။ အဲဒါကြောင့် ကိုယ်လိုက်လာတာ။ ခင်ဗျားလေးကို ဘယ်မှသွားခွင့်မပြုနိုင်လို့။ အန်ကယ်လ်ကလည်း ကားသော့ပေးလိုက်တယ်လေ။ သူမလိုက်နိုင်လို့ ကိုယ်လိုက်လာတာ"

"လူညာ"

"ညာမခေါ်ရင် မင်းက ပြန်လိုက်မှာမှ မဟုတ်တာ"

"ဒါဆို အခု ပြန်သွားမယ်"

"နွေရိပ်"

နွေရိပ် ကားတံခါးကို တွန်းဖွင့်မယ်လုပ်တော့ နက္ခတ် နွေရိပ် ကိုယ်လေး သိမ်းဖက်ထားလိုက်လေတော့သည်။

"ကိုယ့်ကို တကယ်ပဲထားခဲ့တော့မှာလား နွေရိပ်ရယ်"

"ဖယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ရှုံးတော့မယ်။ နွေရိပ်ကို အရမ်းချစ်တယ်"

"-----"

"နွေရိပ်ကြောင့် ကိုယ့်ဘဝအလင်းရောင်ရခဲ့တာပါ။ အခု ကိုယ် အရမ်းဖြူစင်သန့်ရှင်းချင်တယ်"

"ဒေါ်တမာချိုက ငွေထပ်ပေးလိုက်ပြီလား"

"ဟင်"

နွေရိပ်စကားကြောင့် နက္ခတ် လက်တွေပြေလျော့သွားလေတော့သည်။ ဒီကိစ္စကို နွေရိပ်သိနေတာလား။ ဘယ်လိုသိတာလဲ။

"သူဖြစ်စေချင်တဲ့အတိုင်း ဖြစ်သွားပြီဆိုတော့ နက္ခတ်ကို သူ ငွေထပ်ပေးရမှာပေါ့"

"နွေရိပ်"

နက္ခတ် နွေရိပ်ကိုယ်လေးကိုလွှတ်ပေးလိုက်လေတော့သည်။

"နွေရိပ်က ကိုယ့်ကို ငွေကြောင့် ဒီလောက်အဖြစ်သည်းပြုနေတယ်လို့ ထင်လိုက်တာကိုး။ အဲဒီအတွက် ကိုယ် အရမ်းဝမ်းနည်းတယ် နွေရိပ်။ ကိုယ် နွေရိပ်ကို တကယ်ချစ်ခဲ့တာပါ။ အခု ဒေါ်တမာချိုကို ကိုယ်သူပေးထားတဲ့ငွေတွေ ပြန်ပေးဖို့ ရှိစုမဲ့စုပစ္စည်းတွေ ရောင်းချထားပြီးပါပြီ။ နွေရိပ်နဲ့ ပတ်သက်မိမှ ကိုယ်လုပ်ခဲ့တဲ့အလုပ်အတွက် အရမ်းနောင်တရမိတာ တကယ်ပါ"





နွေရိပ်ကလည်း သူ့ကိုချစ်လို့မှ သူ့အဆင်ပြေဖို့အတွက် ဘဝနဲ့ရင်းပြီးပေးဆပ်ခဲ့သူပါ။

"ကိုယ့်ကို ပြင်ဆင်ခွင့်မပေးနိုင်ဘူးဆိုတာ ကိုယ်သိသွားပါပြီ။ အေးလေ၊ ကိုယ့်အတိတ်က မကောင်းခဲ့တော့ နွေရိပ် ဘယ်လက်ခံချင်ပါ့မလဲ။ ဒါ သဘာဝကျပါတယ်၊ ကိုယ့်အပြစ်ပါ"

သူ့အသံက တိုးလျသွားပြီး –

"မမီတဲ့ပန်းကို တံခုလှမ်းလို့ ခြေချော်ကျတာ တန်ပါတယ်။ နွေရိပ် ဘယ်မှမသွားပါနဲ့။ ကိုယ်ဒီနေရာမှာပဲ ဆင်းကျန်ခဲ့ပါ့မယ်"

"နက္ခတ်"

နက္ခတ် ကားပေါ်က ဆင်းမယ်လုပ်တော့ နွေရိပ်က သူ့လက်ကို ဖမ်းဆွဲထားလေသည်။

"နက္ခတ် ဆင်းကျန်ခဲ့စရာမလိုပါဘူး။ အိမ်ကို လိုက်ခဲ့။ နက္ခတ်ဆန္ဒရှိတယ်ဆိုရင် ဖေဖေနဲ့ တစ်ခါတည်းမိတ်ဆက်ပေးမယ်"

နွေရိပ်စကားကို နက္ခတ် နားမလည်နိုင်ပေ။ ကိုယ့်ဘဝမှန်ကို လက်မခံနိုင်ဘူးဆိုမှတော့ ဘာလို့ မိတ်ဆက်ပေးနေရဦးမှာလဲ။ ကိုယ်က သူများအသည်းကွဲမှ ပျော်ပျော်ကြီးစားသောက်ခွင့်ရတဲ့ လူယုတ်မာတစ်ယောက်ပါ။ အဲဒီအစွန်းအထေးတွေကို လျှော်ဖွပ်ဖို့ –

ကိုယ့်အတွက် ဘာတွေလိုအပ်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



အချိန် လုပ်အား ကြိုးစားမှု ဖွဲ့ လုံ့လ ဝီရိယ စသည် စသည်တို့နှင့် လျော်ဖွပ်ရဦးမည်။ ဒါတော်င် ကိုယ့်လိပ်ပြာ ကိုယ် မသန့်ချင်သည့်ဘဝနှင့် နွေရိပ်လို မိန်းကလေး လားလားမှ မထိုက်တန် ဘူးထင်ပါရဲ့။

“နေပါစေတော့ နွေရိပ်ရယ်။ ကိုယ်က နွေရိပ်ဘဝနဲ့ မထိုက် တန်သူပါ”

“ဘယ်သူက သတ်မှတ်တာလဲ မထိုက်တန်ဘူးလို့”

“ဟင်”

“နက္ခတ်ရဲ့နာမည်အရင်းက ဘယ်သူ”

“လနက္ခတ်ပါ”

“နွေရိပ် အသည်းခွဲနက္ခတ်ကို အလိုမရှိဘူး။ လနက္ခတ်ကို ချစ်တယ်”

“နွေရိပ်”

နက္ခတ် မျက်နှာဝင်းပသွားလေသည်။

“နွေရိပ်လေ၊ လရောင်အောက်မှာ အေးချမ်းချင်တယ်။ လရောင်ရဲ့အလင်းနဲ့ ခရီးဆက်ချင်တယ်။ နွေရိပ်ဘဝထဲကို အေးချမ်းမှု တွေပေးပါ နက္ခတ်”

ပြောပြီး နွေရိပ် နက္ခတ်ရင်ခွင်ထဲသို့ တိုးဝင်လေလျှင် နက္ခတ်





ဝမ်းမသာဘဲ နေပါ့မလား။ ကိုယ့်ဘဝက အညတြမို့ ရွှေတံချူနဲ့ ချူ သင့်တဲ့ပန်းကို ဝါးတံချူနဲ့ မချူချင်တာပါ။ အခု ပန်းကလေးက ကိုယ့်ရင်ခွင်ထဲ ကြွေကျလာပြီဆိုတော့လည်း –

“စိတ်ချပါ နွေရိပ်ရယ်။ ကိုယ့်ရင်ခွင်ထဲမှာ နွေရိပ်ဘဝ အေးချမ်းစေရပါ့မယ်။ အသည်းခွဲနက္ခတ်ဆိုတာ သေသွားပြီ။ လ နက္ခတ်ဆိုတဲ့ကောင်ပဲ နွေရိပ်ဘဝထဲမှာ အလင်းရောင်တွေ အစွမ်းကုန် နဲ့ ထိန်လင်းပါရစေ”

“အင်း . . . လင်းစေသတည်း”

“အရမ်းချစ်တယ်”

“ဘယ်လောက်ချစ်လဲ”

“နွေရိပ်လိုပဲ ကိုယ်လည်း လက်တွေ့ကျချင်တယ်”

“ဟင် . . . နက္ခတ်နော်၊ ဒီက သူ့အခက်အခဲကို ပြေလည် စေချင်တာကို”

“ကိုယ်က ဘာပြောလို့လဲ။ လက်တွေ့ကျကျ ကိုယ့်ဘဝကို ပြုပြင်ပြောင်းလဲပြီး ရိုးသားကြိုးစားဖို့ပြောတာကို”

“မသိဘူး”

နွေရိပ် ရှက်ရယ်လေးရယ်ပြီး ခေါင်းငုံ့ထားလေသည်။ အချစ် က လူတစ်ယောက်ရဲ့ဘဝကို အမှန်တကယ်ပဲ ပြောင်းလဲစေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ယုံလိုက်ပါပြီလေ။

အချစ်ကြောင့် ပျက်နေတဲ့ဘဝတွေ ပြောင်းပြီး အကောင်းဖြစ်လာနိုင်သလို အချစ်ကြောင့်ပဲ လူကောင်းတွေ ပြောင်းပြီး ပျက်တတ်တာကိုလည်း တွေ့ဖူး၏။ နက္ခတ်ကတော့ အချစ်ကြောင့် –

အပျက်ကပြောင်းပြီး လူကောင်းလေးဖြစ်တော့မှာပါလေ။

''အရမ်းချစ်တယ် နွေရိုင်ရယ်''

''နွေရိုင်လည်း နက္ခတ်ကို အရမ်းချစ်တယ်''

**ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက်**

**မိုးစက်ပွင့်**





## အသည်းကွဲပြတိုက်

ငါ့နှလုံးသားထဲက ချစ်ခြင်း
ခမ်းနားခြင်းလို့ ငါထင်ပေမယ့်
မကြင်သူ့ သူ့ရင်မှာတော့
သုသာန်တစပြင်လို
မြင်နေရဲ့ ထင်ပါရဲ့
ငါ့ဂုဏ်ရှိစိမ်းကားရက်တယ်လေ။
မဆိုချင်ဘူး အပြစ်စကား
မမြင်ရက်ဘူး သူ့အမှားလို့
ငါ့နှလုံးသား နားလည်ပေးလိုက်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



နားလည်သူ ငါ့ရင်မှာတော့
ဝေဒနာတွေနဲ့ လောင်ကျွမ်း
အသည်းကွဲပြတိုက်ကြီးတစ်ခု
ငါ့ရင်မှာ ဖြစ်တည်လို့ သွားပြီကွယ်။

'အသည်းကွဲပြတိုက်' ကဗျာကို ပေးပို့ပါသော မောင်လေး ကျော်ကျော် (ဘလက်) အမှတ် ၁/၆၀၊ ဦးညွန့်မောင်လမ်း၊ သာဓု ကန်ရွာ၊ ရွှေပြည်သာ၊ ရန်ကုန်အား အထူးကျေးဇူးတင်ပါသည်။



၂၀၁၇ မေ
တွင် ဖတ်ရှုနိုင်ပါပြီ...

**မမသဒ္ဒါမောင်**

အပြုံးကြီး၍ ရွာသည့်မိုး

ကြယ်စင်မှုံးဝေ

အမုန်းမိုးလေး ညို့ ညို့ ညို

မိုးစက်ပွင့်

အသည်းခွဲ နကွတ်

**လှိုင်းကြာဖြူ**

ကျွန်မချစ်မိ အပြစ်ရှိ၏။

www.burmeseclassic.com